


# မြန်မာနိုင်ငံ

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့်ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု
အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း - ၂၀၁၅ ခုနှစ်

## အနှစ်ချုပ်အစီရင်ခံစာ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန


# ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ
# လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု
# အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း

## အနှစ်ချုပ်အစီရင်ခံစာ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းကောက်ယူသည်။

၂၀၁၆ ခုနှစ် နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# ဥယျောဇဉ်

မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်က ILO, UNDP နှင့် UNFPA တို့၏ အကူအညီဖြင့် ကောက်ယူခဲ့ပြီးနောက် ဆက်လက်ကောက်ယူနိုင်ခဲ့ခြင်း မရှိဘဲ နိုင်ငံ၏ လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ခန့်မှန်းတွက်ချက် အသုံးပြုခဲ့ပါသည်။ ထိုသို့ခန့်မှန်းတွက်ချက်အသုံးပြုလာသည်မှာ ၂၅ နှစ်ကျော် ကြာမြင့်လာခဲ့ပြီးဖြစ်ရာ ခန့်မှန်းမှု အချက်အလက်များသည် ခေတ်ကာလ အခြေအနေနှင့် မကိုက်ညီခြင်း၊ အသေးစိတ်အချက် အလက်များနှင့် လက်တွေ့ကျသည့် အချက်အလက်များ မရရှိနိုင်ခြင်းတို့ကြောင့် နိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သားဈေးကွက်ဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် လိုအပ်သော လုပ်သား အင်အားစာရင်းအင်းများရရှိနိုင်ရေး ရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်သားအင်အားစစ်တမ်း တစ်ရပ် ကောက်ယူရန် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ဆွေးနွေး၍ စတင်ကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းတွင်သတ်မှတ်ခဲ့သော စာရင်းကောက်ကွက် ၈၀,၅၅၇ မှ နမူနာစာရင်းကောက်ကွက် ၁,၅၀၀ အတွင်းရှိ အိမ်ထောင်စု ၂၄,၀၀၀ ကိုကောက်ယူခဲ့ပါသည်။ ယခုကဲ့သို့ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ခဲ့ခြင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ မူဝါဒများချမှတ် အကောင်အထည် ဖော်ရာတွင်လည်းကောင်း၊ စီမံကိန်းများချမှတ်ရာတွင်လည်းကောင်း ထိရောက်စွာအသုံးပြု နိုင်မည်ဟုလည်း ကျွန်ုပ်အနေနှင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူရေးလုပ်ငန်းအတွက် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဦးစီးကော်မတီနှင့် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ILO မှ နည်းပညာအကြံပေးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများမှ စာရင်းအင်းပညာရှင် များ၊ ကိုယ်စားလှယ်များပါဝင်သော နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ကိုဖွဲ့စည်း၍ စစ်တမ်း ကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲမှုနှင့် နည်းပညာ

ညွှန်ကြားချက်များဖြင့် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့၏ နည်းပညာနှင့် ငွေကြေးအကူအညီများဖြင့် မြန်မာနိုင်ငံတွင် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်ကသာကောက်ယူနိုင်ခဲ့ပြီး ၂၅ နှစ်ကျော်ကြာမြင့်ပြီးမှ ပြန်လည်ကောက်ယူခဲ့သော လုပ်ငန်း ဖြစ်သည့်အတွက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည် ဝန်ထမ်းများအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပါသည်။ စစ်တမ်းကောက်ယူမှုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက် နိုင်ရန်အတွက် ILO အနေဖြင့် စစ်တမ်းမှာပါဝင်ကြမည့် စီစဉ်သူများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကောက်များ၊ လုပ်သားအင်အား စစ်တမ်းအထူးအဖွဲ့ အဖွဲ့ဝင်များနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များကို ပြည်တွင်း၌ သင်တန်းများ၊ ဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပြီး ပြည်ပနိုင်ငံများသို့လည်း သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားရောက်စေခဲ့ပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အများပြည်သူများ ပူးပေါင်းပါဝင်စေရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော သတင်းစာများ၊ ရုပ်သံလိုင်းများနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ လူစည်ကားသော ဈေးများနှင့် လမ်းဆုံများတွင် ဗီနိုင်းများချိတ်ဆွဲခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းအတွက် နည်းပညာ နှင့် ငွေကြေးအကူအညီပေးခဲ့ပါသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား ကျေးဇူး တင်ရှိပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အဓိကပူးပေါင်းပါဝင်ပေးခဲ့ကြသော ပြည်သူ့ အင်အားဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနတို့အားလည်းကောင်း၊ ဦးစီးကော်မတီတွင် ပါဝင် သော အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများအားလည်းကောင်း၊ စစ်တမ်းကောက်ယူမှုတစ်လျှောက် အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခဲ့ပါသော ILO မှ နည်းပညာအကြံပေးချုပ် Mr. Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့်တို့အားလည်းကောင်း၊ ကြီးကြပ်ရေးမှူးသင်တန်း၊ စာရင်းကောက်သင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် ဆွေးနွေးပွဲများတွင် အားတက် သရော ဆွေးနွေးသင်ပြပေးခဲ့ကြပါသော ILO မှ စာရင်းအင်း ပညာရှင်များအားလည်းကောင်း၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ

အဖွဲ့ဝင်များအားလည်းကောင်း၊ စစ်တမ်းကောက်ယူရာတွင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသော သက်ဆိုင်ရာနယ်မြေဒေသအသီးသီးမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ ပုဂ္ဂလိကသုတေသန အဖွဲ့အစည်းများအားလည်းကောင်း၊ စစ်တမ်းကောက်ယူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါသည်။

ဤစစ်တမ်းများကောက်ယူရာတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အထူးသဖြင့် စစ်တမ်းမေးခွန်းလွှာများကို စိတ်အားထက်သန်စွာနှင့် စိတ်ရှည်စွာဖြေဆိုပြီး ပူးပေါင်းကူညီပေးခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ လုပ်သားပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးဇူးတင်လွှာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ရန် ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ပြီးမြောက်အောင်မြင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းကောက်ယူရာတွင် အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော စာရင်းအင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်းများအားလည်းကောင်း၊ လက်တွေ့ မြေပြင်ကွင်းဆင်း ကောက်ယူခဲ့ကြသော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ လက်တွေ့ကွင်းဆင်း ကောက်ယူရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးပေးခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ လုပ်သား အင်အားစစ်တမ်း အထူးအဖွဲ့ (Labour Force Survey Core Team) တွင် ပါဝင်ကြသော ဗဟိုစာရင်းအင်းအဖွဲ့နှင့် နေပြည်တော်ရုံးချုပ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်း များအားလည်းကောင်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် စာရင်းအင်းနှင့် ပတ်သက်သည့် အစိုးရအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအားလည်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) မှ ယခင် Liaison Officer Mr. Steve Marshall အားလည်းကောင်း၊ Acting Liaison Officer Ms. Piyamal Pichaiwongse အားလည်းကောင်း၊ ILO, Bangkok မှ Regional Economic and Social Analysts Unit ၊ Regional Labour Statistician ဖြစ်သူ Mr.Tite Habiyakare အားလည်းကောင်း၊ စစ်တမ်းဆိုင်ရာ နည်းပညာ အကြံပေးချုပ် (Chief Technical Advisor-CTA) Mr.Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့် တို့အားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း နိဂုံးချုပ်ဖော်ပြအပ်ပါသည်။

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၁။ နောက်ခံသမိုင်းကြောင်း** | ၁ |
| **၂။ အိမ်ထောင်စုပါဝင်ဖွဲ့စည်းမှုနှင့် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ** | ၁-၆ |
| မသန်စွမ်းမှုအခြေအနေ | ၂ |
| နေအိမ်အခြေအနေ | ၃ |
| မြေပိုင်ဆိုင်မှုအခြေအနေ | ၃ |
| စာတတ်မြောက်မှုနှင့် ပညာအရည်အချင်း | ၄-၅ |
| ကျောင်းပြင်ပ သင်တန်းတက်ရောက်မှုအခြေအနေ | ၅ |
| **၃။ လုပ်သားအင်အားစစ်တမ်းမှ တွေ့ရှိချက်များ** | ၇-၃၇ |
| အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပါဝင်မှုနှင့် လုပ်သားအင်အား ပါဝင်မှုအခြေအနေ | ၇-၈ |
| အလုပ်အကိုင်အခြေအနေ | ၈-၁၀ |
| အလုပ်လက်မဲ့နှင့် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုအခြေအနေ | ၁၀-၁၁ |
| လုပ်သားအင်အားပြင်ပ | ၁၂-၁၃ |
| အဓိကအလုပ်၏ သွင်ပြင်လက္ခဏာများ | ၁၃ |
| ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်အကိုင် | ၁၃-၁၄ |
| လုပ်သက်နှင့် အလုပ်အပေါ် ကျေနပ်မှုအခြေအနေ | ၁၄ |
| တစ်ပတ်အလုပ်ချိန်နာရီ | ၁၅ |
| ပျမ်းမျှ တစ်ရက်လုပ်ခနှင့် တစ်လလုပ်ခ | ၁၆-၁၇ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ တစ်လဝင်ငွေ | ၁၇ |
| သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ | ၁၈-၁၉ |
| အလုပ်အကိုင်တည်မြဲမှုအခြေအနေ | ၂၀ |
| လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိမှုအခြေအနေ | ၂၁ |
| အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ် အမျိုးအစား | ၂၂-၂၄ |
| အလုပ်သမားအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သိရှိမှုနှင့် အဖွဲ့ဝင်ဖြစ်မှုအခြေအနေ | ၂၄ |
| လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်မှုအခြေအနေ | ၂၅ |
| ပြည်တွင်းရွှေ့ပြောင်းသွားလာမှုအခြေအနေ | ၂၆-၂၈ |
| နိုင်ငံရပ်ခြားတွင် နေထိုင်နေသူများ | ၃၀-၃၃ |
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၃၃-၃၄ |
| လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုနှင့် ကိုယ်တိုင်စားသုံးရန်အတွက် အလုပ်လုပ်ခြင်း | ၃၅-၃၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၄။ ကလေးလုပ်သားစစ်တမ်းမှတွေ့ရှိချက်များ** | **၃၈-၆၄** |
| ယေဘုယျလူဦးရေနှင့် ကလေးအရေအတွက် | ၃၈-၃၉ |
| အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သောကလေးတို့၏ ကျောင်းတက်ရောက်မှုနှင့် အိမ်မှုကိစ္စဆောင်ရွက်မှု | ၃၉-၄၂ |
| အိမ်မှုကိစ္စများ | ၄၂ |
| အလုပ်လုပ်သောကလေးသူငယ်များ | ၄၅ |
| လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်းများနှင့် အဓိကအလုပ်အကိုင်များ | ၄၅-၄၆ |
| အလုပ်ချိန် | ၄၇-၄၈ |
| လုပ်ခ လစာရရှိမှုနှင့် ပေးချေမှုကာလအပိုင်းအခြား | ၄၈-၄၉ |
| လုပ်ငန်းနေရာနှင့် လုပ်ငန်းပိုင်ဆိုင်မှု | ၅၀ |
| ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် | ၅၁-၅၂ |
| ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ ဝိသေသလက္ခဏာများ | ၅၂-၅၄ |
| ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သားများ | ၅၄-၅၅ |
| ကလေးလုပ်သားနှင့် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ် (MPCE) အဆင့်များ | ၅၅-၅၆ |
| ကလေးလုပ်သားများ၏ အခြေအနေ၊ အလုပ်အကိုင်နှင့် လုပ်ကိုင်နေသည့် အဓိကလုပ်ငန်းကဏ္ဍနှင့် အလုပ်ချိန်နာရီ | ၅၆-၅၉ |
| အခြားသက်ဆိုင်သော ဝိသေသလက္ခဏာများ | ၆၀-၆၂ |
| **၅။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း၏ အဓိကတွေ့ရှိချက်များ** | **၆၅-၇၄** |
| လူငယ်လူဦးရေနှင့် လှုပ်ရှားမှုအခြေအနေ | ၆၅ |
| လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေ | ၆၆ |
| လူငယ်များ၏ ကျောင်းပညာရေးအဆင့် | ၆၇ |
| ရွှေ့ပြောင်းသွားလာခြင်း | ၆၇-၆၈ |
| အလုပ်တွင်ပါဝင်မှုအခြေအနေ | ၆၈-၇၀ |
| အလုပ်မလုပ်၊ ကျောင်းမတက်၊ သင်တန်းတက်ရောက်ခြင်း မရှိသူနှင့် အလုပ်လက်မဲ့ | ၇၀-၇၂ |
| အလုပ်အကူးအပြောင်းအခြေအနေ | ၇၃-၇၄ |
| **၆။ အစီရင်ခံစာတွင် အသုံးပြုထားသော အဓိပ္ပာယ်သတ်မှတ်ချက်များ** | **၇၅-၈၁** |

## ဇယားများ


| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | လူဦးရေဆိုင်ရာအကျဉ်းချုပ် | ၂ |
| ၂ | မသန်စွမ်းလူဦးရေရာခိုင်နှုန်း | ၂ |
| ၃ | အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သည့် အိမ်ထောင်စုဝင်/အမျိုးသမီး အိမ်ထောင်စုဝင်ရှိသည့် အိမ်ထောင်စုများ (ရာခိုင်နှုန်း) | ၄ |
| ၄ | အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ၏ စာတတ်မြောက်မှုနှုန်း | ၄ |
| ၅ | အလုပ်လုပ်ကိုင်နိုင်သောအသက်အပိုင်းအခြားရှိလူဦးရေ၏ ပညာရေးအဆင့် | ၅ |
| ၆ | အသက်အုပ်စုအလိုက် ကျောင်းသင်ပညာရေးစနစ်ပြင်ပတွင် သင်တန်းတက်ရောက်သူများ (ရာခိုင်နှုန်း) | ၅-၆ |
| ၇ | လုပ်သားအင်အားစာရင်းအင်းအကျဉ်းချုပ် | ၇ |
| ၈ | လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်းဆိုင်ရာ အညွှန်းကိန်းများ | ၁၁-၁၂ |
| ၉ | လုပ်သားအင်အားပြင်ပရောက်ရသည့် အကြောင်းအရင်းအလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၃ |
| ၁၀ | ပျမ်းမျှလုပ်ခ | ၁၆ |
| ၁၁ | အဓိကအလုပ်မှ လစဉ်ဝင်ငွေနှုန်းထားအလိုက် လစာရရှိသည့်အလုပ်သမား ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၆ |
| ၁၂ | အဓိကအလုပ်မှ ဝင်ငွေအဆင့်အလိုက် အသက် ၁၅ နှစ်နှင့်အထက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၈ |
| ၁၃ | လွန်ခဲ့သောနှစ်အတွင်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ အဓိကအလုပ်မှ လစဉ်ပျမ်းမျှဝင်ငွေ ရရှိမှုနှင့် အလုပ်လုပ်ခဲ့သောလအရေအတွက် | ၁၈ |
| ၁၄ | အလုပ်အကိုင်ကဏ္ဍနှင့် အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၁၉ |
| ၁၅ | အလုပ်အကိုင်ကဏ္ဍနှင့် အလုပ်အမျိုးအစားအရ အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၁၉-၂၀ |
| ၁၆ | အလုပ်တည်မြဲမှုအခြေအနေ | ၂၀-၂၁ |
| ၁၇ | အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများအနေဖြင့် အဓိကအလုပ်တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိမှု (ရာခိုင်နှုန်း) | ၂၂ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အမျိုးအစားအလိုက် ပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၂၃ |
| ၁၉ | သဘောတူစာချုပ် ချုပ်ဆိုမှုသက်တမ်းအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၏ ပျံ့နှံ့မှုနှုန်း | ၂၃ |
| ၂၀ | စာချုပ်သက်တမ်း အကန့်အသတ်ဖြစ်ရသည့် အကြောင်းအရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၄ |
| ၂၁ | ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၅-၂၆ |
| ၂၂ | မွေးဖွားရာဒေသအလိုက် လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၂၇ |
| ၂၃ | ရည်ညွှန်းကာလအတွင်း အခြားမြို့နယ်မှ ရွှေ့ပြောင်းနေထိုင်သည့် လူဦးရေ (ရာခိုင်နှုန်း) | ၂၈ |
| ၂၄ | နိုင်ငံတွင်း ရွှေ့ပြောင်းသွားလာရခြင်း အကြောင်းအရင်းအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၂၉ |
| ၂၅ | နိုင်ငံခြားတွင် နေထိုင်သူများ၏ အချို့သော ဝိသေသလက္ခဏာများ | ၃၀-၃၁ |
| ၂၆ | နိုင်ငံရပ်ခြားတွင် နေထိုင်သူများရှိသည့် အိမ်ထောင်စုရာခိုင်နှုန်း | ၃၁-၃၂ |
| ၂၇ | နိုင်ငံရပ်ခြားတွင် သွားရောက်နေထိုင်ရခြင်း အကြောင်းအရင်းပျံ့နှံ့မှု ရာခိုင်နှုန်း | ၃၂ |
| ၂၈ | နိုင်ငံအလိုက် နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း | ၃၃ |
| ၂၉ | အိမ်ထောင်စုသုံးစွဲရန် ကုန်ပစ္စည်းထုတ်လုပ်မှုဆောင်ရွက်ချက်များ | ၃၃-၃၄ |
| ၃၀ | အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှကုန်ဆုံးသည့်နာရီ | ၃၄-၃၅ |
| ၃၁ | လုပ်သားအင်အားအခြေအနေအလိုက် လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စုသုံးစွဲရန်အတွက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ဆောင်ရွက်ခဲ့သော ပါဝင်မှုရာခိုင်နှုန်း | ၃၅-၃၆ |
| ၃၂ | လုပ်သားအင်အားအခြေအနေလိုက် လွန်ခဲ့သော ၃၀ ရက်အတွင်း အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှကုန်ဆုံးသည့် နာရီ | ၃၆-၃၇ |
| ၃၃ | ကလေးလုပ်သားစစ်တမ်းမှ အဓိကတွေ့ရှိချက်များ | ၃၈ |
| ၃၄ | အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၃၉ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅ | တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကျောင်းတက်နေသော ကလေးများ၏ ရာခိုင်နှုန်း | ၄၀ |
| ၃၆ | အသက်အုပ်စုအလိုက် အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်နေသော အခြေအနေအလိုက် ကလေးပျံ့နှံ့မှုရာခိုင်နှုန်း | ၄၁ |
| ၃၇ | ကျား၊ မ အလိုက် အိမ်မှုကိစ္စ ဆောင်ရွက်ရသည့် အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၄၃ |
| ၃၈ | ဒေသအလိုက် အလုပ်လုပ်နေသော ကလေး၊ အလုပ်မလုပ်သော ကလေးများ၏ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်း | ၄၃-၄၄ |
| ၃၉ | အသက်အုပ်စုအလိုက် အိမ်မှုကိစ္စဆောင်ရွက်ရသည့် အလုပ်လုပ်နေသော ကလေးများနှင့် အလုပ်မလုပ်သောကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း | ၄၄-၄၅ |
| ၄၀ | ကျား၊ မ နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၆ |
| ၄၁ | မြို့ပြနှင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၇ |
| ၄၂ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှု ရာနိုင်နှုန်း | ၄၈ |
| ၄၃ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်ခရ အလုပ် လုပ်ကိုင်နေသော ကလေးများ၏ လုပ်ခ/လစာရရှိသည့် ကာလအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၉ |
| ၄၄ | အလုပ်လုပ်ကိုင်နေသည့် အလုပ်နေရာအလိုက် ကလေးများပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၅၀ |
| ၄၅ | အလုပ်နေရာ ပိုင်ဆိုင်မှုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၅၁ |
| ၄၆ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးလုပ်သား၊ ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေးနှင့် အလုပ် မလုပ်သော ကလေးများ၏ အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၃ |
| ၄၇ | အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင် နေရသော ကလေးလုပ်သားနှင့် ကလေးလုပ်သားများ၏အရေအတွက် | ၅၄ |
| ၄၈ | အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားအမျိုးမျိုးတွင် ပါဝင်မှု ရာခိုင်နှုန်း | ၅၅ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉ | ငါးကိန်းစုအဆင့်အလိုက် ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း) | ၅၆ |
| ၅၀ | အလုပ်အကိုင်အခြေအနေများတွင် လုပ်ငန်းခွင်အခြေအနေအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၇ |
| ၅၁ | အဓိကလုပ်ငန်းကဏ္ဍများတွင် အလုပ်လုပ်သောကလေးများ၏ အခြေအနေ အလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၇-၅၈ |
| ၅၂ | အဓိကအလုပ်အကိုင် အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသောကလေး များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၈ |
| ၅၃ | မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ | ၅၉ |
| ၅၄ | မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသော ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ | ၅၉-၆၀ |
| ၅၅ | အလုပ်လုပ်နေသော ကလေးများနှင့် ကလေးတစ်ဦးရှိသော အိမ်ထောင်စုများ ၏ အရေအတွက်နှင့် ရာခိုင်နှုန်း | ၆၀ |
| ၅၆ | အကြွေးရှိမှုအခြေအနေအလိုက် အနည်းဆုံးအလုပ်လုပ်သော ကလေးတစ်ဦး ရှိသည့် အိမ်ထောင်စုရာခိုင်နှုန်း | ၆၀ |
| ၅၇ | လက်ရှိ အဓိကအလုပ်၏ အဓိကလုပ်ငန်းကဏ္ဍများတွင် တွေ့ကြုံရသော အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၁-၆၂ |
| ၅၈ | လုပ်ငန်းခွင်အတွင်း ချိုးဖောက်ခံရမှု အမျိုးအစားအလိုက် အလုပ်လုပ်သော ကလေးများ၏ ရာခိုင်နှုန်း | ၆၃ |
| ၅၉ | အဓိကတွေ့ရှိချက်များ | ၆၅ |
| ၆၀ | သက်ဆိုင်ရာနယ်ပယ်များအလိုက် ခန့်မှန်းလူငယ်ဦးရေ | ၆၆ |
| ၆၁ | လက်ရှိ အိမ်ထောင်ရှိသည့် လူငယ်များ၏ ရာခိုင်နှုန်း | ၆၆-၆၇ |
| ၆၂ | လူငယ်များ၏ ပညာရေးအခြေအနေ | ၆၇ |
| ၆၃ | အကြောင်းအရင်းအလိုက် ပြည်တွင်းရွှေ့ပြောင်းသွားလာသူ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၈ |
| ၆၄ | လုပ်သားအင်အားအခြေအနေအလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၉ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၅ | ယေဘုယျ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၉ |
| ၆၆ | အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၀ |
| ၆၇ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်းနှင့် တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ | ၇၀-၇၁ |
| ၆၈ | အလုပ်သမားနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပျမ်းမျှဝင်ငွေ | ၇၁ |
| ၆၉ | အလုပ်မလုပ်၊ ကျောင်းမတက်၊ သင်တန်းမတက်သည့် (NEET) လူငယ်အရေအတွက် | ၇၂ |
| ၇၀ | လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှု အညွှန်းကိန်းများ | ၇၂ |
| ၇၁ | ပညာရေးအဆင့်များတွင် ကူးပြောင်းမှုအဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၃ |
| ၇၂ | ကူးပြောင်းဆဲအဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၄ |

## ပုံများ


| ပုံအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပါဝင်မှုရာခိုင်နှုန်း | ၇ |
| ၂ | ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်တို့၏ လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း | ၈ |
| ၃ | အလုပ်လုပ်ကိုင်နေသူများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ပါဝင်မှုရာခိုင်နှုန်း | ၉ |
| ၄ | အလုပ်လုပ်ကိုင်နေသူများ၏ အဓိကလုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၉ |
| ၅ | အလုပ်လုပ်ကိုင်နေသူများ၏ အဓိကအလုပ်အကိုင်အုပ်စုအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၀ |
| ၆ | ပိုင်ဆိုင်မှုကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၄ |
| ၇ | ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု | ၆၃ |
| ၈ | အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၄ |
| ၉ | လုပ်သားအင်အားအခြေအနေပြပုံ | ၇၇ |

# အနှစ်ချုပ်အစီရင်ခံစာ

## ၁။ နောက်ခံသမိုင်းကြောင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် ကောက်ယူခဲ့ပါသည်။ စစ်တမ်းကို ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းကောက်ကွက်များမှ စာရင်းကောက်ကွက် ၁,၄၆၈ ရှိ အိမ်ထောင်စုပေါင်း ၂၃,၄၂၅ အိမ်ထောင်စုကို ကောက်ယူခဲ့ပါသည်။

စစ်တမ်းကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့နှင့် အခြားလူဦးရေဆိုင်ရာ စီးပွားရေးသွင်ပြင်လက္ခဏာများနှင့်စပ်လျဉ်း၍ အရွယ်အစား၊ ဖွဲ့စည်းတည်ရှိမှုပုံစံ၊ ပျံ့နှံ့မှုနှင့် ဝိသေသလက္ခဏာများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ရယူရန်နှင့် ကလေးလုပ်သားဆိုင်ရာ အချက်အလက်များနှင့် လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းအခြေအနေများကို ကောက်ယူရန် ရည်ရွယ်ပါသည်။ စစ်တမ်းမှရရှိသော ခန့်မှန်းလူဦးရေမှာ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ရာတွင် နည်းပါးနေသည့်အတွက် ကိုက်ညီမှုရှိစေရန် ညှိယူဆောင်ရွက်ခဲ့ပါသည်။

စစ်တမ်း၏ အနှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလက ကျင်းပပြုလုပ်ခဲ့သော ၁၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပညာရှင်များ ညီလာခံက ချက်မှတ်ခဲ့သည့် အလုပ်၊ အလုပ်အကိုင်နှင့် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုဆိုင်ရာ အယူအဆမူဘောင်များကို အခြေခံတွက်ချက်ထားပါသည်။

ဤအနှစ်ချုပ်အစီရင်ခံစာတွင် စစ်တမ်းမှရရှိလာသော အချက်အလက်များကို ဖော်ပြထားပါသည်။

## ၂။ အိမ်ထောင်စုပါဝင်ဖွဲ့စည်းမှုနှင့် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ

ယခု လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် မြန်မာနိုင်ငံ၏ ခန့်မှန်းအိမ်ထောင်စု လူဦးရေမှာ ၄၈ သန်းဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု ၁၀.၉ သန်းတွင် နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၇၂ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး ၂၈ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် နိုင်ငံ၏ လူဦးရေတည်ဆောက်ပုံမှာ ကောင်းမွန်သည်ကို တွေ့ရှိရပြီး အသက် ၁၅-၆၄ နှစ်အသက်အုပ်စုမှာ ၆၄.၉ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ အသက် ၀-၁၄ နှစ်နှင့် အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၏ ရာခိုင်နှုန်းမှာ ၂၉.၂ ရာခိုင်နှုန်းနှင့် ၅.၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၁။ လူဦးရေဆိုင်ရာအကျဉ်းချုပ်**

| အကြောင်းအရာ | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| အိမ်ထောင်စုအရေအတွက် | ၁၀,၈၇၇,၈၄၂ | ၃,၀၄၉,၄၃၂ | ၇,၈၂၈,၄၁၀ |
| လူဦးရေ | ၄၇,၉၃၀,၀၄၆ | ၁၃,၈၃၉,၈၅၄ | ၃၄,၀၉၀,၁၉၂ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၄၁ | ၄.၅၄ | ၄.၃၅ |
| ကျား-မ အချိုး (အမျိုးသမီး ၁၀၀ တွင် ကျားပါ၀င်မှု) | ၈၉ | ၈၆ | ၉၁ |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုရာခိုင်နှုန်း | ၂၁ | ၂၆ | ၁၉ |

## မသန်စွမ်းမှုအခြေအနေ

မြန်မာနိုင်ငံတွင် အသက် ၅ နှစ်နှင့်အထက်လူဦးရေ၏ ၇.၇ ရာခိုင်နှုန်းသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မသန်စွမ်းမှုအခြေအနေများ ရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မသန်စွမ်းမှုရာခိုင်နှုန်းသည် ကျေးလက်နှင့်နှိုင်းယှဉ်ပါက မြို့ပြဒေသများတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မသန်စွမ်းမှုအခြေအနေ ၆ မျိုးအနက် မျက်မှန်တပ်ထားသည့်တိုင် အမြင်အာရုံ အခက်အခဲရှိသည့်ရာခိုင်နှုန်းသည် အမြင့်မားဆုံးဖြစ်ရာ ပြည်ထောင်စုအဆင့်တွင် ၅.၇ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရှိရပြီး အမျိုးသားများတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအမြင့်မားဆုံး မသန်စွမ်းမှုအခြေအနေမှာ လမ်းလျှောက်ရာတွင် သို့မဟုတ် လှေခါးတက်ရာတွင် အခက်အခဲရှိခြင်းဖြစ်ပါသည်။

**ဇယား ၂။ မသန်စွမ်းလူဦးရေရာခိုင်နှုန်း**

| နယ်ပယ် | အမြင်အာရုံ | အကြားအာရုံ | လမ်းလျှောက်ခြင်း၊ လှေကားတက်ခြင်း | မှတ်မိခြင်း/အာရုံစူးစိုက်ခြင်း | မိမိကိုယ်ကိုစောင့်ရှောက်ခြင်း | ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားချက်ဆိုင်ရာ ကျန်းမာရေးကြောင့် ဆက်ဆံရေးခက်ခဲခြင်း | မည်သည့်မသန်စွမ်းမှုတစ်ခုခု |
|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | ၅.၇ | ၂.၀ | ၃.၄ | ၁.၇ | ၁.၃ | ၀.၉ | ၇.၇ |
| မြို့ပြ | ၇.၀ | ၁.၆ | ၃.၅ | ၁.၈ | ၁.၂ | ၁.၀ | ၉.၁ |
| ကျေးလက် | ၅.၁ | ၂.၂ | ၃.၃ | ၁.၆ | ၁.၃ | ၀.၉ | ၇.၂ |
| ကျား | ၅.၀ | ၁.၈ | ၂.၈ | ၁.၄ | ၁.၁ | ၀.၉ | ၆.၉ |
| မ | ၆.၃ | ၂.၂ | ၃.၉ | ၁.၉ | ၁.၄ | ၀.၉ | ၈.၄ |

**နေအိမ်အခြေအနေ**

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ ၉၁ ရာခိုင်နှုန်းသည် ကိုယ်ပိုင်အိမ်များပိုင်ဆိုင်ကြပြီး ကျေးလက်ဒေသများတွင် ၉၆ ရာခိုင်နှုန်းနှင့် မြို့ပြဒေသများတွင် ၇၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အခြားသော အိမ်ပိုင်ဆိုင်မှုအခြေအနေများတွင် မြို့ပြဒေသများ၏ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနှင့် နှိုင်းယှဉ်ပါက မြင့်မားသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသများတွင် အဓိကအားဖြင့် နေအိမ်နံရံများကို ဝါး၊ သစ်သားနှင့် အုတ်များကိုအသုံးပြုကြသည်ကို တွေ့ရှိရပြီး၊ မြို့ပြဒေသများတွင် နေအိမ်နံရံအသုံးပြုမှုအမျိုးအစားသည် ၂၈ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင်မူ ဝါးအသုံးပြုမှုသည် အမြင့်မားဆုံးဖြစ်ပြီး ဒုတိယအနေဖြင့် သစ်သားနှင့် တတိယအနေဖြင့် အုတ်တို့ကို အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသ နှစ်မျိုးစလုံးတွင် သွပ်သည် နေအိမ်အမိုးအတွက် အများဆုံး အသုံးပြုသည့် ပစ္စည်းဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့သော် ကျေးလက်ဒေသများတွင် သက်ကယ်နှင့် သစ်ရွက်များကို နေအိမ်၏အမိုးအဖြစ် အသုံးပြုမှုသည် သုံးပုံတစ်ပုံကျော်ရှိသည်ကို တွေ့ရှိရပါသည်။

**မြေပိုင်ဆိုင်မှုအခြေအနေ**

မြေပိုင်ဆိုင်မှုမရှိသည့် အိမ်ထောင်စုများနှင့် မြေဧက ၀.၂ ဧကနှင့်အောက်သာ ပိုင်ဆိုင်သော အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ ငါးပုံတစ်ပုံကျော်ရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများရှိ အိမ်ထောင်စုထက်ဝက်ခန့်သည် မြေဧက ၀.၂ မှ ၀.၉၉ ဧကသာ ပိုင်ဆိုင်ကြကြောင်း တွေ့ရှိရပါသည်။ ပျမ်းမျှအားဖြင့် ပိုင်ဆိုင်သည့်မြေဧကမှာ ပြည်ထောင်စုအဆင့်တွင် ၂.၇ ဧက ဖြစ်ပြီး မြို့ပြဒေသများတွင် ၁.၀ ဧကနှင့် ကျေးလက်ဒေသများတွင် ၃.၄ ဧက ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် အချို့သော မြို့များမှလွဲ၍ မြို့ပြနှင့် ကျေးလက်အကြား ကွဲပြားမှုမရှိသော်လည်း စိုက်ပျိုးရေးကို အဓိကအားဖြင့် ကျေးလက်ဒေသများတွင် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုကို မြို့ပြဒေသများနှင့် ကျေးလက်ဒေသများတွင်ပါ တွေ့ရှိရမည်ဖြစ်ပါသည်။ မြို့ပြဒေသနေသူများအနေဖြင့် စိုက်ပျိုးမြေများ ပိုမိုပိုင်ဆိုင်ထားသည်ကို တွေ့ရှိရပြီး ပျမ်းမျှစိုက်ပျိုးမြေဧကကို မြို့ပြဒေသများတွင် ၆.၁ ဧက၊ ကျေးလက်ဒေသများတွင် ၆.၄ ဧကရှိကြောင်း တွေ့ရှိရပါသည်။

## စာတတ်မြောက်မှုနှင့် ပညာအရည်အချင်း

စာတတ်မြောက်မှုနှင့် ပညာရေးပြီးဆုံးမှုအခြေအနေသည် လူတစ်ဦး၏ အလုပ်အကိုင် မျှော်လင့်ချက်နှင့် များစွာဆက်စပ်နေပါသည်။ ပြည်ထောင်စုအဆင့်တွင် စာမတတ်သူများ ပါဝင်သည့် အိမ်ထောင်စုမှာ ၂၀ ရာခိုင်နှုန်း ရှိပါသည်။ သို့သော်လည်း မြို့ပြဒေသတွင် ၁၁.၆ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်တွင် ၂၃.၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အမျိုးသမီးများရှိသည့် အိမ်ထောင်စုများတွင် စာတတ်မြောက်မှုမရှိသော အမျိုးသမီးများပါဝင်သည့် အိမ်ထောင်စုရာခိုင်နှုန်းမှာ ၁၈ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရှိရမည်ဖြစ်ပြီး၊ အလားတူပင် အိမ်ထောင်စုအားလုံး၏ စာမတတ်သူပါဝင်မှုကိုလည်း မြို့ပြနှင့်ကျေးလက်ဒေသများတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား ၃။ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သည့် အိမ်ထောင်စုဝင်/အမျိုးသမီး အိမ်ထောင်စုဝင်ရှိသည့် အိမ်ထောင်စုများ (ရာခိုင်နှုန်း)**

| နယ်ပယ် | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| စာမတတ်သည့် အိမ်ထောင်စုဝင်များ(%) | ၁၁.၆ | ၂၃.၄ | ၂၀.၁ |
| စာမတတ်သူ အမျိုးသမီးရှိသည့် အိမ်ထောင်စုများ(%)* | ၁၀.၃ | ၂၁.၀ | ၁၈.၀ |

** ဤအချိုးများ၏ ပိုင်းခြေသည် အနည်းဆုံးအမျိုးသမီး အိမ်ထောင်စုဝင်တစ်ဦးရှိသည့် အိမ်ထောင်စုအားလုံးဖြစ်ပါသည်။*

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်အကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် ပြည်ထောင်စုအဆင့် စာတတ်မြောက်မှုနှုန်းမှာ ၈၉.၆ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ စာတတ်မြောက်မှုနှုန်းသည် အမျိုးသားများထက် အမျိုးသမီးများသည်လည်းကောင်း၊ မြို့ပြဒေသများထက် ကျေးလက်ဒေသများသည်လည်းကောင်း နိမ့်ကျသည်ကို တွေ့ရှိရပါသည်။

**ဇယား ၄။ အလုပ်လုပ်ကိုင်နိုင်သောအသက်အပိုင်းအခြားရှိလူဦးရေ၏ စာတတ်မြောက်မှုနှုန်း**

| နယ်ပယ် | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| **ပြည်ထောင်စု** | ၉၅.၀ | ၈၇.၂ | ၈၉.၆ |
| ကျား | ၉၆.၅ | ၉၀.၅ | ၉၂.၃ |
| မ | ၉၃.၇ | ၈၄.၄ | ၈၇.၃ |

ပြည်ထောင်စု အဆင့်တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသူများ၏ ၆.၅ ရာခိုင်နှုန်းသည် အထက်တန်းအဆင့် ပြီးမြောက်ထားသူများ ဖြစ်ကြောင်းတွေ့ရှိရပြီး၊ မြို့ပြဒေသတွင် ၁၁.၁ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသတွင် ၄.၄ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ အထက်တန်းအဆင့် ပြီးမြောက်သူရာခိုင်နှုန်းတွင် အမျိုးသားများ၏ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အနည်းငယ်မြင့်မားကြောင်းတွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ၏ ၅.၈ ရာခိုင်နှုန်းသည် ဘွဲ့ရနှင့်အထက် ရရှိထားသူများဖြစ်ပြီး မြို့ပြဒေသတွင် ၁၃ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသတွင် ၂.၆ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ပြီးမြောက်သည့် ပညာရေးအဆင့်များသည် မြင့်မားစွာကွဲပြားမှုရှိသော်လည်း အမျိုးသားနှင့် အမျိုးသမီးများအကြားတွင် ခြားနားမှု ကြီးမားစွာမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား ၅။ အလုပ်လုပ်ကိုင်နိုင်သောအသက်အပိုင်းခြားရှိလူဦးရေ၏ ပညာရေးအဆင့်

| နယ်ပယ် | စာမတတ်မြောက်သူ | မူလတန်း အောက် | မူလတန်း | အလယ်တန်း | သက်မွေးပညာ လက်မှတ်ရ | အထက်တန်း | ဘွဲ့ကြိုဒီပလိုမာ | ဘွဲ့ရနှင့် အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၁၂.၂ | ၁၈.၇ | ၃၄.၁ | ၂၁.၄ | ၀.၂ | ၆.၅ | ၁.၁ | ၅.၈ | ၁၀၀.၀ |
| မြို့ပြ | ၅.၉ | ၁၁.၇ | ၂၆.၀ | ၂၉.၆ | ၀.၅ | ၁၁.၁ | ၂.၃ | ၁၃.၀ | ၁၀၀.၀ |
| ကျေးလက် | ၁၅.၀ | ၂၁.၉ | ၃၇.၇ | ၁၇.၇ | ၀.၁ | ၄.၄ | ၀.၅ | ၂.၆ | ၁၀၀.၀ |
| ကျား | ၁၀.၀ | ၁၈.၀ | ၃၄.၅ | ၂၄.၁ | ၀.၃ | ၇.၄ | ၁.၁ | ၄.၆ | ၁၀၀.၀ |
| မ | ၁၄.၁ | ၁၉.၄ | ၃၃.၈ | ၁၉.၁ | ၀.၂ | ၅.၇ | ၁.၀ | ၆.၈ | ၁၀၀.၀ |

## ကျောင်းပြင်ပ သင်တန်းတက်ရောက်မှုအခြေအနေ

ကျောင်းပြင်ပ သင်တန်းတက်ရောက်မှုများသည် လူတစ်ဦး၏ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ လွန်ခဲ့သော တစ်နှစ်အတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတက်ရောက်မှုတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၀.၇ ရာခိုင်နှုန်း တက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက လူတစ်ဦး၏ ဘဝသက်တမ်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတက်ရောက်ခဲ့မှုသည် ၂ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား ၆။ အသက်အုပ်စုအလိုက် ကျောင်းသင်ပညာရေးစနစ်ပြင်ပတွင် သင်တန်းတက်ရောက်သူများ (ရာခိုင်နှုန်း)

| နယ်ပယ် | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | ၃၀-၃၄ | ၃၅-၃၉ | ၄၀-၄၄ | ၄၅+ | အားလုံး (၁၅+) |
|---|---|---|---|---|---|---|---|---|
| **လွန်ခဲ့သောနှစ်အတွင်း** | | | | | | | | |
| **ပြည်ထောင်စု** | ၀.၉ | ၁.၆ | ၁.၁ | ၀.၈ | ၀.၅ | ၀.၄ | ၀.၃ | ၀.၇ |
| ကျား | ၀.၇ | ၁.၃ | ၀.၉ | ၀.၆ | ၀.၅ | ၀.၃ | ၀.၄ | ၀.၆ |
| မ | ၁.၁ | ၁.၉ | ၁.၂ | ၁.၀ | ၀.၆ | ၀.၅ | ၀.၃ | ၀.၈ |
| မြို့ပြ | ၁.၄ | ၃.၅ | ၁.၉ | ၁.၄ | ၁.၀ | ၀.၇ | ၀.၇ | ၁.၄ |
| ကျေးလက် | ၀.၇ | ၀.၈ | ၀.၇ | ၀.၅ | ၀.၃ | ၀.၃ | ၀.၁ | ၀.၄ |

| နယ်ပယ် | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | ၃၀-၃၄ | ၃၅-၃၉ | ၄၀-၄၄ | ၄၅+ | အားလုံး (၁၅+) |
|---|---|---|---|---|---|---|---|---|
| **ဘဝတစ်သက်တာ** | | | | | | | | |
| **ပြည်ထောင်စု** | ၁.၇ | ၃.၁ | ၂.၆ | ၂.၂ | ၁.၈ | ၁.၆ | ၁.၇ | ၂.၀ |
| ကျား | ၁.၅ | ၂.၈ | ၂.၆ | ၁.၈ | ၁.၈ | ၁.၃ | ၂.၀ | ၂.၀ |
| မ | ၂.၀ | ၃.၄ | ၂.၆ | ၂.၆ | ၁.၈ | ၁.၈ | ၁.၅ | ၂.၁ |
| မြို့ပြ | ၂.၄ | ၅.၆ | ၄.၈ | ၄.၁ | ၃.၂ | ၂.၈ | ၃.၀ | ၃.၆ |
| ကျေးလက် | ၁.၄ | ၁.၉ | ၁.၇ | ၁.၄ | ၁.၂ | ၁.၁ | ၁.၁ | ၁.၃ |

## ၃။ လုပ်သားအင်အားစစ်တမ်းမှ တွေ့ရှိချက်များ

ဤအပိုင်းတွင် ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်းမှ တွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။


**ဇယား ၇။ လုပ်သားအင်အားစာရင်းအင်းအကျဉ်းချုပ်**

| နယ်ပယ် | ပြည်ထောင်စု | ကျား | မ |
|---|---|---|---|
| အလုပ်လုပ်ကိုင်နိုင်သည့်အသက်အပိုင်းခြားရှိဦးရေ (၁၅+) | ၃၃,၉၃၄,၆၆၂ | ၁၅,၅၅၃,၈၅၆ | ၁၈,၃၈၀,၈၀၅ |
| လုပ်သားအင်အား | ၂၁,၉၅၉,၇၉၇ | ၁၂,၄၇၄,၄၉၅ | ၉,၄၈၅,၃၀၂ |
| အလုပ်လက်ရှိ | ၂၁,၇၉၁,၃၃၅ | ၁၂,၃၉၁,၃၉၅ | ၉,၃၉၉,၉၄၀ |
| အလုပ်လက်မဲ့ | ၁၆၈,၄၆၂ | ၈၃,၁၀၀ | ၈၅,၃၆၂ |
| လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း | ၆၄.၇ | ၈၀.၂ | ၅၁.၆ |
| အလုပ်လက်မဲ့နှုန်း | ၀.၈ | ၀.၇ | ၀.၉ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု ရာခိုင်နှုန်း (%) | ၆.၉ | ၆.၀ | ၈.၁ |
| လုပ်သားအင်အားပြင်ပရှိဦးရေ (%) | ၃၅.၃ | ၁၉.၈ | ၄၈.၄ |
| ပျမ်းမျှတစ်ပတ်အလုပ်ချိန် (နာရီ) | ၅၁.၅၅ | ၅၂.၇၄ | ၄၉.၉၇ |
| ပျမ်းမျှ တစ်ရက်လုပ်ခ (,၀၀၀ ကျပ်) | ၄.၇၆ | ၅.၃၂ | ၃.၉၉ |
| ပျမ်းမျှ တစ်လ လုပ်ခ (,၀၀၀ ကျပ်) | ၁၃၄.၄၉ | ၁၄၇.၂၀ | ၁၁၉.၀၄ |


### အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပါဝင်မှုနှင့် လုပ်သားအင်အား ပါဝင်မှုအခြေအနေ

၂၀၁၅ ခုနှစ်တွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (အသက် ၁၅ နှစ်နှင့်အထက်) စုစုပေါင်း ၃၃.၉ သန်းရှိသည့်အနက် ၅၄ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြပြီး ၄၆ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက် တွင်နှိုင်းယှဉ်ဖော်ပြမည်ဆိုပါက အလုပ်လုပ်ကိုင်နိုင်သောအသက်အပိုင်းအခြားရှိ လူဦးရေ၏ ၇၁ ရာခိုင်နှုန်းသည် ကျေးလက်တွင်ပါဝင်ပြီး ကျန် ၂၉ ရာခိုင်နှုန်းသည် မြို့ပြတွင်ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ပုံ-၁။ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ ပါဝင်မှုရာခိုင်နှုန်း**




လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် ၆၄.၇ ရာခိုင်နှုန်းဖြစ်သော်လည်းအမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၈၀ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ ၅၂ ရာခိုင်နှုန်းသာရှိကြောင်းတွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်အကြားတွင် ကျေးလက်ဒေသများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၆၇ ရာခိုင်နှုန်းဖြစ်ပြီး မြို့ပြဒေသများတွင် ၆၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်ဒေသများ၏အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပါဝင်မှုသည် မြို့ပြ၊ ကျေးလက်ဒေသများ၏ လူဦးရေတည်ဆောက်ပုံနှင့် အနီးစပ်ဆုံးတူညီသည်ကို တွေ့ရှိရပါသည်။ သိသိသာသာတွေ့မြင်ရသည်မှာ မိန်းကလေးများသည် အရေအတွက်အားဖြင့် မြင့်မားသော်လည်း မိန်းကလေးများ၏ ပါဝင်မှုသည် ယောကျ်ားလေးများထက် နည်းပါးသည်ကို တွေ့ရှိရပါသည်။




## အလုပ်အကိုင်အခြေအနေ


အလုပ်လက်ရှိအရေအတွက် စုစုပေါင်း ၂၁.၈ သန်းတွင် အမျိုးသမီး ၄၃.၁ ရာခိုင်နှုန်းသာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ စုစုပေါင်းအလုပ်လုပ်ကိုင်နေသူများ၏ ၃၈.၅ ရာခိုင်နှုန်းသည် အလုပ်သမားများဖြစ်ပြီး၊ ၃.၈ ရာခိုင်နှုန်းမှာ အလုပ်ရှင်၊ ၄၅.၉ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်သူများနှင့် ၁၁.၈ ရာခိုင်နှုန်းမှာ အခကြေးငွေမရ မိသားစုလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပုံ-၃။ အလုပ်လုပ်ကိုင်နေသူများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ပါဝင်မှုရာခိုင်နှုန်း





အဓိကအလုပ်နှင့်စပ်လျဉ်း၍ ၅၄.၂ ရာခိုင်နှုန်းသော အလုပ်လုပ်ကိုင်နေသူများသည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေပြီး၊ လက်လီ၊ လက်ကား ရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း လုပ်ငန်းကဏ္ဍတွင် ၁၃.၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ၁၀.၆ ရာခိုင်နှုန်းနှင့် ပို့ဆောင်ရေးနှင့် သိုလှောင်ရေး လုပ်ငန်းကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှုကဏ္ဍများတွင် ၄ ရာခိုင်နှုန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများတွင် ၃.၄ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျန်အခြား ကဏ္ဍများတွင် ၃ ရာခိုင်နှုန်းထက်နည်းပါးကြောင်း တွေ့ရှိရပါသည်။

ပုံ-၄။ အလုပ်လုပ်ကိုင်နေသူများ၏ အဓိကလုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း



မြန်မာနိုင်ငံတွင် အဓိကအလုပ်အကိုင်များမှာ ကျွမ်းကျင် လယ်ယာ၊ သစ်တောနှင့် ရေလုပ်သားများ (၄၂.၇ ရာခိုင်နှုန်း) ၊ အထွေထွေလုပ်သားများ (၁၇.၈ ရာခိုင်နှုန်း)၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ (၁၆ ရာခိုင်နှုန်း) ၊ လက်မှုနှင့် ဆက်စပ်ကုန်သွယ်ရေးလုပ်သားများ (၁၁.၉ ရာခိုင်နှုန်း) တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ပုံ-၅။ အလုပ်လုပ်ကိုင်နေသူများ၏ အဓိကအလုပ်အကိုင်အုပ်စုအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**




စစ်တမ်း၏တွေ့ရှိချက်များအရ အလုပ်လုပ်ကိုင်နေသူများ၏ ထက်ဝက်ခန့်သည် လယ်ယာ၊ စိုက်ပျိုးရေးနေရာများ၊ မြစ်၊ ချောင်းများ သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ အခြားသော အလုပ်လုပ်ကိုင်နေသူများ၏ ၁၁.၆ ရာခိုင်နှုန်းသည် ပိုင်ရှင်/အလုပ်ရှင်များ၏ အိမ်ထောင်စုများတွင် လုပ်ကိုင်နေကြပြီး ၁၂.၈ ရာခိုင်နှုန်းမှာ နေရာအတည်တကျရှိသည့် အဆောက်အဦတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

## အလုပ်လက်မဲ့နှင့် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုအခြေအနေ

စုစုပေါင်း အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၀.၈ ရာခိုင်နှုန်းဖြစ်ပြီး ကျား-၀.၇ ရာခိုင်နှုန်းနှင့် မ-၀.၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လက်မဲ့၊ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားတို့ပါဝင်သော စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ

အသုံးမချနိုင်မှု ရာခိုင်နှုန်းမှာ ၆.၉ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် အမျိုးသားများ၏ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုဆိုသည်မှာ လူဦးရေတွင် အလုပ်အကိုင်လိုအပ်ချက်၏ မကိုက်ညီမှုကိုဖြစ်စေသော လုပ်သားဖြည့်ဆည်းပေးနိုင်မှုနှင့် လုပ်သားလိုအပ်ချက်အကြား မကိုက်ညီမှုကို ဆိုလိုပါသည်။ နိုင်ငံတွင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်မရှိခြင်းနှင့် အသက်ရှင်နေထိုင်နိုင်ရေး အလုပ်အကိုင်ရွေးချယ်ခွင့်မရှိခြင်းတို့ကြောင့် နိုင်ငံ၏အလုပ်လက်မဲ့နှုန်းမှာ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းကို နိုင်ငံ၏ မူဝါဒများချမှတ်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**ဇယား ၈။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်းဆိုင်ရာ အညွှန်းကိန်းများ**

| နယ်ပယ် | လူဦးရေ | | | |
|---|---|---|---|---|
| | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2- အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ နှစ်ရပ်ပေါင်း | အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော် လည်းဖြစ်နိုင်ချေရှိသည့်လုပ်သားအင်အား (LU3: အလုပ်လက်မဲ့ နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော်လည်း ဖြစ်နိုင်ချေရှိသောလုပ်သားအင်အား (LU4: လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်ခြင်းကို တိုင်းတာမှု) |
| ပြည်ထောင်စု | ၀.၈ | ၆.၁ | ၁.၇ | ၆.၉ |
| ကျား၊ မ | | | | |
| ကျား | ၀.၇ | ၅.၆ | ၁.၂ | ၆.၀ |
| မ | ၀.၉ | ၆.၇ | ၂.၄ | ၈.၁ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁.၄ | ၆.၀ | ၂.၅ | ၇.၁ |
| ကျေးလက် | ၀.၅ | ၆.၁ | ၁.၄ | ၆.၉ |
| အသက်အုပ်စု (နှစ်) | | | | |
| ၁၅-၁၉ | ၁.၆ | ၈.၆ | ၃.၂ | ၁၀.၁ |
| ၂၀-၂၄ | ၁.၆ | ၇.၇ | ၃.၃ | ၉.၃ |
| ၂၅-၂၉ | ၁.၂ | ၇.၁ | ၂.၂ | ၈.၀ |
| ၃၀-၃၄ | ၀.၈ | ၆.၂ | ၁.၆ | ၆.၉ |

| နယ်ပယ် | လူဦးရေ | | | |
|---|---|---|---|---|
| | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2- အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ နှစ်ရပ်ပေါင်း | အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော်လည်းဖြစ်နိုင်ချေရှိသည့်လုပ်သားအင်အား (LU3: အလုပ်လက်မဲ့ နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော်လည်း ဖြစ်နိုင်ချေရှိသောလုပ်သားအင်အား (LU4: လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်ခြင်းကို တိုင်းတာမှု) |
| ၃၅-၃၉ | ၀.၄ | ၅.၇ | ၁.၂ | ၆.၅ |
| ၄၀-၄၄ | ၀.၂ | ၅.၀ | ၀.၉ | ၅.၆ |
| ၄၅-၄၉ | ၀.၃ | ၅.၇ | ၀.၈ | ၆.၁ |
| ၅၀-၅၄ | ၀.၂ | ၄.၂ | ၀.၇ | ၄.၇ |
| ၅၅-၅၉ | ၀.၄ | ၃.၉ | ၁.၁ | ၄.၆ |
| ၆၀-၆၄ | ၀.၆ | ၄.၁ | ၁.၃ | ၄.၈ |
| ၆၅+ | ၀.၂ | ၂.၃ | ၀.၇ | ၂.၈ |

## လုပ်သားအင်အားပြင်ပ

မြို့ပြနှင့်ကျေးလက်တွင်ရှိသော လုပ်သားအင်အားတွင်မပါဝင်သောသူများ၏ လူဦးရေ တစ်ဝက်ခန့်သည် အိမ်မှုကိစ္စ (သို့) မိသားစုတာဝန်များအား ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်ကို ဇယား ၉ တွင် တွေ့ရှိနိုင်ပါသည်။ မြို့ပြနှင့် နှိုင်းယှဉ်ပါက ကျေးလက်တွင် နေထိုင်သူများမှာ အိမ်မှုကိစ္စ (သို့မဟုတ်) မိသားစုတာဝန်များကို လုပ်ကိုင်သူများ၏ ရာခိုင်နှုန်းသည် အနည်းငယ်ပိုများကြောင်း တွေ့ရပါသည်။ လုပ်သားအင်အားတွင်မပါဝင်ရသော အခြားအကြောင်းအရင်းမှာ အငြိမ်းစား (သို့မဟုတ်) အလုပ်လုပ်ရန် အသက်အရွယ်ကြီးလွန်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသော လူဦးရေ၏ ငါးပုံတစ်ပုံခန့်သည် အသက်အရွယ်ကြီးသူများ ဖြစ်ပါသည်။ လုပ်သားအင်အားတွင် မပါဝင်ရခြင်း၏ အကြောင်းအရင်းများသည် မြို့ပြနှင့် ကျေးလက်တွင် နီးစပ်သော်လည်း ကျား၊ မ တွင်မူ သိသာထင်ရှားစွာ ကွဲပြားနေသည်ကို တွေ့ရှိရပါသည်။ အိမ်မှုကိစ္စ (သို့) မိသားစုတာဝန်များ ဆောင်ရွက်ခြင်းတွင် အမျိုးသမီးများ၏ ၆၄ ရာခိုင်နှုန်းခန့်ရှိပြီး အမျိုးသားများ၏ ၁၄ ရာခိုင်နှုန်းသာရှိသည်

ကိုတွေ့ရှိရပါသည်။ အိမ်မှုကိစ္စမှတစ်ပါး အခြားအကြောင်းရင်းများတွင် အမျိုးသမီးရာခိုင်နှုန်းထက် အမျိုးသားရာခိုင်နှုန်းက ပိုမိုမြင့်မားသည်ကိုတွေ့ရှိရပါသည်။

**ဇယား ၉။ လုပ်သားအင်အားပြင်ပရောက်ရသည့် အကြောင်းအရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**

| လုပ်သားအင်အားတွင် မပါဝင်သည့် အကြောင်းရင်းများ | မြို့ပြ | ကျေးလက် | ကျား | မ | ပြည်ထောင်စု |
|---|---|---|---|---|---|
| လုပ်သားအင်အားတွင်မပါဝင်သူဦးရေ (%) | ၃၉.၈ | ၃၃.၃ | ၁၉.၈ | ၄၈.၄ | ၃၅.၃ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| ကျောင်း/သင်တန်းတက်ရောက် | ၁၈.၄ | ၁၃.၄ | ၂၇.၄ | ၁၀.၉ | ၁၅.၁ |
| အိမ်မှုကိစ္စ/အိမ်ထောင်တာဝန် | ၄၉.၆ | ၅၁.၉ | ၁၃.၉ | ၆၃.၉ | ၅၁.၁ |
| နာမကျန်း၊ထိခိုက်ဒဏ်ရာရ၊ မသန်စွမ်း | ၇.၄ | ၈.၄ | ၁၅.၂ | ၅.၆ | ၈.၀ |
| အငြိမ်းစား၊ အသက်ကြီးရင့် | ၂၀.၀ | ၁၉.၈ | ၃၀.၂ | ၁၆.၃ | ၁၉.၉ |
| ရာသီချိန်ပြင်ပ | ၀.၆ | ၃.၆ | ၅.၃ | ၁.၆ | ၂.၅ |
| လက်မခံနိုင်သည့် လုပ်ငန်းခွင် အခြေအနေ | ၂.၈ | ၁.၇ | ၅.၃ | ၁.၀ | ၂.၁ |
| မိသားစုစားဝတ်နေရေးအတွက် လယ်ယာ/ငါးဖမ်းလုပ်ငန်းများတွင်ရှိနေခြင်း | ၀.၁ | ၀.၈ | ၁.၄ | ၀.၃ | ၀.၆ |
| အခြား | ၁.၂ | ၀.၄ | ၁.၃ | ၀.၅ | ၀.၇ |

## အဓိကအလုပ်၏ သွင်ပြင်လက္ခဏာများ


အလုပ်လုပ်ကိုင်နေသော လူဦးရေ၏ ၅၆ ရာခိုင်နှုန်းသည် အခြေခံ (သို့) အခြေခံအဆင့်အောက် ပညာရေးအဆင့်သာရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေ၏ ၇၇ ရာခိုင်နှုန်းသည် အထက်တန်းအဆင့်အောက်ဖြစ်ပြီး ၁၃ ရာခိုင်နှုန်းသာလျှင် အထက်တန်းနှင့် အထက်ပညာရေးအဆင့် ရှိသည်ကို တွေ့ရှိရပါသည်။ ဘွဲ့၊ ဒီဂရီနှင့်အထက် ပညာရေးအဆင့်ရှိ အလုပ်လုပ်ကိုင်သူဦးရေသည် ဝန်ဆောင်မှုကဏ္ဍတွင် အများဆုံးဖြစ်ပြီး ဘွဲ့၊ ဒီဂရီနှင့်အထက် ပညာရေးအဆင့်ရှိ အလုပ်လုပ်ကိုင်သူဦးရေကို ကျား၊ မ အလိုက် နှိုင်းယှဉ်ပါက အမျိုးသားဦးရေ များပြားပြီး ကျေးလက်၊ မြို့ပြ နှိုင်းယှဉ်ရာတွင် မြို့ပြဒေသတွင် များပြားကြောင်းကိုတွေ့ရှိရပါသည်။

## ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်အကိုင်

နိုင်ငံခြားသားပိုင်ဆိုင်သည့် လုပ်ငန်းများအပါအဝင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော လူဦးရေမှာ ၉၀.၆ ရာခိုင်နှုန်း၊ အစိုးရ (သို့မဟုတ်) ဖက်စပ်လုပ်ငန်းများတွင် ၇.၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကအိမ်ထောင်စုများတွင် အိမ်အကူ/အိမ်ဖော်အဖြစ် ၀.၃ ရာခိုင်နှုန်းသာ လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်လျက်ရှိသူများ

၏ ၆၁ ရာခိုင်နှုန်းကျော်သည် အလုပ်သမား ၅ ဦးအောက်ရှိသော လုပ်ငန်း/အလုပ်ဌာနများတွင် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ-၆။ ပိုင်ဆိုင်မှုကဏ္ဍအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း




## လုပ်သက်နှင့် အလုပ်အပေါ် ကျေနပ်မှုအခြေအနေ

လုပ်သက်နှင့်စပ်လျဉ်း၍ စစ်တမ်းတွင် ၎င်းတို့၏ ပထမဆုံး အလုပ်လုပ်စဉ်ကတည်းက ကုန်ဆုံးခဲ့သော အချိန်ကာလ စုစုပေါင်းကို ရေတွက်နိုင်ခြင်းမရှိပါ။ အလုပ်လုပ်ကိုင်နေသူ၏ ၄၅.၂ ရာခိုင်နှုန်းသည် လုပ်ငန်းတစ်ခုတည်းအား ၁၀ နှစ်နှင့်အထက် လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ ပျမ်းမျှတစ်နှစ်အတွင်းရှိနေခြင်းကို ကောက်ချက်ချမည်ဆိုပါက ၎င်းတို့အနေဖြင့် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ရန် အခွင့်အရေးနည်းပါးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

စစ်တမ်းအရ အလုပ်လုပ်ကိုင်နေသူ ထက်ဝက်ခန့်သည် ၎င်းတို့၏ လက်ရှိ အဓိကအလုပ်အပေါ် အလွန်ကျေနပ်သည်ကို တွေ့ရှိရပါသည်။ အလုပ်အပေါ် ကျေနပ်မှုအဆင့်သည် ကျား၊ မ အကြားတူညီလုနီးပါးရှိပြီး မြို့ပြနေထိုင်သူများသည် ကျေးလက်နေထိုင်သူများထက် အလုပ်အပေါ် ပိုမိုကျေနပ်မှုရှိသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများတွင် အလုပ်ရှင်များသည် ၎င်းတို့၏အလုပ်အပေါ် ပိုမိုစိတ်ကျေနပ်မှုရှိသည်ကိုတွေ့ရှိရပြီး အခကြေးငွေမရသော မိသားစုလုပ်သားများမှာမူ ၎င်းတို့အလုပ်အပေါ် ကျေနပ်မှုမရှိသည်ကို တွေ့ရှိရပါသည်။

## တစ်ပတ်အလုပ်ချိန်နာရီ

အလုပ်လုပ်သူတစ်ဦးသည် တစ်ပတ်လျှင် ပျမ်းမျှ ၅၁.၆ နာရီလုပ်ကိုင်လျက်ရှိပါသည်။ အမျိုးသားအလုပ်လုပ်သူများအနေဖြင့် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်ထက် အနည်းငယ်ပိုသော ၅၂.၇ နာရီခန့် လုပ်ကိုင်နေသည်ကိုတွေ့ရှိရပြီး အမျိုးသမီးများအနေဖြင့် ပျမ်းမျှ ၅၀ နာရီ လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများတွင်မူ ပျမ်းမျှအလုပ်ချိန်နာရီသည် အနည်းနှင့်အများတူညီသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်နေသူများ၏ ၁ ရာခိုင်နှုန်းသာ ၎င်းတို့၏အဓိကအလုပ်တွင် ၉ နာရီ (သို့) ယင်းထက် လျော့နည်းလုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နေသူများ၏ ၁၉ ရာခိုင်နှုန်းခန့်သည် အဓိကအလုပ်အတွက် တစ်ပတ်ပျမ်းမျှအလုပ်ချိန် ၄၀ နာရီထက် လျော့နည်း လုပ်ကိုင်နေကြပြီး ၅၀ ရာခိုင်နှုန်းကျော်သော အလုပ်လုပ်သူများသည် အဓိကအလုပ်အတွက် တစ်ပတ်ပျမ်းမျှအလုပ်ချိန် အနည်းဆုံး ၅၀ နာရီထက် ကျော်လွန်လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

အလုပ်အကိုင်အမျိုးအစားအလိုက် ကြည့်မည်ဆိုပါက စစ်မှုထမ်းအလုပ်အကိုင်[၁]များတွင် လုပ်ကိုင်နေသူများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ၅၆.၁၆ နာရီဖြင့် အမြင့်မားဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဒုတိယတစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ အများဆုံးသည် ဝန်ဆောင်မှု နှင့် ရောင်းဝယ်ရေးဖြစ်ပြီး နာရီအားဖြင့် ၅၄.၀၆ နာရီ ဖြစ်ပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန် နာရီအနည်းဆုံးမှာ ၃၉.၄၉ နာရီဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များ ဖြစ်ကြပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၄၀ ထက်လျော့နည်းလုပ်ကိုင်နေသည့် အလုပ်သမားများသည် ၁၉ ရာခိုင်နှုန်းခန့် ဖြင့် အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နေသူများ၏ ၂၆ ရာခိုင်နှုန်းခန့်သည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၆၀ နှင့်အထက် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ "အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း" နှင့် "ပညာရေး" တို့မှအပ အခြားလုပ်ငန်းကဏ္ဍများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၃၉ နာရီ ထက် ပိုမိုလုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ အများစုသည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၆၀ ထက် ပိုမိုလုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။ "အိမ်အကူနှင့် အခြားအိမ်မှုကိစ္စဆိုင်ရာ လုပ်ငန်း" တွင် လုပ်ကိုင်နေသူ ၄၄ ရာခိုင်နှုန်းခန့်သည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၆၀ နှင့် အထက် လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ ဤလုပ်ငန်းကဏ္ဍသည် အိမ်အကူ၊ အိမ်ဖော် လုပ်သားကဲ့သို့သောလုပ်သားများကို ဆိုလိုပါသည်။

[၁] စစ်မှုထမ်းအလုပ်အကိုင်များ၏ နမူနာလူဦးရေမှာ ၅၉ ဦးသာ ဖြစ်ပါသည်။

## ပျမ်းမျှ တစ်ရက်လုပ်ခနှင့် တစ်လလုပ်ခ

လုပ်ခလစာရ အလုပ်သမားအားလုံးကို ကြည့်မည်ဆိုပါက ပျမ်းမျှတစ်ရက်လုပ်ခနှုန်းမှာ ၄,၇၆၀ ကျပ်ဖြစ်ကြောင်းတွေ့ရှိရပြီး နေ့စားအလုပ်သမားများကိုသာ ကြည့်မည်ဆိုပါက ၄,၂၈၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လုပ်ခနှုန်းတွင် မြို့ပြဒေသသည် ကျေးလက်ဒေသ ထက်မြင့်မားသည်ကို တွေ့ရှိရသကဲ့သို့ အမျိုးသားများ၏ လုပ်ခနှုန်းထားသည် အမျိုးသမီးများ ထက်မြင့်မားကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအရ ကြည့်မည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍ သည် လုပ်ခနှုန်းအမြင့်မားဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ တစ်လ လုပ်ခ/လစာနှုန်းထားများ မှာ တစ်ရက်လုပ်ခနှုန်းထား၏ သဘောသဘာဝအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား ၁၀။ ပျမ်းမျှလုပ်ခ**

| နယ်ပယ် | လုပ်ခရရှိမှု | ပျမ်းမျှလုပ်ခ (,၀၀၀ ကျပ်) | | | | | ခန့်မှန်း အလုပ်လုပ်သူဦးရေ (သန်း) |
|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ကျား | မ | ပေါင်း | |
| နေ့စား | တစ်ရက် | ၅.၉၅ | ၃.၈၇ | ၄.၉၀ | ၃.၃၄ | ၄.၂၈ | ၄.၃၇ |
| လစား | တစ်လ | ၁၄၇.၅၉ | ၁၁၇.၁၁ | ၁၄၇.၂၀ | ၁၁၉.၀၄ | ၁၃၄.၄၉ | ၃.၂၆ |
| အလုပ်သမားအားလုံး | တစ်ရက်* (ပြောင်းလဲတွက်) | ၅.၉၈ | ၄.၁၁ | ၅.၃၂ | ၃.၉၉ | ၄.၇၆ | ၈.၁၆ |

*လုပ်ခရရှိမှုအပိုင်းအခြားအားလုံးကို တစ်ရက်အဖြစ်ပြောင်းလဲတွက်ချက်ပါသည်။*

လစားလုပ်သားများ၏ ၂၂ ရာခိုင်နှုန်းသည် တစ်လလျှင် ၁၆၀,၀၀၀ ကျပ်နှင့်အထက် ရရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါရရှိမှုနှင့်စပ်လျဉ်း၍ အမျိုးသမီးများမှာ ၁၃.၄ ရာခိုင်နှုန်းသာ ပါဝင်ပြီး ကျေးလက်ဒေသများတွင် ၁၅.၅ ရာခိုင်နှုန်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၁၁။ အဓိကအလုပ်မှ လစဉ်ဝင်ငွေနှုန်းထားအလိုက် လစာရရှိသည့် အလုပ်သမားပျံ့နှံ့မှု ရာခိုင်နှုန်း**

| နယ်ပယ် | တစ်လ လုပ်ခ/လစာ (၀၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | < ၈၀.၀၀ | ၈၀.၀၀-၁၀၉.၀၀ | ၁၁၀.၀၀-၁၂၆.၀၀ | ၁၂၇.၀၀-၁၅၉.၀၀ | ၁၆၀.၀၀+ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၈.၉ | ၂၀.၃ | ၂၀.၁ | ၁၉.၀ | ၂၁.၇ | ၁၀၀.၀ |
| ကျား၊ မ | | | | | | |
| ကျား | ၁၆.၁ | ၁၉.၁ | ၁၆.၃ | ၁၉.၉ | ၂၈.၆ | ၁၀၀.၀ |
| မ | ၂၂.၂ | ၂၁.၈ | ၂၄.၆ | ၁၈.၀ | ၁၃.၄ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၁၃.၅ | ၁၉.၃ | ၁၉.၇ | ၂၁.၀ | ၂၆.၆ | ၁၀၀.၀ |
| ကျေးလက် | ၂၅.၉ | ၂၁.၆ | ၂၀.၅ | ၁၆.၆ | ၁၅.၅ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | |
| လယ်ယာ | ၄၀.၀ | ၂၃.၄ | ၁၁.၄ | ၉.၂ | ၁၅.၉ | ၁၀၀.၀ |
| စက်မှု | ၁၂.၀ | ၂၆.၄ | ၁၈.၅ | ၂၁.၅ | ၂၁.၆ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၁၇.၅ | ၁၆.၈ | ၂၂.၇ | ၂၀.၀ | ၂၃.၁ | ၁၀၀.၀ |

နိုင်ငံအဆင့်တွင် ပျမ်းမျှလစဉ် ဝင်ငွေမှာ ၁၂၄,၁၀၀ ကျပ်ဖြစ်ပြီး အဆိုပါဝင်ငွေအနက် ၁၀၉,၇၀၀ ကျပ်မှာ အခြေခံလစာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုံသေရှားပါးစရိတ် ၆,၆၀၀ ကျပ်၊ ဆုကြေး ၅,၂၀၀ ကျပ်နှင့် အချိန်ပိုကြေး ၄,၁၀၀ ကျပ်တို့ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ "အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း" ကဏ္ဍနှင့် "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်း" ကဏ္ဍတို့တွင် အချိန်ပိုကြေးမှာ မြင့်မား ကြောင်းတွေ့ရှိရပါသည်။ ဆုကြေးရရှိသူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူများဖြစ်ပြီး လစဉ်လုပ်ခ/လစာရသူများသည် အစိုးရပိုင်လုပ်ငန်းများတွင် လုပ်ကိုင် နေသူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ပုံမှန်ထောက်ပံ့ငွေရရှိမှုသည် ပညာရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် ကာကွယ်ရေးလုပ်ငန်းကဏ္ဍတို့တွင် မြင့်မားကြောင်း တွေ့ရှိရပါသည်။

အလုပ်ရှင်မှ ထောက်ပံ့ပေးမှုတွင် အစားအသောက်ထောက်ပံ့ခြင်း၊ နေရာထိုင်ခင်း ထောက်ပံ့ခြင်း၊ အဝတ်အစားနှင့် ပို့ဆောင်ရေးဆိုင်ရာ ထောက်ပံ့ခြင်းများတွင် အစားအသောက် ထောက်ပံ့ပေးခြင်းသည် အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။

အလုပ်ရှင်မှ စုစုပေါင်း ထောက်ပံ့ပေးမှု၏ ပျမ်းမျှတန်ဖိုးမှာ ၃၆,၁၂၀ ကျပ်[၂] ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမြင့်ဆုံးသာ "သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ" တွင် ၁၉၀,၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးမှာ "ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး၊ ပြုပြင် လုပ်ဆောင်မှုများတွင်" ၂၃,၃၀၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ တစ်လဝင်ငွေ**

ကိုယ်ပိုင်လုပ်ငန်းများ/ အလုပ်ရှင်များ/ သမဝါယမအဖွဲ့ဝင်များ၏ ၂၀ ရာခိုင်နှုန်းသည် လစဉ်ဝင်ငွေ ၁၇၈,၀၀၀ ကျပ်ရှိကြောင်း တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်းလည်ပတ်သည့် လအရေအတွက်မှာ ၁၀.၁ လဖြစ်ကြောင်းတွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မြို့ပြသည် ကျေးလက်နှင့်နှိုင်းယှဉ်ပါက စီးပွားရေး လုပ်ငန်းလည်ပတ်သည့် လအရေအတွက် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍ အရ ကြည့်မည်ဆိုပါက ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သည့်လသည် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

[၂] မည်သည့်ထောက်ပံ့ပေးမှုကိုမဆိုရရှိသော အလုပ်သမားများအတွက် ပျမ်းမျှတွက်ချက်ထားခြင်း ဖြစ်ပါသည်။ အလုပ်သမားအားလုံးကို မဆိုလိုပါ ။

ဇယား ၁၂။ အဓိကအလုပ်မှ ဝင်ငွေအဆင့်အလိုက် အသက် ၁၅ နှစ်နှင့်အထက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | လစဉ်ဝင်ငွေ (၀၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | <၅၁.၅၀ | ၅၁.၅၀-၈၃.၃၂ | ၈၃.၃၃-၁၂၄.၉၉ | ၁၂၅.၀၀-၁၇၇.၉၉ | ၁၇၈.၀၀+ | စုစုပေါင်း |
| ပြည်ထောင်စု | ၂၀.၀ | ၂၀.၀ | ၁၉.၂ | ၂၀.၅ | ၂၀.၄ | ၁၀၀.၀ |
| ကျား၊မ | | | | | | |
| ကျား | ၁၇.၇ | ၁၈.၅ | ၁၈.၇ | ၂၁.၇ | ၂၃.၄ | ၁၀၀.၀ |
| မ | ၂၄.၈ | ၂၃.၃ | ၂၀.၄ | ၁၇.၇ | ၁၃.၈ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၁၈.၉ | ၁၇.၉ | ၁၉.၇ | ၂၁.၁ | ၂၂.၄ | ၁၀၀.၀ |
| ကျေးလက် | ၂၀.၄ | ၂၀.၈ | ၁၉.၀ | ၂၀.၂ | ၁၉.၅ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | |
| လယ်ယာ | ၁၉.၀ | ၁၉.၄ | ၁၈.၂ | ၂၁.၀ | ၂၂.၄ | ၁၀၀.၀ |
| စက်မှု | ၁၉.၅ | ၁၉.၇ | ၁၇.၃ | ၂၁.၄ | ၂၂.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၂၁.၅ | ၂၀.၈ | ၂၁.၃ | ၁၉.၄ | ၁၆.၉ | ၁၀၀.၀ |

ဇယား ၁၃။ လွန်ခဲ့သောနှစ်အတွင်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ အဓိကအလုပ်မှ လစဉ်ပျမ်းမျှဝင်ငွေရရှိမှုနှင့် အလုပ်လုပ်ခဲ့သော လအရေအတွက်

| နယ်ပယ် | ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးမှ ပျမ်းမျှလစဉ်ဝင်ငွေ (၀၀၀ ကျပ်) | လွန်ခဲ့သောနှစ်အတွင်း အလုပ်လုပ်သော ပျမ်းမျှလအရေအတွက် |
|---|---|---|
| ပြည်ထောင်စု | ၁၂၉.၄၁ | ၁၀.၀၆ |
| ကျား၊ မ | | |
| ကျား | ၁၃၇.၅၇ | ၉.၈၅ |
| မ | ၁၁၁.၇၂ | ၁၀.၅၂ |
| မြို့ပြ၊ ကျေးလက် | | |
| မြို့ပြ | ၁၃၅.၁၉ | ၁၁.၂၃ |
| ကျေးလက် | ၁၂၇.၀၇ | ၉.၅၉ |
| လုပ်ငန်းကဏ္ဍ | | |
| လယ်ယာ | ၁၃၃.၂၇ | ၉.၀၅ |
| စက်မှု | ၁၃၂.၈၅ | ၁၀.၇၉ |
| ဝန်ဆောင်မှု | ၁၂၂.၈၄ | ၁၁.၂၅ |

## သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ

သမရိုးကျကဏ္ဍတွင် အမျိုးသမီးများ ပိုမိုလုပ်ကိုင်နေကြသည်ကိုတွေ့ရှိရပြီး သမရိုးကျမဟုတ်သောကဏ္ဍတွင် အမျိုးသားများမှာ ပိုမိုလုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။

သမရိုးကျကဏ္ဍနှင့် သမရိုးကျမဟုတ်သောကဏ္ဍနှစ်ခုစလုံးတွင် အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်သူများ၏ ပျံ့နှံ့မှုသည် တူညီသည်ကို တွေ့ရှိရပါသည်။ ကဏ္ဍနှစ်ခုစလုံး

တွင် အလုပ်လုပ်သူများသည် အများအားဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအဖြစ် လုပ်ကိုင်သော်လည်း သမရိုးကျမဟုတ်သောလုပ်ငန်းတွင် ပိုမိုလုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား ၁၄။ အလုပ်အကိုင်ကဏ္ဍနှင့် အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

| အလုပ်အကိုင်အခြေအနေ | အလုပ်လုပ်ကိုင်နေသူရာခိုင်နှုန်း | | | စုစုပေါင်း |
|---|---|---|---|---|
| | သမရိုးကျ ကဏ္ဍ | သမရိုးကျ မဟုတ်သော ကဏ္ဍ | ပုဂ္ဂလိက အိမ်ထောင်စု | |
| ပြည်ထောင်စု | ၂၄.၁ | ၇၅.၆ | ၀.၃ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | |
| မြို့ပြ | ၃၃.၅ | ၆၅.၉ | ၀.၆ | ၁၀၀.၀ |
| ကျေးလက် | ၂၀.၄ | ၇၉.၅ | ၀.၁ | ၁၀၀.၀ |
| ကျား၊မ | | | | |
| ကျား | ၂၄.၃ | ၇၅.၆ | ၀.၁ | ၁၀၀.၀ |
| မ | ၂၃.၉ | ၇၅.၇ | ၀.၅ | ၁၀၀.၀ |
| အလုပ်အကိုင်အခြေအနေ | | | | |
| အလုပ်သမား | ၂၈.၁ | ၇၁.၃ | ၀.၆ | ၁၀၀.၀ |
| အလုပ်ရှင် | ၃၂.၂ | ၆၇.၈ | ၀.၀ | ၁၀၀.၀ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၂၁.၂ | ၇၈.၈ | ၀.၀ | ၁၀၀.၀ |
| အခကြေးငွေမရသော မိသားစုဝင်လုပ်သား | ၁၉.၈ | ၈၀.၂ | ၀.၀ | ၁၀၀.၀ |
| အလုပ်အကိုင်အမျိုးအစား | | | | |
| သမရိုးကျအလုပ်အကိုင် | ၉၈.၄ | ၁.၆ | ၀.၀ | ၁၀၀.၀ |
| သမရိုးကျမဟုတ်သော အလုပ်အကိုင် | ၁၀.၆ | ၈၉.၁ | ၀.၃ | ၁၀၀.၀ |

ဇယား ၁၅။ အလုပ်အကိုင်ကဏ္ဍနှင့် အလုပ်အမျိုးအစားအရအလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | ကျား၊မ | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | အခကြေးငွေ မရသော မိသားစုဝင် လုပ်သား | စုစုပေါင်း |
|---|---|---|---|---|---|---|
| လုပ်ငန်းကဏ္ဍ | | | | | | |
| သမရိုးကျ | ကျား | ၄၁.၈ | ၇.၀ | ၄၅.၃ | ၅.၉ | ၁၀၀.၀ |
| | မ | ၄၉.၀ | ၂.၅ | ၃၃.၉ | ၁၄.၆ | ၁၀၀.၀ |
| | **စုစုပေါင်း** | **၄၄.၉** | **၅.၁** | **၄၀.၅** | **၉.၆** | **၁၀၀.၀** |
| သမရိုးကျ မဟုတ်သော | ကျား | ၃၈.၆ | ၄.၈ | ၄၈.၄ | ၈.၂ | ၁၀၀.၀ |
| | မ | ၃၃.၃ | ၁.၆ | ၄၇.၂ | ၁၇.၉ | ၁၀၀.၀ |
| | **စုစုပေါင်း** | **၃၆.၃** | **၃.၄** | **၄၇.၉** | **၁၂.၄** | **၁၀၀.၀** |

| နယ်ပယ် | ကျား၊မ | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | အခကြေးငွေ မရသော မိသားစုဝင် လုပ်သား | စုစုပေါင်း |
|---|---|---|---|---|---|---|
| ပုဂ္ဂလိက | ကျား | ၈၉.၈ | ၀.၀ | ၁၀.၂ | ၀.၀ | ၁၀၀.၀ |
| အိမ်ထောင်စု | မ | ၉၁.၇ | ၀.၀ | ၆.၆ | ၁.၇ | ၁၀၀.၀ |
| | **စုစုပေါင်း** | **၉၁.၃** | ၀.၀ | **၇.၅** | **၁.၃** | **၁၀၀.၀** |
| **အလုပ်အကိုင်အမျိုးအစား** | | | | | | |
| သမရိုးကျ | | ၃၇.၇ | ၇.၀ | ၅၅.၃ | ၀.၀ | ၁၀၀.၀ |
| သမရိုးကျ မဟုတ်သော | | ၃၈.၇ | ၃.၁ | ၄၃.၉ | ၁၄.၃ | ၁၀၀.၀ |
| စုစုပေါင်း | ကျား | ၃၉.၄ | ၅.၃ | ၄၇.၅ | ၇.၇ | ၁၀၀.၀ |
| | မ | ၃၇.၃ | ၁.၈ | ၄၃.၈ | ၁၇.၁ | ၁၀၀.၀ |
| | **စုစုပေါင်း** | **၃၈.၅** | **၃.၈** | **၄၅.၉** | **၁၁.၈** | **၁၀၀.၀** |

## အလုပ်အကိုင်တည်မြဲမှုအခြေအနေ

အလုပ်တစ်ခုတွင် လုပ်ကိုင်နေသော လုပ်သက်သည် အလုပ်အကိုင် တည်မြဲခြင်း၏ ကောင်းမွန်သော တိုင်းတာမှုတစ်ခုဖြစ်ပါသည်။ လက်ရှိလုပ်ကိုင်သော အဓိကအလုပ်၏ လုပ်သက်သည် ကျား၊ မ အပေါ်တွင် များစွာမပြောင်းလဲသော်လည်း ယေဘုယျအားဖြင့် ကျေးလက်နှင့်နှိုင်းယှဉ်ရာတွင် အလုပ်ပြောင်းရွှေ့မှုသည် မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသူများ၏ ၅၆.၇ ရာခိုင်နှုန်းသည် လက်ရှိအဓိက အလုပ်တွင် ၁၀ နှစ် (သို့မဟုတ်) ထိုထက်ပိုသည့်ကာလဖြင့် ဆက်လက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသောသူများအနေဖြင့် လယ်ယာလုပ်ငန်းမှလွဲ၍ အခြားအလုပ်ကို လုပ်ကိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

**ဇယား ၁၆။ အလုပ်တည်မြဲမှုအခြေအနေ**

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃ လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁-၂ နှစ် | ၂-၅နှစ် | ၅-၁၀နှစ် | ၁၀ နှစ်နှင့် အထက် | စုစုပေါင်း |
| **ပြည်ထောင်စု** | ၂.၁ | ၁.၈ | ၃.၁ | ၉.၀ | ၁၉.၁ | ၁၉.၇ | ၄၅.၂ | ၁၀၀.၀ |
| **ကျား၊ မ** | | | | | | | | |
| ကျား | ၂.၀ | ၁.၇ | ၂.၈ | ၈.၇ | ၁၈.၇ | ၁၉.၆ | ၄၆.၅ | ၁၀၀.၀ |
| မ | ၂.၂ | ၁.၉ | ၃.၄ | ၉.၅ | ၁၉.၅ | ၁၉.၉ | ၄၃.၅ | ၁၀၀.၀ |

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃ လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁-၂ နှစ် | ၂-၅နှစ် | ၅-၁၀နှစ် | ၁၀ နှစ်နှင့် အထက် | စုစုပေါင်း |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၂.၀ | ၂.၀ | ၄.၈ | ၁၃.၂ | ၂၃.၆ | ၁၉.၆ | ၃၄.၇ | ၁၀၀.၀ |
| ကျေးလက် | ၂.၁ | ၁.၇ | ၂.၄ | ၇.၄ | ၁၇.၃ | ၁၉.၈ | ၄၉.၄ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | |
| လယ်ယာ | ၁.၅ | ၀.၈ | ၁.၅ | ၅.၄ | ၁၄.၈ | ၁၉.၂ | ၅၆.၇ | ၁၀၀.၀ |
| စက်မှု | ၄.၀ | ၄.၀ | ၅.၆ | ၁၂.၆ | ၂၃.၈ | ၂၀.၀ | ၃၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၂.၁ | ၂.၁ | ၄.၃ | ၁၃.၀ | ၂၃.၅ | ၂၀.၅ | ၃၄.၄ | ၁၀၀.၀ |

## လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိမှုအခြေအနေ

အလုပ်သမားများ၏ ၁၁.၈ ရာခိုင်နှုန်းသည်သာ ပင်စင် (သို့) လုပ်သက်ဆုကြေး ထောက်ပံ့ငွေများရရှိသည်ကို တွေ့ရှိရပါသည်။ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိမှုအခြေအနေကို ကျား၊ မ အလိုက် ကြည့်မည်ဆိုပါက အမျိုးသမီးများသည် ပိုမိုမြင့်မားနေပြီး မြို့ပြနှင့် ကျေးလက်ကို နှိုင်းယှဉ်ကြည့်ပါ က မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် ကြည့်မည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍသည် အကျိုးခံစားခွင့် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

လစာဖြင့် နှစ်စဉ်ခွင့်ခံစားခွင့်နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းတာဖြင့် အလုပ်သမားများ၏ ၁၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ အလုပ်မှပံ့ပိုးမှုများ ရရှိနေသည်ကိုတွေ့ရပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် လစာဖြင့်နှစ်စဉ် ခွင့်ခံစားခွင့်မှာ ၃၃ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ၏ နှစ်ဆရှိပြီး လယ်ယာကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ အငြိမ်းစားလစာနှင့် လုပ်သက်ဆုကြေး အကျိုးခံစားခွင့်တွင်လည်း အမျိုးသမီးအလုပ်သမားများသည် အမျိုးသား အလုပ်သမားများထက် ခံစားခွင့်ရရှိမှုမှာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မမာမကျန်းခွင့်နှင့် ဆေးကုသမှု အကျိုးခံစားခွင့်တွင်လည်း အမျိုးသမီးအလုပ်သမားများ၏ ခံစားခွင့်ရရှိမှုအချိုးမှာ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ မီးဖွားခွင့်တွင်လည်း အလားတူသွင်ပြင်မျိုး တွေ့ရှိရသော်လည်း ရာခိုင်နှုန်းအားဖြင့် နည်းပါးသည်ကို တွေ့ရှိရပါသည်။

ထို့သို့ဖြစ်ရသော အဓိကအကြောင်းအရင်းအနေဖြင့် အမျိုးသမီးအများစုသည် အစိုးရဌာနများတွင် လုပ်ဆောင်နေသူများဖြစ်ပြီး၊ အစိုးရရုံးဌာနများမှာလည်း မြို့ပြတွင်သာတည်ရှိသောကြောင့်ဖြစ်ပါသည်။

ဇယား ၁၇။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများအနေဖြင့် အဓိကအလုပ်တွင် လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိမှု (ရာခိုင်နှုန်း)

| နယ်ပယ် | ပင်စင်လစာ(သို့)လုပ်သက်ဆု | | | လုပ်ခ မပျက်၊ နှစ်စဉ် ခွင့်ရက် ခံစားခွင့် | လုပ်ခ မပျက် နာမ ကျန်းခွင့် | မီးဖွား ခွင့် သက် သက် သာ | လုပ်ခ မပျက် နာမကျန်း ခွင့်နှင့် မီးဖွားခွင့် | ဆေးကု သမှု ဆိုင်ရာ အကျိုး ခံစားခွင့် | လူမှုဖူလုံ ရေး အကျိုးခံ စားခွင့် အစီ အစဉ် |
|---|---|---|---|---|---|---|---|---|---|
| | ထည့်ဝင် ကြေး မပေး သွင်းသူ | ထည့်ဝင် ကြေးပေး သွင်းသူ | စုစု ပေါင်း | | | | | | |
| **ပြည်ထောင်စု** | ၁၁.၂ | ၀.၆ | ၁၁.၈ | ၁၆.၉ | ၈.၀ | ၀.၆ | ၁၁.၇ | ၁၉.၂ | ၂၇.၉ |
| **ကျား၊ မ** | | | | | | | | | |
| ကျား | ၈.၆ | ၀.၄ | ၉.၀ | ၁၃.၆ | ၁၀.၁ | ၀.၃ | ၆.၁ | ၁၇.၆ | ၂၄.၄ |
| မ | ၁၄.၈ | ၀.၈ | ၁၅.၆ | ၂၁.၆ | ၅.၁ | ၁.၀ | ၁၉.၆ | ၂၁.၃ | ၃၂.၈ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | | | |
| မြို့ပြ | ၁၈.၆ | ၀.၉ | ၁၉.၄ | ၃၀.၁ | ၁၅.၇ | ၁.၀ | ၂၀.၂ | ၃၆.၀ | ၄၈.၃ |
| ကျေးလက် | ၇.၂ | ၀.၄ | ၇.၇ | ၉.၉ | ၃.၉ | ၀.၄ | ၇.၂ | ၁၀.၃ | ၁၇.၁ |
| **လုပ်ငန်းကဏ္ဍ** | | | | | | | | | |
| လယ်ယာ | ၁.၇ | ၀.၁ | ၁.၈ | ၁.၈ | ၁.၀ | ၀.၂ | ၁.၂ | ၄.၈ | ၇.၀ |
| စက်မှု | ၆.၄ | ၀.၃ | ၆.၆ | ၁၅.၈ | ၉.၃ | ၀.၄ | ၁၂.၆ | ၂၇.၅ | ၃၁.၉ |
| ဝန်ဆောင်မှု | ၂၄.၅ | ၁.၃ | ၂၅.၈ | ၃၃.၀ | ၁၄.၀ | ၁.၂ | ၂၁.၇ | ၂၇.၆ | ၄၆.၁ |
| **အလုပ်အကိုင်အမျိုးအစား** | | | | | | | | | |
| သမရိုးကျ | ၅၉.၅ | ၂.၄ | ၆၁.၉ | ၆၄.၅ | ၁၆.၄ | ၁.၁ | ၄၈.၂ | ၄၁.၄ | ၁၀၀.၀ |
| သမရိုးကျ မဟုတ်သော | ၂.၀ | ၀.၂ | ၂.၃ | ၇.၅ | ၆.၃ | ၀.၅ | ၄.၅ | ၁၅.၆ | ၂၀.၂ |

**အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ် အမျိုးအစား**

အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် ၆၂ ရာခိုင်နှုန်းနှင့် မြို့ပြတွင် ၂၅ ရာခိုင်နှုန်းရှိရာ ကျေးလက်တွင် ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ကျား၊ မ အလိုက် အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုကို ကြည့်ပါက ကွဲပြားခြားနားမှုမရှိဘဲ ယေဘုယျအားဖြင့် တူညီနေကြောင်း တွေ့ရှိရပါသည်။

သဘောတူစာချုပ် အမျိုးအစားအလိုက် အလုပ်သမားများ၏ ပျံ့နှံ့မှုများကိုကြည့်မည်ဆိုပါက အလုပ်သမားများ၏ သုံးပုံတစ်ပုံသည် အလုပ်လုပ်ကိုင်ရာတွင် သဘောတူစာချုပ် ချုပ်ဆိုမှုနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှု မရှိသည်ကိုတွေ့ရှိရပါသည်။ ထို့သို့ဖြစ်ရခြင်းမှာ အဆိုပါအချက်အလက်များသည် တစ်ဆင့်ခံဖြေဆိုသူများထံမှ ကောက်ယူရရှိသည့် အချက်အလက်များဖြစ်သောကြောင့် ဖြစ်နိုင်ပါသည်။ စာဖြင့်ရေးသားသော သဘောတူစာချုပ်ဖြင့် အလုပ်လုပ်ကိုင်မှုတွင် အမျိုးသမီးအလုပ်သမား ရာခိုင်နှုန်းသည် အမျိုးသားအလုပ်သမား ရာခိုင်နှုန်းထက် ပိုမိုမြင့်မားပြီး၊ မြို့ပြရှိ အလုပ်သမားများသည် နှုတ်ဖြင့်သဘောတူညီချက်ထက်

စာဖြင့်ရေးသားသော သဘောတူစာချုပ်နှင့် လုပ်ကိုင်နေသည့်ရာခိုင်နှုန်းမှာ ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

ဇယား ၁၈။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် အမျိုးအစားအလိုက် ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | သဘောတူညီချက်အမျိုးအစား | | | |
|---|---|---|---|---|
| | သဘောတူစာချုပ်ချုပ်ဆိုမှု | နှုတ်ကတိဖြင့်သဘောတူညီချက် | မသိပါ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၂.၆ | ၅၆.၂ | ၃၁.၂ | ၁၀၀.၀ |
| ကျား၊ မ | | | | |
| ကျား | ၁၀.၀ | ၅၇.၆ | ၃၂.၄ | ၁၀၀.၀ |
| မ | ၁၆.၁ | ၅၄.၃ | ၂၉.၆ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁၉.၃ | ၄၈.၇ | ၃၂.၁ | ၁၀၀.၀ |
| ကျေးလက် | ၉.၀ | ၆၀.၂ | ၃၀.၈ | ၁၀၀.၀ |

သက်တမ်းအကန့်အသတ်ဖြင့် လုပ်ကိုင်နေသည့် အလုပ်သမားများ၏ စာချုပ်သက်တမ်းသည် ချုပ်ဆိုသည့် စာချုပ်အမျိုးအစားနှင့် ဆက်စပ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုမှု၏ လေးပုံသုံးပုံသည် နေ့စဉ်သဘောတူညီချက်ဖြင့် လုပ်ကိုင်နေကြပြီး ကျား၊ မ အချိုးတွင် ကွာဟချက်အနည်းငယ်သာရှိသော်လည်း နေ့စဉ်သဘောတူညီချက်ဖြင့် လုပ်ကိုင်မှုသည် ကျေးလက်တွင် ၈၀ ရာခိုင်နှုန်းနှင့် မြို့ပြတွင် ၅၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ စာချုပ်သက်တမ်းကာလ ၁၂ လ (သို့) ထိုထက်ပိုသောကာလဖြင့် လုပ်ကိုင်နေသည့်ရာခိုင်နှုန်းကို ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာတွင် ၄ ရာခိုင်နှုန်းရှိပြီး ကျား၊ မ အချိုးတွင် အနည်းငယ်သာကွာသော်လည်း ကျေးလက်ထက် မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ဇယား ၁၉။ သဘောတူစာချုပ် ချုပ်ဆိုမှုသက်တမ်းအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၏ ပျံ့နှံ့မှုနှုန်း

| နယ်ပယ် | စာချုပ်ချုပ်ဆိုမှု သက်တမ်း | | | | | | |
|---|---|---|---|---|---|---|---|
| | နေ့စဉ် သဘော တူညီချက် | ၂ ရက် မှ ၁ လ | ၁ လ မှ ၃လ | ၃ လ မှ ၆ လ | ၆ လ မှ ၁၂ လ | ၁၂ လနှင့် အထက် | စုစုပေါင်း |
| ပြည်ထောင်စု | ၇၅.၉ | ၇.၂ | ၃.၂ | ၄.၁ | ၅.၅ | ၄.၁ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | |
| ကျား | ၇၅.၀ | ၇.၄ | ၃.၆ | ၄.၅ | ၆.၁ | ၃.၄ | ၁၀၀.၀ |
| မ | ၇၇.၀ | ၆.၉ | ၂.၇ | ၃.၆ | ၄.၇ | ၅.၁ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | |
| မြို့ပြ | ၅၈.၁ | ၁၁.၁ | ၃.၄ | ၄.၈ | ၁၀.၈ | ၁၁.၉ | ၁၀၀.၀ |
| ကျေးလက် | ၇၉.၇ | ၆.၃ | ၃.၂ | ၄.၀ | ၄.၄ | ၂.၄ | ၁၀၀.၀ |

စာချုပ်သက်တမ်း အကန့်အသတ်ဖြစ်ရခြင်းသည် အဓိကအားဖြင့် တစ်ခါတစ်ရံ/ နေ့စဉ် အလုပ်ကြောင့် ၅၈.၂ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ရာသီချိန်ကြောင့် စာချုပ်သက်တမ်း

အကန့်အသတ်ဖြစ်ခြင်းသည် ဒုတိယအဆင့်တွင်ရှိပြီး ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အကြောင်းပြချက်များသည် ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အကြား ကွဲပြားမှုရှိပြီး မြို့ပြ၊ ကျေးလက်အကြား စာချုပ်အကန့်အသတ်ဖြစ်ရခြင်း၏ အဓိကအကြောင်းမှာ ရာသီချိန်အလုပ်များကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၂၀။ စာချုပ်သတ်တမ်း အကန့်အသတ်ဖြစ်ရသည့်အကြောင်းအရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | စာချုပ်သတ်တမ်း အကန့်အသတ်ဖြစ်ရသည့်အကြောင်းအရင်းအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သင်/လုပ်ငန်းသင် | အစမ်းခန့်ကာလ | ရာသီချိန်အလုပ် | တစ်ခါတစ်ရံ/နေ့စဉ်အလုပ် (ကျပန်း) | အစိုးရအလုပ်အကိုင်အစီအစဉ် | တာဝန်တစ်ရပ် (သို့) အထူး အလုပ်အဖြစ် လုပ်ကိုင်ခြင်း | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၁.၉ | ၂.၀ | ၃၂.၀ | ၅၈.၂ | ၄.၀ | ၁.၄ | ၀.၄ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ကျား | ၁.၈ | ၁.၆ | ၂၉.၇ | ၆၁.၈ | ၂.၈ | ၁.၆ | ၀.၆ | ၁၀၀.၀ |
| မ | ၂.၀ | ၂.၄ | ၃၅.၀ | ၅၃.၅ | ၅.၆ | ၁.၃ | ၀.၂ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၇.၄ | ၆.၄ | ၈.၀ | ၅၉.၀ | ၁၂.၃ | ၆.၀ | ၁.၀ | ၁၀၀.၀ |
| ကျေးလက် | ၀.၇ | ၁.၀ | ၃၇.၁ | ၅၈.၁ | ၂.၃ | ၀.၅ | ၀.၃ | ၁၀၀.၀ |

## အလုပ်သမားအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သိရှိမှုနှင့် အဖွဲ့ဝင်ဖြစ်မှုအခြေအနေ

တစ်နိုင်ငံလုံးအတိုင်းအတာအရ အလုပ်ရှင်အဖွဲ့အစည်း ၀.၁ ရာခိုင်နှုန်းနှင့် အလုပ်သမားအဖွဲ့အစည်း ၀.၄ ရာခိုင်နှုန်းစသည့် ရာခိုင်နှုန်းအနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားများ၏ ၈၈ ရာခိုင်နှုန်းသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့များတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရပြီး ၁၂ ရာခိုင်နှုန်းသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိသည့်အရေအတွက် အလွန်နည်းပါးပြီး တစ်နိုင်ငံလုံးအတိုင်းအတာတွင် အလုပ်ရှင်များ၏ ၂.၄ ရာခိုင်နှုန်းနှင့် အလုပ်သမားများ၏ ၄.၁ ရာခိုင်နှုန်းသာ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိကြောင်း တွေ့ရှိရပါသည်။

## လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်မှုအခြေအနေ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ပျမ်းမျှထိခိုက်ဒဏ်ရာရရှိမှု အကြိမ်အရေအတွက်သည် ၀.၀၄ ကြိမ်ရှိပြီး၊ အဆိုပါ ထိခိုက်ဒဏ်ရာရရှိမှုအတွက် အလုပ်ဆင်းရန် ပျက်ကွက်သည့်ရက်မှာ ၀.၆၃ ရက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိခိုက်ဒဏ်ရာရရှိမှု အမျိုးအစားများကို ဖော်ပြရာ၌ ထိခိုက်ဒဏ်ရာရရှိမှု၏ ၇၃ ရာခိုင်နှုန်းကျော်သည် သာမန်ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပြီး ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများသည် ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယအများဆုံး ထိခိုက်ဒဏ်ရာရရှိမှုမှာ အရိုးအဆစ်လွဲခြင်းနှင့် အကြောတင်ခြင်းဖြစ်ပြီး တတိယအများဆုံး ထိခိုက်ဒဏ်ရာရရှိမှုမှာ ခွဲစိတ်ကုသခြင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများတွင် ထိခိုက်ဒဏ်ရာရရှိမှုများမှာ ပြောင်းလဲမှုများစွာမရှိကြောင်းတွေ့ရပါသည်။

သာမန်ထိခိုက် ဒဏ်ရာရရှိမှုမှာ လုပ်ငန်းကဏ္ဍအသီးသီးတွင် စက်မှုကဏ္ဍသည် ၇၃ ရာခိုင်နှုန်း အများဆုံးဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးပျမ်းမျှသာမန် ထိခိုက်ဒဏ်ရာရရှိမှု ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် တူညီနေသည်ကို တွေ့ရှိရပါသည်။ ထုတ်လုပ်မှုလုပ်ငန်းတွင် သာမန်ထိခိုက်ဒဏ်ရာရရှိမှုမှာနည်းနေပြီး ပြင်းထန်သောထိခိုက်ဒဏ်ရာရရှိမှုမှာ များပြားနေကြောင်း တွေ့ရှိရပါသည်။ ထုတ်လုပ်မှုလုပ်ငန်းတွင် အရိုးအဆစ်လွဲခြင်းနှင့် အကြောတင်ခြင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုသည် ၁၇ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ခွဲစိတ်ကုသခြင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုတွင် ၅.၆ ရာခိုင်နှုန်းဖြစ်ပါသည်။

**ဇယား ၂၁။ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း**

| လုပ်ငန်းကဏ္ဍ | အလုပ်လုပ်ကိုင်သူများတွင်တစ်နှစ်ပျမ်းမျှထိခိုက်သည့်အကြိမ် | ထိခိုက်မှုကြောင့် ပျမ်းမျှ အလုပ်ပျက်ရက် | ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်အနာတရဖြစ်မှု | ကျိုးခြင်း၊ အက်ခြင်း | အရိုးအဆစ်လွဲခြင်း၊ အကြောတင်ခြင်း | ခွဲစိတ်ကုသခြင်း | ဦးနှောက်နှင့် ခန္ဓာကိုယ်တွင်းဒဏ်ရာ | အပူလောင်ခြင်း | အဆိပ်မိခြင်း (သို့) ကူးစက်ခြင်း | အခြား |
| **ပြည်ထောင်စု** | ၀.၀၄ | ၀.၆၃ | ၇၂.၇ | ၅.၂ | ၈.၈ | ၁.၉ | ၁.၂ | ၀.၄ | ၁.၀ | ၈.၇ |
| လယ်ယာလုပ်ငန်း | ၀.၀၄ | ၀.၆၆ | ၇၃.၁ | ၃.၀ | ၇.၄ | ၁.၅ | ၀.၈ | ၀.၀ | ၁.၆ | ၁၂.၆ |
| ကုန်ထုတ်လုပ်ငန်း | ၀.၀၃ | ၀.၈၀ | ၆၅.၅ | ၃.၁ | ၁၇.၀ | ၅.၆ | ၁.၅ | ၂.၄ | ၀.၀ | ၄.၉ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၀.၁၀ | ၁.၁၉ | ၇၆.၇ | ၁၄.၀ | ၅.၃ | ၀.၂ | ၀.၀ | ၀.၀ | ၀.၀ | ၃.၉ |

| လုပ်ငန်းကဏ္ဍ | အလုပ်လုပ်ကိုင်သူများတွင်တစ်နှစ်ပျမ်းမျှထိခိုက်သည့်အကြိမ် | ထိခိုက်မှုကြောင့် ပျမ်းမျှ အလုပ်ပျက်ရက် | ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်အနာတရဖြစ်မှု | ကျိုးခြင်း၊ အက်ခြင်း | အရိုးအဆစ်လွဲခြင်း၊ အကြောတင်ခြင်း | ခွဲစိတ်ကုသခြင်း | ဦးနှောက်နှင့် ခန္ဓာကိုယ်တွင်းဒဏ်ရာ | အပူလောင်ခြင်း | အဆိပ်မိခြင်း (သို့) ကူးစက်ခြင်း | အခြား |
| လက်လီ၊ လက်ကား ရောင်းဝယ်ရေး လုပ်ငန်း | ၀.၀၂ | ၀.၄၆ | ၇၇.၀ | ၅.၁ | ၈.၉ | ၀.၀ | ၂.၆ | ၁.၈ | ၀.၀ | ၄.၇ |
| ပို့ဆောင်ရေးနှင့် သိုလှောင်ရေး လုပ်ငန်း | ၀.၀၂ | ၀.၄၂ | ၆၂.၁ | ၁၂.၇ | ၁၁.၄ | ၉.၆ | ၄.၂ | ၀.၀ | ၀.၀ | ၀.၀ |
| အခြားဝန်ဆောင်မှု လုပ်ငန်း | ၀.၀၄ | ၀.၅၄ | ၈၉.၃ | ၂.၀ | ၆.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁.၉ |

## ပြည်တွင်းရွှေ့ပြောင်းသွားလာမှုအခြေအနေ

လူအများစုသည် လက်ရှိနေထိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တွင်သာ မွေးဖွားကြောင်း ဖြေဆိုကြပါသည်။ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်သာလျှင် ၎င်းတို့သည် လက်ရှိနေထိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တွင် မွေးဖွားခြင်း မဟုတ်ကြောင်း၊ ၅.၇ ရာခိုင်နှုန်းသည် မြို့နယ်တစ်ခုအတွင်းရှိ အခြားရပ်ကွက်/ကျေးရွာတွင် မွေးဖွားခဲ့ကြောင်းနှင့် ၁၄.၄ ရာခိုင်နှုန်းသည် အခြားမြို့နယ်တွင်မွေးဖွားခဲ့ကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ကျေးလက်ဒေသရှိ လူဦးရေ၏ ၈၉ ရာခိုင်နှုန်းသည် လက်ရှိကျေးရွာအုပ်စုတွင်သာ နေထိုင်လုပ်ကိုင်နေကြကြောင်းတွေ့ရပြီး မြို့ပြဒေသတွင်မူ လူဦးရေ၏ ၅၉ ရာခိုင်နှုန်းသာ လက်ရှိဒေသမှ လူဦးရေဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျား၊ မ မွေးဖွားရာဒေသကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပါဝင်မှုမှာ အများအားဖြင့် တူညီနေသည်ကို တွေ့ရှိရပါသည်။

မွေးဖွားရာဒေသနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက များသောအားဖြင့် ပျံ့နှံ့မှုမှာ တူညီကြသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင်မူ အခြားမြို့နယ်တွင် မွေးဖွားသည့် ရာခိုင်နှုန်းသည် လွန်စွာမြင့်မားကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားမြို့နယ်တွင် မွေးဖွားသူပါဝင်မှု အများဆုံးဒေသများမှာ နေပြည်တော် (၂၃.၈ ရာခိုင်နှုန်း)၊ ကယား (၁၉ ရာခိုင်နှုန်း)၊ ကချင် (၁၇.၁ ရာခိုင်နှုန်း) နှင့် ကရင် (၁၇ ရာခိုင်နှုန်း) တို့ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

ဇယား ၂၂။ မွေးဖွားရာဒေသအလိုက် လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | မွေးဖွားရာဒေသအလိုက် လူဦးရေ ပျံ့နှံ့မှု(ရာခိုင်နှုန်း)[၇] | | | | |
|---|---|---|---|---|---|
| | ဤကျေးရွာ အုပ်စု/ရပ်ကွက် | မြို့နယ်အတွင်း ရှိ အခြား ကျေးရွာအုပ်စု/ ရပ်ကွက် | အခြားမြို့နယ် | အခြားနိုင်ငံ | စုစုပေါင်း |
| ပြည်ထောင်စု | ၇၉.၉ | ၅.၇ | ၁၄.၄ | ၀.၀ | ၁၀၀.၀ |
| ကျား၊မ | | | | | |
| ကျား | ၇၉.၉ | ၅.၅ | ၁၄.၅ | ၀.၀ | ၁၀၀.၀ |
| မ | ၇၉.၈ | ၅.၈ | ၁၄.၄ | ၀.၀ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | |
| မြို့ပြ | ၅၈.၉ | ၇.၄ | ၃၃.၆ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၈၉.၁ | ၄.၉ | ၆.၀ | ၀.၀ | ၁၀၀.၀ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | |
| ကချင် | ၇၇.၅ | ၅.၄ | ၁၇.၁ | ၀.၀ | ၁၀၀.၀ |
| ကယား | ၇၇.၀ | ၄.၀ | ၁၉.၀ | ၀.၀ | ၁၀၀.၀ |
| ကရင် | ၈၀.၄ | ၂.၇ | ၁၆.၉ | ၀.၀ | ၁၀၀.၀ |
| ချင်း | ၉၀.၃ | ၇.၆ | ၂.၁ | ၀.၀ | ၁၀၀.၀ |
| စစ်ကိုင်း | ၈၈.၃ | ၄.၃ | ၇.၄ | ၀.၀ | ၁၀၀.၀ |
| တနင်္သာရီ | ၇၃.၈ | ၁၀.၉ | ၁၅.၂ | ၀.၁ | ၁၀၀.၀ |
| ပဲခူး | ၈၆.၉ | ၆.၄ | ၆.၈ | ၀.၀ | ၁၀၀.၀ |
| မကွေး | ၉၄.၈ | ၃.၁ | ၂.၁ | ၀.၀ | ၁၀၀.၀ |
| မန္တလေး | ၈၅.၇ | ၅.၀ | ၉.၃ | ၀.၀ | ၁၀၀.၀ |
| မွန် | ၈၁.၆ | ၅.၂ | ၁၃.၂ | ၀.၀ | ၁၀၀.၀ |
| ရခိုင် | ၈၆.၅ | ၉.၈ | ၃.၆ | ၀.၀ | ၁၀၀.၀ |
| ရန်ကုန် | ၄၈.၂ | ၃.၆ | ၄၈.၂ | ၀.၀ | ၁၀၀.၀ |
| ရှမ်း | ၈၃.၆ | ၆.၃ | ၁၀.၁ | ၀.၀ | ၁၀၀.၀ |
| ဧရာဝတီ | ၈၈.၄ | ၈.၄ | ၃.၃ | ၀.၀ | ၁၀၀.၀ |
| နေပြည်တော် | ၆၇.၈ | ၈.၅ | ၂၃.၈ | ၀.၀ | ၁၀၀.၀ |

၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လွန်ခဲ့သော ၄ နှစ်တာကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ၏ ၃.၃ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းသွားလာ နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သက်တမ်းတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုကို ကြည့်မည်ဆိုပါက လူဦးရေ၏ ၁၃.၅ ရာခိုင်နှုန်းသည် မြို့နယ်တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ လက်ရှိမြို့ပြဒေသတွင် နေထိုင်သူများ၏ ရွှေ့ပြောင်းသွားလာနေထိုင်မှုသည် လက်ရှိကျေးလက်ဒေသတွင် နေထိုင်နေသူများထက် မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

[၇] လူဦးရေအားလုံးအပေါ်တွင် အခြေခံပါသည်။ (၀+)

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသော လူဦးရေ၏ ၄၂.၃ ရာခိုင်နှုန်း ကျော်သည် ၎င်းတို့သက်တမ်းတစ်လျှောက်တွင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ပြောင်းရွှေ့လာကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၂၃။ ရည်ညွှန်းကာလအတွင်း အခြားမြို့နယ်မှ ရွှေ့ပြောင်းနေထိုင်သည့် လူဦးရေ (ရာခိုင်နှုန်း)**

| နယ်ပယ် | ရွှေ့ပြောင်းလူဦးရေ ရာခိုင်နှုန်း[9] | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၁-၂၀၁၄ | | | | | သက်တမ်းကာလ | | | | |
| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| ပြည်ထောင်စု | ၃.၃ | ၃.၃ | ၇.၉ | ၁.၄ | ၃.၃ | ၁၃.၃ | ၁၃.၇ | ၃၀.၇ | ၆.၅ | ၁၃.၅ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | | | | | | |
| ကချင် | ၂.၇ | ၂.၅ | ၃.၃ | ၂.၂ | ၂.၆ | ၁၃.၈ | ၁၃.၄ | ၁၉.၂ | ၁၀.၃ | ၁၃.၆ |
| ကယား | ၁.၈ | ၁.၇ | ၂.၈ | ၁.၄ | ၁.၇ | ၁၅.၇ | ၁၄.၆ | ၂၃.၈ | ၁၂.၃ | ၁၅.၁ |
| ကရင် | ၂.၁ | ၁.၈ | ၆.၈ | ၀.၆ | ၁.၉ | ၁၃.၁ | ၁၃.၅ | ၃၇.၁ | ၆.၈ | ၁၃.၃ |
| ချင်း | ၁.၄ | ၀.၈ | ၄.၃ | ၀.၂ | ၁.၁ | ၆.၂ | ၆.၁ | ၁၇.၇ | ၃.၃ | ၆.၂ |
| စစ်ကိုင်း | ၁.၄ | ၁.၁ | ၃.၃ | ၀.၈ | ၁.၂ | ၈.၂ | ၈.၂ | ၂၃.၂ | ၅.၁ | ၈.၂ |
| တနင်္သာရီ | ၄.၀ | ၃.၁ | ၆.၀ | ၂.၈ | ၃.၅ | ၂၀.၃ | ၁၇.၀ | ၂၈.၀ | ၁၅.၇ | ၁၈.၆ |
| ပဲခူး | ၁.၂ | ၁.၃ | ၂.၀ | ၁.၁ | ၁.၃ | ၆.၆ | ၇.၄ | ၁၄.၀ | ၅.၁ | ၇.၀ |
| မကွေး | ၀.၇ | ၀.၈ | ၁.၆ | ၀.၆ | ၀.၈ | ၂.၇ | ၃.၃ | ၆.၁ | ၂.၅ | ၃.၀ |
| မန္တလေး | ၃.၄ | ၂.၇ | ၆.၇ | ၁.၁ | ၃.၀ | ၈.၈ | ၈.၄ | ၁၅.၉ | ၄.၈ | ၈.၆ |
| မွန် | ၃.၂ | ၃.၁ | ၇.၄ | ၁.၅ | ၃.၁ | ၁၄.၃ | ၁၄.၄ | ၂၅.၅ | ၁၀.၁ | ၁၄.၃ |
| ရခိုင် | ၀.၆ | ၀.၇ | ၁.၄ | ၀.၅ | ၀.၆ | ၄.၄ | ၄.၈ | ၉.၁ | ၃.၇ | ၄.၆ |
| ရန်ကုန် | ၁၁.၁ | ၁၁.၉ | ၁၄.၀ | ၅.၇ | ၁၁.၅ | ၄၁.၀ | ၄၃.၅ | ၅၂.၅ | ၁၈.၁ | ၄၂.၃ |
| ရှမ်း | ၁.၉ | ၂.၂ | ၃.၂ | ၁.၇ | ၂.၁ | ၁၀.၁ | ၁၀.၇ | ၁၉.၇ | ၇.၆ | ၁၀.၄ |
| ဧရာဝတီ | ၀.၉ | ၀.၇ | ၃.၀ | ၀.၄ | ၀.၈ | ၄.၅ | ၄.၇ | ၁၂.၃ | ၃.၄ | ၄.၆ |
| နေပြည်တော် | ၇.၆ | ၈.၀ | ၁၇.၆ | ၃.၇ | ၇.၈ | ၂၂.၆ | ၂၃.၄ | ၄၄.၂ | ၁၄.၁ | ၂၃.၀ |

ရွှေ့ပြောင်းသွားလာနေထိုင်ကြသူများ၏ ၂၅ ရာခိုင်နှုန်းသည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလုပ်အကိုင်အတွက်ဟုဆိုရာတွင် "အလုပ်အကိုင် သို့မဟုတ် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများရှာဖွေရန်"၊ "အလုပ်သစ် ဝင်ရောက်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်း အသစ်စတင်ရန်"နှင့် "အလုပ်အပြောင်းအရွှေ့" တို့ကိုဆိုလိုပါသည်။ ရွှေ့ပြောင်းနေထိုင်သူများ၏ ၅၃ ရာခိုင်နှုန်းသည် ၎င်းတို့၏မိသားစု ရွှေ့ပြောင်းသည့်အတွက် လိုက်ပါရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ တတိယမြောက် အဓိကကျသည့် အကြောင်းအရင်းမှာ "လက်ထပ်ခြင်း" ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

[9] လူဦးရေအားလုံးအပေါ်တွင် အခြေခံပါသည်။ (၀+)

ဇယား ၂၄။ နိုင်ငံတွင်း ရွှေ့ပြောင်းသွားလာရခြင်း အကြောင်းအရင်းအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အခြားကျေးရွာ/ ရပ်ကွက်မှ ပြောင်းရွှေ့လာသောလူဦးရေ ရာခိုင်နှုန်း | အဓိကအကြောင်းအရင်းအလိုက် ပြောင်းရွှေ့နေထိုင်သူ ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | အလုပ်အကိုင် | လက်ထပ်ခြင်း | မိသားစုပြောင်းရွှေ့ခြင်း | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | ၁၇.၂ | ၂၅.၄ | ၁၇.၂ | ၅၂.၈ | ၄.၆ | ၁၀၀.၀ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| မြို့ပြ | ၁၇.၂ | ၃၄.၇ | ၁၄.၈ | ၄၆.၄ | ၄.၂ | ၁၀၀.၀ |
| ကျေးလက် | ၁၇.၂ | ၁၇.၆ | ၁၉.၃ | ၅၈.၂ | ၄.၉ | ၁၀၀.၀ |
| **ကျား၊ မ** | | | | | | |
| ကျား | ၃၆.၉ | ၂၅.၀ | ၁၁.၀ | ၅၉.၂ | ၄.၈ | ၁၀၀.၀ |
| မ | ၈.၅ | ၂၆.၃ | ၂၉.၁ | ၄၀.၄ | ၄.၂ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | | | |
| ၁၅-၂၄ | ၁၂.၉ | ၂၅.၆ | ၉.၄ | ၅၇.၁ | ၇.၉ | ၁၀၀.၀ |
| ၂၅-၂၆ | ၁၈.၆ | ၂၅.၉ | ၁၇.၉ | ၅၂.၅ | ၃.၆ | ၁၀၀.၀ |
| ၆၅+ | ၂၀.၀ | ၂၁.၅ | ၁၃.၆ | ၅၇.၆ | ၇.၄ | ၁၀၀.၀ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | | |
| ကချင် | ၁၈.၃ | ၃၆.၈ | ၇.၄ | ၄၇.၈ | ၈.၀ | ၁၀၀.၀ |
| ကယား | ၂၁.၈ | ၃၁.၇ | ၁၆.၆ | ၄၅.၄ | ၆.၂ | ၁၀၀.၀ |
| ကရင် | ၁၈.၃ | ၄၁.၀ | ၁၀.၆ | ၄၇.၆ | ၀.၈ | ၁၀၀.၀ |
| ချင်း | ၈.၆ | ၂၅.၈ | ၁၂.၇ | ၅၄.၄ | ၇.၂ | ၁၀၀.၀ |
| စစ်ကိုင်း | ၁၀.၇ | ၂၄.၇ | ၃၁.၀ | ၄၀.၃ | ၃.၉ | ၁၀၀.၀ |
| တနင်္သာရီ | ၂၄.၇ | ၃၉.၉ | ၁၅.၃ | ၄၀.၃ | ၄.၆ | ၁၀၀.၀ |
| ပဲခူး | ၉.၂ | ၂၂.၁ | ၃၆.၅ | ၃၆.၉ | ၄.၅ | ၁၀၀.၀ |
| မကွေး | ၃.၇ | ၂၁.၄ | ၃၅.၉ | ၃၅.၃ | ၇.၄ | ၁၀၀.၀ |
| မန္တလေး | ၁၀.၆ | ၃၇.၁ | ၁၆.၈ | ၃၆.၃ | ၉.၈ | ၁၀၀.၀ |
| မွန် | ၁၈.၀ | ၂၄.၂ | ၂၁.၆ | ၅၀.၂ | ၃.၉ | ၁၀၀.၀ |
| ရခိုင် | ၆.၃ | ၂၀.၄ | ၃၃.၆ | ၄၀.၆ | ၅.၄ | ၁၀၀.၀ |
| ရန်ကုန် | ၅၀.၂ | ၁၉.၈ | ၉.၅ | ၆၇.၇ | ၃.၀ | ၁၀၀.၀ |
| ရှမ်း | ၁၄.၀ | ၂၈.၈ | ၂၄.၀ | ၄၁.၂ | ၆.၀ | ၁၀၀.၀ |
| ဧရာဝတီ | ၅.၉ | ၁၉.၅ | ၃၆.၃ | ၃၅.၀ | ၉.၁ | ၁၀၀.၀ |
| နေပြည်တော် | ၂၈.၂ | ၄၃.၆ | ၁၆.၅ | ၃၆.၀ | ၃.၈ | ၁၀၀.၀ |

## နိုင်ငံရပ်ခြားတွင် နေထိုင်နေသူများ

ယခင်အိမ်ထောင်စုဝင် အချက်အလက်များနှင့်စပ်လျဥ်း၍ စစ်တမ်းကောက်ယူနေချိန်တွင် နိုင်ငံရပ်ခြား၌ ၆ လထက် ပိုမိုနေထိုင်သူများကို စာရင်းကောက်ယူခြင်းဖြစ်ပါသည်။

နိုင်ငံရပ်ခြားတွင်နေထိုင်သူများ၏ ပျမ်းမျှအသက် ၂၆ နှစ်ရှိပြီး ၎င်းတို့သည် ကျေးလက်ထက် မြို့ပြတွင်ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ နိုင်ငံခြားတွင် နေထိုင်သူအားလုံးနီးပါးသည် အလုပ်အကိုင်အတွက် နေထိုင်သူများ ဖြစ်ကြပါသည်။ နိုင်ငံခြားတွင် နေထိုင်သူအများစု၏ ၈၅ ရာခိုင်နှုန်းသည် ငွေ (သို့မဟုတ်) ကုန်ပစ္စည်းများကို အိမ်ထောင်စုဝင်များသို့ လွှဲပို့ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် အနည်းငယ်မြင့်မားကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ကျေးလက်မှ လူတစ်ယောက်သည် ပျမ်းမျှအားဖြင့် နှစ်စဉ်ငွေ ၂.၁ သန်းသာ ပို့နိုင်ကြောင်းတွေ့ရှိရပါသည်။ နိုင်ငံရပ်ခြားသို့ ထွက်ခွာသူများသည် နိုင်ငံရပ်ခြားတွင် ပျမ်းမျှအားဖြင့် ၄ နှစ်ခန့်နေထိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြဒေသမှ လူများသည် ကျေးလက်ဒေသရှိ လူများထက် ကြာရှည်စွာ နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

**ဇယား ၂၅။ နိုင်ငံခြားတွင် နေထိုင်သူများ၏ အချို့သော ဝိသေသလက္ခဏာများ**

| နယ်ပယ် | နိုင်ငံမှ ထွက်ခွာစဉ် ပျမ်းမျှ အသက် (နှစ်) | နိုင်ငံခြား နေထိုင်သည့် ပျမ်းမျှနှစ် အရေအတွက် | အလုပ် အကိုင် အတွက် နိုင်ငံခြား တွင်နေထိုင် သည့် လူဦးရေ | နိုင်ငံရပ်ခြား တွင်နေထိုင် သည့် လူ ၁၀၀ ဦးတွင် ငွေ (သို့) ပစ္စည်းပေးပို့ သည့် လူဦးရေ | နိုင်ငံခြားမှ ပျမ်းမျှလက်ခံရ ရှိသည့် ကျပ် ထောင်ပေါင်း |
|---|---|---|---|---|---|
| ပြည်ထောင်စု | ၂၅.၅ | ၃.၈ | ၉၇.၉ | ၈၅.၁ | ၈,၆၆၉.၄ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၂၇.၁ | ၄.၃ | ၉၆.၆ | ၈၁.၄ | ၄၃,၃၂၉.၄ |
| ကျေးလက် | ၂၅.၂ | ၃.၇ | ၉၈.၂ | ၈၅.၈ | ၂,၁၅၉.၃ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | |
| ကချင် | ၂၃.၆ | ၄.၂ | ၈၉.၈ | ၆၅.၇ | ၆၂၈.၀ |
| ကယား | ၂၆.၂ | ၃.၁ | ၉၇.၆ | ၉၂.၈ | ၁,၁၆၀.၃ |
| ကရင် | ၂၄.၇ | ၅.၃ | ၉၇.၀ | ၉၀.၉ | ၉၁၇.၃ |
| ချင်း | ၂၂.၃ | ၆.၁ | ၉၀.၀ | ၈၆.၃ | ၉၄၉.၄ |
| စစ်ကိုင်း | ၂၅.၃ | ၃.၀ | ၉၈.၃ | ၈၃.၂ | ၃,၂၃၁.၈ |
| တနင်္သာရီ | ၂၇.၀ | ၂.၈ | ၉၉.၈ | ၇၉.၆ | ၆၁၅.၆ |
| ပဲခူး | ၂၅.၃ | ၂.၉ | ၉၉.၅ | ၉၂.၂ | ၁၇,၆၇၈.၀ |
| မကွေး | ၂၆.၁ | ၂.၄ | ၉၇.၉ | ၉၀.၄ | ၉,၈၁၈.၂ |
| မန္တလေး | ၂၄.၂ | ၃.၇ | ၉၈.၉ | ၉၄.၉ | ၁,၉၈၀.၆ |
| မွန် | ၂၆.၅ | ၃.၀ | ၉၉.၀ | ၇၆.၃ | ၇၆၅.၈ |
| ရခိုင် | ၂၆.၄ | ၄.၀ | ၉၉.၈ | ၈၃.၇ | ၂,၄၉၀.၄ |
| ရန်ကုန် | ၂၇.၆ | ၅.၂ | ၁၀၀.၀ | ၉၂.၁ | ၁၂၆,၇၄၅.၀ |

| နယ်ပယ် | နိုင်ငံမှ ထွက်ခွာစဉ် ပျမ်းမျှ အသက် (နှစ်) | နိုင်ငံခြား နေထိုင်သည့် ပျမ်းမျှနှစ် အရေအတွက် | အလုပ် အကိုင် အတွက် နိုင်ငံခြား တွင်နေထိုင် သည့် လူဦးရေ | နိုင်ငံရပ်ခြား တွင်နေထိုင် သည့် လူ ၁၀၀ ဦးတွင် ငွေ (သို့) ပစ္စည်းပေးပို့ သည့် လူဦးရေ | နိုင်ငံခြားမှ ပျမ်းမျှလက်ခံရ ရှိသည့် ကျပ် ထောင်ပေါင်း |
|---|---|---|---|---|---|
| ရှမ်း | ၂၂.၃ | ၃.၅ | ၉၅.၈ | ၉၅.၉ | ၈၆၉.၇ |
| ဧရာဝတီ | ၂၅.၉ | ၃.၃ | ၉၅.၇ | ၅၆.၄ | ၆၆,၄၆၂.၃ |
| နေပြည်တော် | ၂၈.၆ | ၃.၁ | ၉၈.၉ | ၉၀.၄ | ၂,၁၁၃.၀ |

နိုင်ငံ၏အိမ်ထောင်စုဝင် ၆ ရာခိုင်နှုန်းတွင် လက်ရှိနိုင်ငံခြားတွင် အနည်းဆုံး ၁ ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးလက်ဒေသ၏ ရာခိုင်နှုန်းသည် မြို့ပြဒေသ၏ ရာခိုင်နှုန်းထက် ၂ ဆနီးပါး ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း နိုင်ငံခြားတွင် နေထိုင်နေသူရှိသည့် အိမ်ထောင်စုများတွင် ပျမ်းမျှခြင်းအားဖြင့် ၁.၇ ဦး နေထိုင်ကြောင်းတွေ့ရှိရပါသည်။ ဤအချက်နှင့်ပတ်သက်၍ မြို့ပြနှင့် ကျေးလက်ဒေသကြားတွင် သတ်မှတ်ချက်များ ပြောင်းလဲမှုမရှိပါ။ နိုင်ငံခြားတွင် နေထိုင်သူအများစုမှာ အမျိုးသမီးထက် အမျိုးသားဦးရေသည် အနည်းငယ်ပိုမိုကြောင်း တွေ့ရှိရပါသည်။

ဇယား ၂၆။ နိုင်ငံရပ်ခြားတွင် နေထိုင်သူများရှိသည့် အိမ်ထောင်စုရာခိုင်နှုန်း

| နယ်ပယ် | နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေ ပျမ်းမျှ အိမ်ထောင်စု | နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ပျမ်းမျှလူဦးရေ | | |
|---|---|---|---|---|
| | | ကျား | မ | လူဦးရေ |
| ပြည်ထောင်စု | ၆.၀ | ၁.၀ | ၀.၇ | ၁.၇ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၃.၆ | ၁.၀ | ၀.၇ | ၁.၆ |
| ကျေးလက် | ၆.၉ | ၁.၀ | ၀.၇ | ၁.၇ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | |
| ကချင် | ၁.၄ | ၀.၈ | ၀.၆ | ၁.၄ |
| ကယား | ၃.၄ | ၀.၉ | ၀.၁ | ၁.၁ |
| ကရင် | ၃၉.၀ | ၁.၂ | ၀.၉ | ၂.၁ |
| ချင်း | ၂၈.၉ | ၁.၃ | ၀.၅ | ၁.၈ |
| စစ်ကိုင်း | ၂.၇ | ၁.၀ | ၀.၄ | ၁.၃ |
| တနင်္သာရီ | ၁၉.၁ | ၀.၉ | ၀.၉ | ၁.၈ |
| ပဲခူး | ၆.၁ | ၀.၉ | ၀.၆ | ၁.၆ |
| မကွေး | ၄.၂ | ၁.၀ | ၀.၃ | ၁.၃ |
| မန္တလေး | ၃.၁ | ၁.၀ | ၀.၂ | ၁.၂ |
| မွန် | ၃၂.၃ | ၁.၁ | ၀.၉ | ၂.၁ |
| ရခိုင် | ၈.၀ | ၁.၂ | ၀.၃ | ၁.၄ |
| ရန်ကုန် | ၁.၇ | ၀.၈ | ၀.၅ | ၁.၃ |
| ရှမ်း | ၃.၆ | ၀.၅ | ၁.၀ | ၁.၅ |

| နယ်ပယ် | နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေ ပျမ်းမျှ အိမ်ထောင်စု | နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ပျမ်းမျှလူဦးရေ | | |
|---|---|---|---|---|
| | | ကျား | မ | လူဦးရေ |
| ဧရာဝတီ | ၁.၃ | ၀.၈ | ၀.၆ | ၁.၅ |
| နေပြည်တော် | ၁.၉ | ၀.၉ | ၀.၆ | ၁.၅ |

နိုင်ငံခြားတွင်နေထိုင်သူ ၉၈ ရာခိုင်နှုန်းသည် အလုပ်အကိုင်အတွက် နေထိုင်ကြသူများ ဖြစ်ပါသည်။ အချို့မှာ အလုပ်ရှာသူ (သို့) အလုပ်ရသူ (သို့) အလုပ်ပြောင်းရွှေ့သူများ ဖြစ်ကြပါသည်။ နိုင်ငံခြားတွင် နေထိုင်သူ ၉၈ ရာခိုင်နှုန်းတွင် ၇၄ ရာခိုင်နှုန်းသည် အလုပ်ရှာဖွေသူများ ဖြစ်ပြီး ၂၃.၄ ရာခိုင်နှုန်းသည် အလုပ်ရရှိရန် ဆက်သွယ်လုပ်ကိုင်နေသူများဖြစ်ပါသည်။ အခြားအရေးကြီးသည့်အကြောင်းပြချက်မှာ မိသားစုများနှင့် ရွှေ့ပြောင်းနေထိုင်သူဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းခန့် ရှိကြောင်းတွေ့ရပါသည်။

**ဇယား ၂၇။ နိုင်ငံရပ်ခြားတွင် သွားရောက်နေထိုင်ရခြင်း အကြောင်းအရင်းပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | နိုင်ငံရပ်ခြားတွင်သွားရောက်နေထိုင်ရခြင်း အကြောင်းအရင်း ရာခိုင်နှုန်း | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | အလုပ်အကိုင်/လုပ်ငန်းအခွင့်အလမ်းများရှာဖွေရန် | အလုပ်သစ် ဝင်ရောက်ရန် | အလုပ် အပြောင်း အရွှေ့ | ပညာသင်ရန် | လက်ထပ်ခြင်း | မိသားစု ပြောင်း ရွှေ့ခြင်း | ကျန်းမာရေး | လက်နက်ကိုင် ပဋိပက္ခ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၇၄.၀ | ၂၃.၄ | ၀.၅ | ၀.၄ | ၀.၄ | ၁.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | | | |
| မြို့ပြ | ၆၆.၈ | ၂၉.၈ | ၀.၀ | ၀.၉ | ၁.၃ | ၁.၀ | ၀.၂ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၇၅.၄ | ၂၂.၂ | ၀.၆ | ၀.၃ | ၀.၃ | ၁.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | | | |
| ကျား | ၇၃.၉ | ၂၃.၇ | ၀.၉ | ၀.၃ | ၀.၃ | ၀.၈ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| မ | ၇၄.၂ | ၂၃.၀ | ၀.၀ | ၀.၄ | ၀.၆ | ၁.၇ | ၀.၁ | ၀.၁ | ၀.၀ | ၁၀၀.၀ |
| အသက်အုပ်စု (နှစ်) | | | | | | | | | | |
| ၅-၁၄ | ၂၇.၈ | ၆.၃ | ၀.၀ | ၂၀.၁ | ၀.၀ | ၄၅.၉ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၁၅-၂၉ | ၇၃.၀ | ၂၅.၄ | ၀.၃ | ၀.၄ | ၀.၂ | ၀.၇ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၃၀-၄၄ | ၇၅.၇ | ၂၁.၉ | ၀.၈ | ၀.၁ | ၀.၄ | ၁.၀ | ၀.၁ | ၀.၁ | ၀.၀ | ၁၀၀.၀ |
| ၄၅-၆၄ | ၇၈.၅ | ၁၈.၈ | ၀.၀ | ၀.၀ | ၁.၄ | ၁.၂ | ၀.၂ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၆၅+ | ၁၀၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |

ထိုင်းနိုင်ငံတွင် ၇၄.၃ ရာခိုင်နှုန်း ၊ မလေးရှားနိုင်ငံတွင် ၁၄.၅ ရာခိုင်နှုန်း ၊ စင်္ကာပူနိုင်ငံတွင် ၂.၄ ရာခိုင်နှုန်းဖြင့် အများဆုံးပြောင်းရွှေ့နေထိုင်သည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင်ပြောင်းရွှေ့နေထိုင်သည့်လူများတွင် အမျိုးသမီးဦးရေများပြားပြီး မလေးရှားနိုင်ငံတွင် အမျိုးသား

ဦးရေများပြားသည်ကို တွေ့ရှိရပါသည်။ ကျေးလက်၊ မြို့ပြ နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသရှိလူများသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ပိုမိုသွားရောက်သည်ကို တွေ့ရှိရပြီး အခြားနိုင်ငံများသို့ မြို့ပြမှ လူဦးရေသည် ပိုမိုသွားရောက်ကြသည်ကို တွေ့ရှိရပါသည်။

**ဇယား ၂၈။ နိုင်ငံအလိုက် နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | နိုင်ငံအလိုက်နေထိုင်သည့်လူဦးရေရာခိုင်နှုန်း | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ထိုင်း | မလေးရှား | စင်ကာပူ | ယူအက်စ်အေ | ဘရူနိုင်း | တောင်ကိုရီးယား | ဆွစ်ဇာလန် | ဂျပန် | ဂျာမနီ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၇၄.၃ | ၁၄.၅ | ၂.၄ | ၁.၅ | ၁.၁ | ၁.၀ | ၀.၈ | ၀.၄ | ၀.၄ | ၃.၅ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | | | | |
| ကျား | ၆၈.၄ | ၁၉.၇ | ၁.၉ | ၁.၈ | ၀.၇ | ၁.၄ | ၁.၁ | ၀.၃ | ၀.၅ | ၄.၂ | ၁၀၀.၀ |
| မ | ၈၂.၉ | ၆.၉ | ၃.၁ | ၁.၁ | ၁.၈ | ၀.၅ | ၀.၄ | ၀.၅ | ၀.၂ | ၂.၄ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | | | | |
| မြို့ပြ | ၅၇.၂ | ၁၄.၉ | ၇.၇ | ၄.၈ | ၄.၀ | ၃.၁ | ၁.၃ | ၁.၁ | ၁.၃ | ၄.၆ | ၁၀၀.၀ |
| ကျေးလက် | ၇၇.၄ | ၁၄.၄ | ၁.၄ | ၀.၈ | ၀.၆ | ၀.၇ | ၀.၇ | ၀.၃ | ၀.၂ | ၃.၄ | ၁၀၀.၀ |

## အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း

စစ်တမ်းအရ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် ပုံမှန်အားဖြင့် ၎င်းတို့၏ အဓိကအလုပ်အပြင် အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၂၉။ အိမ်ထောင်စုသုံးစွဲရန် ကုန်ပစ္စည်းထုတ်လုပ်မှုဆောင်ရွက်ချက်များ**

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရန် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်း | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| လယ်ယာစိုက်ပျိုးရေးလုပ်ငန်း | ၉.၅ | ၇၈.၃ | ၀.၈ | ၁၁.၅ | ၁၀၀.၀ |
| တိရစ္ဆာန်ထိန်းကျောင်းခြင်း/မွေးမြူခြင်း | ၁၄.၆ | ၅၆.၉ | ၀.၈ | ၂၇.၇ | ၁၀၀.၀ |
| ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း(သို့) စားသောက်ကုန်များ စုဆောင်းခြင်း | ၁၄.၈ | ၆၇.၅ | ၃.၄ | ၁၄.၃ | ၁၀၀.၀ |

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရန် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်း | အလုပ်ရှင် | လုပ်သားအင်အား ပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| သိုလှောင်ရန်အတွက် စားသောက်ကုန်များ ပြုပြင်ခြင်း | ၁၂.၂ | ၄၂.၀ | ၀.၉ | ၄၄.၈ | ၁၀၀.၀ |
| အိမ်ထောင်စု (သို့) မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ(သို့)လက်မှုပစ္စည်းများပြုလုပ်ခြင်း | ၁၅.၈ | ၅၃.၁ | ၀.၄ | ၃၀.၇ | ၁၀၀.၀ |
| သဘာဝ(သို့)အများပြည်သူသုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ရေသယ်ခြင်း | ၂၆.၂ | ၄၇.၄ | ၀.၅ | ၂၅.၉ | ၁၀၀.၀ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြား ပစ္စည်းများ စုဆောင်းခြင်း | ၂၃.၄ | ၅၆.၆ | ၀.၆ | ၁၉.၅ | ၁၀၀.၀ |
| အိမ်ထောင်စုအဆောက်အဦဆောက်လုပ်ခြင်း (သို့) အဓိကပြင်ဆင်မှုပြုလုပ်ခြင်း | ၂၆.၁ | ၅၆.၄ | ၁.၀ | ၁၆.၅ | ၁၀၀.၀ |
| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်သည့်အလုပ်များ | ၂၂.၈ | ၅၂.၂ | ၀.၅ | ၂၄.၅ | ၁၀၀.၀ |

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် ပုံမှန်အားဖြင့် အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို အချိန်ပိုမိုလုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အလုပ်သမားများ၏ ပျမ်းမျှလုပ်ဆောင်မှုအချိန် ပြောင်းလဲမှုသည် အခြားလုပ်သားအင်အား အခြေအနေများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရှိရပါသည်။

**ဇယား ၃၀။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စုသုံးစွဲရန် အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှကုန်ဆုံးသည့်နာရီ**

| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင် လုပ်ငန်း | အလုပ်ရှင် | လုပ်သား အင်အားပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| စားသောက်ကုန် ထုတ်လုပ်ခြင်း | ၃၆.၈၉ | ၇၈.၉၅ | ၆၂.၄၅ | ၃၅.၁၇ | ၆၃.၆၀ |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များ ပြုပြင်ခြင်း | ၃၁.၅၃ | ၂၄.၄၄ | ၅.၇၂ | ၁၁.၆၀ | ၁၉.၃၅ |
| အိမ်ထောင်စု (သို့) မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ (သို့) လက်မှုပစ္စည်းများပြုလုပ်ခြင်း | ၃၁.၅၅ | ၄၁.၂၃ | ၁၄.၁၃ | ၂၀.၆၂ | ၃၃.၂၄ |
| သဘာဝ (သို့) အများပြည်သူသုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ရေသယ်ခြင်း | ၁၆.၄၆ | ၁၈.၇၇ | ၁၈.၆၀ | ၁၉.၁၆ | ၁၈.၂၆ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြား ပစ္စည်းများ စုဆောင်းခြင်း | ၁၉.၅၄ | ၂၄.၄၈ | ၂၅.၁၆ | ၂၁.၀၁ | ၂၂.၆၅ |
| အိမ်ထောင်စုအဆောက်အဦ ဆောက်လုပ်ခြင်း (သို့) အဓိကပြင်ဆင်မှုပြုလုပ်ခြင်း | ၁၄.၄၃ | ၂၆.၃၉ | ၁၄.၃၂ | ၁၂.၁၄ | ၂၀.၇၇ |

| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင် လုပ်ငန်း | အလုပ်လက်မဲ့ | လုပ်သား အင်အားပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့်အလုပ်များ | ၃၀.၉၇ | ၅၈.၅၉ | ၅၀.၆၂ | ၃၃.၂၈ | ၄၆.၀၃ |

## လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုနှင့် ကိုယ်တိုင်စားသုံးရန်အတွက် အလုပ်လုပ်ခြင်း

အမျိုးမျိုးသောလုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု အုပ်စုများအလိုက် ကိုယ်တိုင်အသုံးပြုရန် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပါသည်။ အဓိကအားဖြင့် အိမ်ထောင်စု (သို့) မိသားစုသီးသန့်သုံးစွဲရန်အတွက် သဘာဝ (သို့) အများပြည်သူပိုင်နေရာမှ ရေခပ်ယူခြင်းကို ပြုလုပ်ကြပြီး၊ ၎င်းနောက်တွင် မိသားစုသုံးစွဲရန်အတွက် ထင်း၊ မီးသွေး (သို့) အခြားပစ္စည်းများ စုဆောင်းခြင်းကို ပြုလုပ်ကြောင်းတွေ့ရှိရသည်။ အဆိုပါ ပုံ့နှံ့မှုရာခိုင်နှုန်း ပုံစံမျိုးကို အလုပ်ချိန်ဆိုင်ရာတစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ဖြစ်နေသည့် အမျိုးမျိုးသောအလုပ်အမျိုးအစား လုပ်ကိုင်နေသူများတွင် တွေ့ရှိရပါသည်။

ဇယား ၃၁။ လုပ်သားအင်အားအခြေအနေအလိုက် လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စုသုံးစွဲရန်အတွက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ဆောင်ရွက်ခဲ့သော ပါဝင်မှုရာခိုင်နှုန်း

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | အလုပ်လက်မဲ့ | ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | အလုပ်လက်မဲ့(သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား |
|---|---|---|---|---|
| လယ်ယာစိုက်ပျိုးရေးလုပ်ငန်း | ၇.၃ | ၇.၉ | ၁၀.၈ | ၇.၈ |
| တိရစ္ဆာန်ထိန်းကျောင်းခြင်း/ မွေးမြူခြင်း | ၈.၈ | ၁၀.၅ | ၁၃.၅ | ၉.၆ |
| ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း (သို့) စားသောက်ကုန်များ စုဆောင်းခြင်း | ၂.၃ | ၆.၃ | ၃.၄ | ၂.၉ |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များပြုပြင်ခြင်း | ၁.၃ | ၂.၂ | ၁.၆ | ၁.၅ |
| အိမ်ထောင်စု(သို့)မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ (သို့) လက်မှုပစ္စည်းများပြုလုပ်ခြင်း | ၁.၉ | ၁.၁ | ၁.၁ | ၁.၇ |
| သဘာဝ(သို့)အများပြည်သူသုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ ရေသယ်ခြင်း | ၃၇.၄ | ၁၈.၄ | ၃၉.၆ | ၃၅.၇ |

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | အလုပ်လက်မဲ့ | ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | အလုပ်လက်မဲ့(သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား |
|---|---|---|---|---|
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြားပစ္စည်းများစုဆောင်းခြင်း | ၂၅.၉ | ၁၅.၈ | ၂၂.၄ | ၂၄.၄ |
| အိမ်ထောင်စုအဆောက်အဦ ဆောက်လုပ်ခြင်း(သို့) အဓိက ပြင်ဆင်မှု ပြုလုပ်ခြင်း | ၃.၁ | ၂.၇ | ၃.၈ | ၃.၁ |
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်ခြင်း | ၅၀.၄ | ၃၁.၁ | ၅၁.၂ | ၄၈.၅ |

လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်သည့် အုပ်စုအားလုံး၏ ပျမ်းမျှအလုပ်ချိန်နာရီသည် ၄၄ နာရီနှင့် ၅၁ နာရီကြားရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးအစားများအားလုံးတွင် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့များအတွက်မူ နမူနာအရွယ်အစား သေးငယ်သဖြင့် ခန့်မှန်းတွက်ချက်ရန် မလွယ်ကူသည်ကို တွေ့ရှိရပါသည်။

ဇယား ၃၂။ လုပ်သားအင်အားအခြေအနေအလိုက် လွန်ခဲ့သော ၃၀ ရက်အတွင်း အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှ ကုန်ဆုံးသည့်နာရီ

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | အလုပ်လက်မဲ့ | ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | အလုပ်လက်မဲ့(သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား |
|---|---|---|---|---|
| စားသောက်ကုန်ထုတ်လုပ်ခြင်း | ၄၈.၉၈ | ၆၂.၄၅ | ၅၀.၁၀ | ၅၀.၅၂ |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များပြုပြင် ခြင်း | ၄၆.၉၈ | ၅.၇၂ | ၁၇.၈၄ | ၃၅.၄၅ |
| အိမ်ထောင်စု(သို့)မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ(သို့) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၅၇.၄၄ | ၁၄.၁၃ | ၅၁.၈၅ | ၅၃.၈၅ |
| သဘာဝ(သို့) အများပြည်သူ သုံးစွဲရန် အရင်းအမြစ်မှရေခပ်/ ရေသယ်ခြင်း | ၁၈.၀၇ | ၁၈.၆၀ | ၂၂.၅၇ | ၁၈.၈၀ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြားပစ္စည်းများစုဆောင်းခြင်း | ၂၅.၄၅ | ၂၅.၁၆ | ၂၅.၅၅ | ၂၅.၄၅ |

| **အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ** | **တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့** | **အလုပ်လက်မဲ့** | **ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား** | **အလုပ်လက်မဲ့(သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား** |
|---|---|---|---|---|
| အိမ်ထောင်စုအဆောက်အဦ ဆောက်လုပ်ခြင်း (သို့) အမိက ပြင်ဆင်မှုပြုလုပ်ခြင်း | ၁၁.၇၆ | ၁၄.၃၂ | ၁၁.၇၅ | ၁၂.၀၁ |
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့် အလုပ်များ | ၄၄.၂၁ | ၅၀.၆၂ | ၄၇.၈၅ | ၄၅.၂၄ |

## ၄။ ကလေးလုပ်သားစစ်တမ်းမှတွေ့ရှိချက်များ

ဤအပိုင်းတွင် ကလေးလုပ်သားစစ်တမ်းမှ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။

**ဇယား ၃၃။ ကလေးလုပ်သားစစ်တမ်းမှ အဓိကတွေ့ရှိချက်များ**

| အကြောင်းအရာ | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| ကလေးဦးရေ (၅-၁၇) နှစ် | ၁၂,၁၄၆,၄၆၃ | ၆,၀၁၀,၄၅၉ | ၆,၁၃၆,၀၀၄ |
| အလုပ်လုပ်သောကလေးဦးရေ | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| ကလေးအလုပ်သမားဦးရေ | ၁,၁၂၅,၆၆၁ | ၆၀၁,၄၇၁ | ၅၂၄,၁၉၀ |
| အန္တရာယ်ရှိသောလုပ်ငန်းခွင်ရှိ ကလေးလုပ်သားဦးရေ | ၆၁၆,၈၁၅ | ၃၃၇,၃၁၈ | ၂၇၉,၄၉၈ |
| အခြားကလေးလုပ်သားဦးရေ | ၅၀၈,၈၄၆ | ၂၆၄,၁၅၃ | ၂၄၄,၆၉၃ |
| အလုပ်လုပ်သောကလေးပါဝင်မှုရာခိုင်နှုန်း | ၁၀.၅ | ၁၁.၃ | ၉.၈ |
| ကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း | ၉.၃ | ၁၀.၀ | ၈.၅ |
| အန္တရာယ်ရှိသောလုပ်ငန်းခွင်ရှိကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း | ၅.၁ | ၅.၆ | ၄.၆ |
| အခြားကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း | ၄.၂ | ၄.၄ | ၄.၀ |

### ယေဘုယျလူဦးရေနှင့် ကလေးအရေအတွက်

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၄၈ သန်းရှိပြီး အမျိုးသမီးဦးရေ ၅၃ ရာခိုင်နှုန်း (၂၅.၄ သန်း) နှင့် အမျိုးသားဦးရေ ၄၇ ရာခိုင်နှုန်း (၂၂.၆ သန်း) ရှိပါသည်။ လူဦးရေ၏ ၂၇ ရာခိုင်နှုန်းသည် ၅ နှစ်မှ ၁၇ နှစ်အသက်အပိုင်းအခြားရှိသော ကလေးသူငယ်များ ဖြစ်သည်။ စုစုပေါင်း ကလေးသူငယ်ဦးရေ ၁၂ သန်းတွင် မိန်းကလေးနှင့် ယောကျ်ားလေးဦးရေမှာ ၆ သန်းစီ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကလေးသူငယ်ဦးရေ ၁၂ သန်း၏ ထက်ဝက်ကျော် (၅၄ ရာခိုင်နှုန်း) သည် အသက် ၅ နှစ်မှ ၁၁ နှစ် အထိရှိသော အငယ်ဆုံး အသက်အရွယ်အုပ်စုဖြစ်ပြီး၊ ၂၀ ရာခိုင်နှုန်းသည် ၁၅ နှစ်မှ ၁၇ နှစ်အထိရှိသော အကြီးဆုံးအသက်အရွယ်အုပ်စုဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသက်အရွယ်အုပ်စုအားလုံးတွင် ကျား၊ မ ပျမ်းမျှအရေအတွက်မှာ တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။

ကလေးသူငယ်များ၏ ၇၄ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး၊ ၂၅ ရာခိုင်နှုန်း ခန့်သာ မြို့ပြနေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်ဒေသများရှိ ကလေးများ၏ ကျား၊ မ ပေါင်းစပ်ပါဝင်မှုသည် အနီးစပ်ဆုံး တူညီသည်ကို တွေ့ရှိရမည်ဖြစ်ပြီး မြို့ပြဒေသတွင် ကျား၊ မ ပါဝင်မှုသည် ၂၅ ရာခိုင်နှုန်း စီနှင့် ကျေးလက်ဒေသတွင် ကျား၊ မ ပါဝင်မှုသည် ၇၅ ရာခိုင်နှုန်းစီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ်များ၏ အရေအတွက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ခြားနားမှုရှိသည်ကိုတွေ့ရှိရပါသည်။ ကလေးသူငယ်များပါဝင်မှုနှုန်းမှာ ရှမ်းပြည်နယ်တွင် (၁၃ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂.၃ ရာခိုင်နှုန်း)တို့ဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် (၀.၇ ရာခိုင်နှုန်း)ဖြင့် အနည်းဆုံးဖြစ်

သည်ကိုတွေ့ရှိရပါသည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ ကလေးသူငယ်ပျံ့နှံ့မှုရာခိုင်နှုန်းသည် ၁ မှ ၁၀ အတွင်းရှိသည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးတွင် ကျား၊ မ တန်းတူညီမျှမှုရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား ၃၄။ အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း**

| နယ်ပယ် | ပျံ့နှံ့မှုရာခိုင်နှုန်း | | | ကျား-မ အချိုး |
|---|---|---|---|---|
| | ကျား | မ | စုစုပေါင်း | |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၀.၉၈ |
| အသက်အုပ်စု | | | | |
| ၅-၁၁ နှစ် | ၅၅.၁ | ၅၃.၈ | ၅၄.၄ | ၁.၀၀ |
| ၁၂-၁၄ နှစ် | ၂၄.၂ | ၂၄.၆ | ၂၄.၄ | ၀.၉၆ |
| ၁၅-၁၇ နှစ် | ၂၀.၇ | ၂၁.၅ | ၂၁.၁ | ၀.၉၄ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၂၅.၉ | ၂၅.၅ | ၂၅.၇ | ၁.၀၀ |
| ကျေးလက် | ၇၄.၁ | ၇၄.၅ | ၇၄.၃ | ၀.၉၉ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | |
| ကချင် | ၂.၉ | ၃.၁ | ၃.၀ | ၀.၉၄ |
| ကယား | ၀.၇ | ၀.၇ | ၀.၇ | ၀.၉၇ |
| ကရင် | ၃.၆ | ၃.၈ | ၃.၇ | ၀.၉၂ |
| ချင်း | ၁.၃ | ၁.၃ | ၁.၃ | ၀.၉၃ |
| စစ်ကိုင်း | ၁၀.၇ | ၁၁.၀ | ၁၀.၉ | ၀.၉၄ |
| တနင်္သာရီ | ၃.၃ | ၃.၅ | ၃.၄ | ၀.၉၄ |
| ပဲခူး | ၉.၆ | ၉.၆ | ၉.၆ | ၀.၉၈ |
| မကွေး | ၇.၁ | ၇.၆ | ၇.၃ | ၀.၉၂ |
| မန္တလေး | ၁၁.၄ | ၁၁.၅ | ၁၁.၅ | ၀.၉၇ |
| မွန် | ၄.၆ | ၄.၃ | ၄.၅ | ၁.၀၄ |
| ရခိုင် | ၄.၅ | ၄.၆ | ၄.၆ | ၀.၉၈ |
| ရန်ကုန် | ၁၂.၆ | ၁၂.၀ | ၁၂.၃ | ၁.၀၃ |
| ရှမ်း | ၁၃.၃ | ၁၂.၇ | ၁၃.၀ | ၁.၀၂ |
| ဧရာဝတီ | ၁၂.၂ | ၁၁.၉ | ၁၂.၁ | ၁.၀၀ |
| နေပြည်တော် | ၂.၁ | ၂.၃ | ၂.၂ | ၀.၉၂ |

## အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သောကလေးတို့၏ ကျောင်းတက်ရောက်မှုနှင့် အိမ်မှုကိစ္စဆောင်ရွက်မှု

ကလေးသူငယ်များ၏ ၇၈ ရာခိုင်နှုန်းခန့်သည် ကျောင်းနေသော ကလေးများဖြစ်ကြသည်။ လူဦးရေအားဖြင့် ယောကျ်ားလေးဦးရေ ၄,၆၄၂,၇၄၂ ဦးနှင့် မိန်းကလေးဦးရေ ၄,၈၀၆,၆၇၅ ဦးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ကျား၊ မ အလိုက် ၇၇ ရာခိုင်နှုန်းခန့်စီ ရှိကြသည်ကို တွေ့ရှိရပါသည်။

ကျောင်းနေသော ကလေးများအား လေ့လာရာတွင် အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးသူငယ်များ၏ ၈၉ ရာခိုင်နှုန်းခန့်၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ ကလေးသူငယ်များ၏ ၈၀ ရာခိုင်နှုန်းနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များ၏ ၅၀ ရာခိုင်နှုန်းနီးပါးသာ ကျောင်းတက်ရောက်ကြသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စုအားလုံးတွင် ပညာသင်ကြားမှု၌ မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုများသည်ကိုတွေ့ရှိရပါသည်။ မြို့ပြနေ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပညာသင်ကြားမှုနှုန်းသည် ကျေးလက်ထက်ပို၍ မြင့်မားကြောင်းတွေ့ရသည်။

**ဇယား ၃၅။ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကျောင်းတက်နေသော ကလေးများ၏ ရာခိုင်နှုန်း**

| နယ်ပယ် | လက်ရှိ ကျောင်းတက်နေသော ကလေးရာခိုင်နှုန်း | | |
|---|---|---|---|
| | ကလေးများ | ယောကျ်ားလေး | မိန်းကလေး |
| ပြည်ထောင်စု | ၇၇.၈ | ၇၇.၂ | ၇၈.၃ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၈၁.၂ | ၈၀.၂ | ၈၂.၂ |
| ကျေးလက် | ၇၆.၆ | ၇၆.၂ | ၇၇.၀ |
| အသက်အုပ်စု (နှစ်) | | | |
| ၅-၁၁ | ၈၈.၈ | ၈၈.၃ | ၈၉.၄ |
| ၁၂-၁၄ | ၇၉.၈ | ၇၉.၀ | ၈၀.၆ |
| ၁၅-၁၇ | ၄၇.၀ | ၄၅.၈ | ၄၈.၂ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | |
| ကချင် | ၈၄.၉ | ၈၁.၇ | ၈၈.၀ |
| ကယား | ၇၈.၇ | ၇၈.၃ | ၇၉.၀ |
| ကရင် | ၇၄.၈ | ၇၃.၀ | ၇၆.၄ |
| ချင်း | ၈၆.၁ | ၈၅.၃ | ၈၆.၈ |
| စစ်ကိုင်း | ၇၆.၆ | ၇၆.၅ | ၇၆.၇ |
| တနင်္သာရီ | ၇၉.၉ | ၇၆.၈ | ၈၂.၈ |
| ပဲခူး | ၇၈.၀ | ၇၈.၉ | ၇၇.၀ |
| မကွေး | ၈၀.၁ | ၇၈.၉ | ၈၁.၂ |
| မန္တလေး | ၇၇.၅ | ၇၇.၉ | ၇၇.၁ |
| မွန် | ၇၇.၀ | ၇၅.၉ | ၇၈.၂ |
| ရခိုင် | ၅၇.၆ | ၅၈.၆ | ၅၆.၇ |
| ရန်ကုန် | ၈၀.၁ | ၇၈.၃ | ၈၂.၀ |
| ရှမ်း | ၈၀.၈ | ၈၀.၁ | ၈၁.၅ |
| ဧရာဝတီ | ၇၆.၂ | ၇၆.၂ | ၇၆.၃ |
| နေပြည်တော် | ၈၄.၉ | ၈၆.၁ | ၈၃.၉ |

မြန်မာနိုင်ငံတွင် ကျောင်းတက်ရောက်ခဲ့ဖူးသော ကလေးသူငယ်များ၏ ၈၃ ရာခိုင်နှုန်းသည် လက်ရှိကျောင်းတက်နေသူများဖြစ်ပြီး အလုပ်လုပ်ကိုင်ခြင်းမရှိပါ။ အဆိုပါရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေးသူငယ်များတွင် အများဆုံး (၉၇.၅ ရာခိုင်နှုန်း)

ဖြစ်ပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၈၂.၄ ရာခိုင်နှုန်းသည် ကျောင်းတက် ရောက်နေသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိအရွယ်တွင် ၎င်းတို့၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ကျောင်းထွက်လိုက်ကြပြီး ယင်းတို့အနက် ယောကျ်ားလေးဦးရေမှာ မိန်းကလေး ဦးရေထက်ပိုသည်ကို တွေ့ရပါသည်။ ပညာသင်ကြားမှုနှုန်း ကျဆင်းရခြင်း၏ အကြောင်းအရင်း ကို လေ့လာကြည့်လျှင် ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မှုအဆင့်အတန်း၊ အိမ်ထောင်စုဝင်များ ပါဝင် ဆောင်ရွက်မှု၊ ပိုမိုလိုအပ်သော စိုက်ပျိုးရေးနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ၏ သဘော သဘာဝ၊ အလုပ်နှင့် ပညာရေးအကြား ဝေခွဲမရဖြစ်ခြင်းနှင့် ကျောင်းနေရန် လက်လှမ်းမမီခြင်း စသည့် အချက်တို့အပေါ်တွင် မူတည်ပါသည်။

**ဇယား ၃၆။ အသက်အုပ်စုအလိုက် အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်နေသော အခြေအနေအလိုက် ကလေးပျံ့နှံ့မှု ရာခိုင်နှုန်း**

| အသက်အုပ်စု | ကျား/မ | အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်နေသော အခြေအနေအလိုက် ကလေးပျံ့နှံ့မှု ရာခိုင်နှုန်း | | | | | ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းတက်၊ အလုပ်လုပ် | ကျောင်းမတက် အလုပ်မလုပ် | ကျောင်းမတက် အလုပ်လုပ် | စုစုပေါင်း | |
| **ပြည်ထောင်စု** | **ကလေး** | **၈၃.၂** | **၀.၃** | **၆.၃** | **၁၀.၂** | **၁၀၀.၀** | **၁၁,၃၁၈,၉၁၀** |
| | ယောကျ်ားလေး | ၈၃.၀ | ၀.၃ | ၅.၆ | ၁၁.၁ | ၁၀၀.၀ | ၅,၅၇၄,၁၆၇ |
| | မိန်းကလေး | ၈၃.၄ | ၀.၃ | ၆.၉ | ၉.၄ | ၁၀၀.၀ | ၅,၇၄၄,၇၄၃ |
| **၅-၁၁** | **ကလေး** | **၉၇.၅** | **၀.၁** | **၂.၂** | **၀.၂** | **၁၀၀.၀** | **၆,၀၂၀,၈၇၇** |
| | ယောကျ်ားလေး | ၉၇.၆ | ၀.၁ | ၂.၁ | ၀.၂ | ၁၀၀.၀ | ၂,၉၉၁,၆၆၀ |
| | မိန်းကလေး | ၉၇.၃ | ၀.၁ | ၂.၃ | ၀.၃ | ၁၀၀.၀ | ၃,၀၂၉,၂၁၈ |
| **၁၂-၁၄** | **ကလေး** | **၈၂.၄** | **၀.၂** | **၈.၃** | **၉.၀** | **၁၀၀.၀** | **၂,၈၆၇,၁၅၂** |
| | ယောကျ်ားလေး | ၈၁.၉ | ၀.၂ | ၈.၄ | ၉.၄ | ၁၀၀.၀ | ၁,၄၀၀,၂၃၆ |
| | မိန်းကလေး | ၈၂.၉ | ၀.၂ | ၈.၃ | ၈.၇ | ၁၀၀.၀ | ၁,၄၆၆,၉၁၆ |
| **၁၅-၁၇** | **ကလေး** | **၄၈.၈** | **၀.၇** | **၁၄.၁** | **၃၆.၄** | **၁၀၀.၀** | **၂,၄၃၀,၈၈၀** |
| | ယောကျ်ားလေး | ၄၇.၃ | ၀.၈ | ၁၁.၃ | ၄၀.၆ | ၁၀၀.၀ | ၁,၁၈၂,၂၇၂ |
| | မိန်းကလေး | ၅၀.၃ | ၀.၇ | ၁၆.၆ | ၃၂.၄ | ၁၀၀.၀ | ၁,၂၄၈,၆၀၉ |

ဆယ်ကိန်းစုအဆင့်အလိုက် တစ်ဦးချင်းလစဉ်ပျမ်းမျှအသုံးစရိတ် အုပ်စုတိုင်းတွင် ပျမ်းမျှ ကျောင်းတက်ရောက်မှုအဆင့်သည် ၈၀ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရှိရသော်လည်း အနိမ့်ဆုံး အဆင့် ဖြစ်သည့် ၀-၂၀ အဆင့်တွင် ၇၉.၂ ရာခိုင်နှုန်းနှင့် အမြင့်ဆုံးအဆင့်ဖြစ်သည့် ၈၀-၁၀၀ အဆင့်တွင် ၈၉ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။ အမြင့်ဆုံးအဆင့်တွင်ရှိသော အိမ်ထောင်စုများ၏ ကလေးများအနေဖြင့် ကျောင်းထွက်၍ လုပ်သားဈေးကွက်သို့ ဝင်ရောက်မှု နှုန်းမှာ နည်းပါးသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုအနက် ၁၄ ခုတွင် ကျောင်းတက်သူဦးရေ ၇၅ ရာခိုင်နှုန်းထက်ပိုမိုပြီး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင် ကျောင်းတက်သူ မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။ ကလေးသူငယ်များ၏ ၁၅ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၁,၈၆၉,၄၉၃ ဦးသည် ကျောင်းတက်နိုင်ခြင်းမရှိဘဲ၊ ၎င်းကျောင်းမတက်သူဦးရေ၏ ၆၅ ရာခိုင်နှုန်းဖြစ်သော ၁,၂၂၅,၇၇၅ ဦးမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများ ဖြစ်ကြပါသည်။ ကလေးသူငယ်အားလုံး၏ ၆.၅ ရာခိုင်နှုန်းခန့်သည် ကျောင်းလုံးဝတက်ရောက်ဖူးခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စများ**

စျေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အဝတ်လျှော်ခြင်း စသည်တို့သည် ကလေးသူငယ်များ အများဆုံးဆောင်ရွက်ကြရသည့် အိမ်မှုကိစ္စများဖြစ်ပြီး၊ ထမင်းဟင်းချက်ပြုတ်ခြင်းကို မိန်းကလေးအများစုက ဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါသည်။ အိမ်မှုကိစ္စများဆောင်ရွက်ခြင်းလုပ်ငန်းကို ရာခိုင်နှုန်းအားဖြင့် မိန်းကလေးများက ယောကျ်ားလေးများထက် ပိုမိုဆောင်ရွက်ကြရသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ရှိ အလုပ်လုပ်သောကလေးသူငယ်များ၏ အိမ်မှုကိစ္စဆောင်ရွက်မှုတွင် မိန်းကလေးများ၏ ရာခိုင်နှုန်းသည် ယောကျ်ားလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်နေထိုင်ခြင်းအား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ လေ့လာရာတွင် အလုပ်လုပ်သော ကလေးသူငယ်များသည် အိမ်မှုကိစ္စများကို ဆောင်ရွက်ရာ၌ အလုပ်မလုပ်သော ကလေးသူငယ်များထက် ပို၍ဆောင်ရွက်ကြရသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်နေသည်ဖြစ်စေ အလုပ်မလုပ်သည်ဖြစ်စေ အိမ်မှုကိစ္စများ အများဆုံးဆောင်ရွက်ရသည့် အသက်အုပ်စုမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စုဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကလေးသူငယ်များ၏ လေးပုံသုံးပုံခန့်သည် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့် အိမ်မှုကိစ္စများကို ဆောင်ရွက်ရလေ့ရှိပါသည်။ မြို့ပြနေကလေးသူငယ်များ၏ အိမ်မှုကိစ္စဆောင်ရွက်မှုနှုန်းသည် ကျေးလက်ဒေသနေ ကလေးသူငယ်များထက် ပိုမိုသည်ကိုတွေ့ရှိရပြီး ကျေးလက်၊ မြို့ပြ မခွဲခြားဘဲ ကလေးများ၏ အိမ်မှုကိစ္စ ဆောင်ရွက်မှုနှုန်းကို လေ့လာကြည့်လျှင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုသည်ကိုတွေ့ရှိရပါသည်။

အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးသူငယ်များတွင် မိန်းကလေးများ၏ ၉၀ ရာခိုင်နှုန်းနှင့် ယောကျ်ားလေးများ၏ ၃၄ ရာခိုင်နှုန်းတို့သည် တစ်ပတ်တွင် အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများကို ဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါသည်။

ဇယား ၃၇။ ကျား၊ မ အလိုက် အိမ်မှုကိစ္စ ဆောင်ရွက်ရသည့် အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စများကို လုပ်ကိုင်သော ကလေးရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများ လျှော်ဖွတ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲ့ပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာ သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးအားလုံး** | | | | | | | | |
| **ပြည်ထောင်စု** | ၁၄.၂ | ၂၃.၆ | ၁၉.၁ | ၁၇.၉ | ၉.၉ | ၁၁.၃ | ၆.၆ | ၁၃.၅ |
| ယောကျ်ားလေး | ၇.၇ | ၁၉.၃ | ၁၃.၈ | ၁၁.၉ | ၈.၁ | ၈.၈ | ၅.၂ | ၁၀.၇ |
| မိန်းကလေး | ၂၀.၆ | ၂၇.၉ | ၂၄.၃ | ၂၃.၈ | ၁၁.၇ | ၁၃.၇ | ၈.၁ | ၁၆.၂ |
| **အလုပ်လုပ်သောကလေး** | | | | | | | | |
| **ပြည်ထောင်စု** | ၃၂.၈ | ၃၅.၉ | ၃၃.၃ | ၃၇.၈ | ၂၂.၁ | ၁၉.၁ | ၁၅.၁ | ၂၅.၉ |
| ယောကျ်ားလေး | ၁၇.၃ | ၂၆.၁ | ၂၂.၀ | ၂၅.၁ | ၁၈.၅ | ၁၄.၆ | ၁၁.၅ | ၂၀.၀ |
| မိန်းကလေး | ၅၀.၃ | ၄၆.၉ | ၄၅.၉ | ၅၂.၁ | ၂၆.၁ | ၂၄.၀ | ၁၉.၀ | ၃၂.၆ |
| **အလုပ်မလုပ်သောကလေး** | | | | | | | | |
| **ပြည်ထောင်စု** | ၁၂.၀ | ၂၂.၂ | ၁၇.၄ | ၁၅.၆ | ၈.၅ | ၁၀.၄ | ၅.၇ | ၁၂.၁ |
| ယောကျ်ားလေး | ၆.၅ | ၁၈.၄ | ၁၂.၈ | ၁၀.၃ | ၆.၈ | ၈.၁ | ၄.၄ | ၉.၆ |
| မိန်းကလေး | ၁၇.၃ | ၂၅.၈ | ၂၂.၀ | ၂၀.၇ | ၁၀.၁ | ၁၂.၆ | ၆.၉ | ၁၄.၅ |

ဇယား ၃၈။ ဒေသအလိုက်အလုပ်လုပ်နေသော ကလေး၊ အလုပ်မလုပ်သော ကလေးများ၏ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စလုပ်ကိုင်နေသော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများလျှော်ဖွတ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲ့ပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာ သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးအားလုံး** | | | | | | | | |
| **ပြည်ထောင်စု** | ၁၄.၂ | ၂၃.၆ | ၁၉.၁ | ၁၇.၉ | ၉.၉ | ၁၁.၃ | ၆.၆ | ၁၃.၅ |
| မြို့ပြ | ၁၁.၂ | ၂၂.၄ | ၁၇.၁ | ၁၅.၇ | ၈.၅ | ၈.၈ | ၅.၇ | ၁၁.၃ |
| ကျေးလက် | ၁၅.၃ | ၂၄.၁ | ၁၉.၈ | ၁၈.၇ | ၁၀.၄ | ၁၂.၂ | ၇.၀ | ၁၄.၃ |

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စလုပ်ကိုင်နေသော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများလျှော်ဖွပ်ခြင်း | အိမ်ထောင်စုဝင် အသေးအဖွဲ့ပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ ဖျားနာမကျန်း သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **အလုပ်လုပ်နေသောကလေး** | | | | | | | | |
| ပြည်ထောင်စု | ၃၂.၈ | ၃၅.၉ | ၃၃.၃ | ၃၇.၈ | ၂၂.၁ | ၁၉.၁ | ၁၅.၁ | ၂၅.၉ |
| မြို့ပြ | ၂၅.၂ | ၃၀.၂ | ၃၂.၃ | ၃၁.၀ | ၂၃.၆ | ၁၆.၆ | ၁၇.၂ | ၂၅.၄ |
| ကျေးလက် | ၃၄.၇ | ၃၇.၃ | ၃၃.၅ | ၃၉.၅ | ၂၁.၇ | ၁၉.၇ | ၁၄.၅ | ၂၆.၁ |
| **အလုပ်မလုပ်သောကလေး** | | | | | | | | |
| ပြည်ထောင်စု | ၁၂.၀ | ၂၂.၂ | ၁၇.၄ | ၁၅.၆ | ၈.၅ | ၁၀.၄ | ၅.၇ | ၁၂.၁ |
| မြို့ပြ | ၉.၉ | ၂၁.၇ | ၁၅.၈ | ၁၄.၄ | ၇.၁ | ၈.၁ | ၄.၇ | ၁၀.၀ |
| ကျေးလက် | ၁၂.၈ | ၂၂.၄ | ၁၈.၀ | ၁၆.၀ | ၉.၀ | ၁၁.၂ | ၆.၀ | ၁၂.၈ |

ဇယား ၃၉။ အသက်အုပ်စုအလိုက် အိမ်မှုကိစ္စဆောင်ရွက်ရသည့် အလုပ်လုပ်နေသောကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများ လျှော်ဖွပ်ခြင်း | အိမ်ထောင်စုဝင် အသေးအဖွဲ့ပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ ဖျားနာမကျန်း သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးများအားလုံး** | | | | | | | | |
| ပြည်ထောင်စု | ၁၄.၂ | ၂၃.၆ | ၁၉.၁ | ၁၇.၉ | ၉.၉ | ၁၁.၃ | ၆.၆ | ၁၃.၅ |
| ၅-၁၁ | ၃.၇ | ၁၄.၂ | ၉.၃ | ၅.၄ | ၄.၀ | ၇.၂ | ၂.၉ | ၆.၆ |
| ၁၂-၁၄ | ၂၀.၅ | ၃၃.၅ | ၂၈.၅ | ၂၈.၁ | ၁၄.၁ | ၁၅.၇ | ၈.၉ | ၁၈.၆ |
| ၁၅-၁၇ | ၃၂.၈ | ၃၆.၇ | ၃၃.၇ | ၃၈.၆ | ၂၀.၂ | ၁၆.၉ | ၁၃.၇ | ၂၅.၃ |
| **အလုပ်လုပ်နေသောကလေး** | | | | | | | | |
| ပြည်ထောင်စု | ၃၂.၈ | ၃၅.၉ | ၃၃.၃ | ၃၇.၈ | ၂၂.၁ | ၁၉.၁ | ၁၅.၁ | ၂၅.၉ |
| ၅-၁၁ | ၂၃.၀ | ၃၀.၀ | ၂၃.၆ | ၁၉.၄ | ၇.၂ | ၁၅.၀ | ၅.၂ | ၁၈.၄ |
| ၁၂-၁၄ | ၃၀.၀ | ၃၆.၇ | ၃၂.၂ | ၃၇.၇ | ၂၁.၅ | ၁၈.၁ | ၁၁.၁ | ၂၃.၂ |
| ၁၅-၁၇ | ၃၃.၉ | ၃၅.၈ | ၃၃.၈ | ၃၈.၃ | ၂၂.၆ | ၁၉.၄ | ၁၆.၅ | ၂၆.၉ |

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများ လျှော်ဖွတ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာ သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| အလုပ်မလုပ်သောကလေး | | | | | | | | |
| ပြည်ထောင်စု | ၁၂.၀ | ၂၂.၂ | ၁၇.၄ | ၁၅.၆ | ၈.၅ | ၁၀.၄ | ၅.၇ | ၁၂.၁ |
| ၅-၁၁ | ၃.၇ | ၁၄.၁ | ၉.၂ | ၅.၃ | ၄.၀ | ၇.၁ | ၂.၉ | ၆.၆ |
| ၁၂-၁၄ | ၂၀.၆ | ၃၃.၁ | ၂၈.၁ | ၂၇.၀ | ၁၃.၃ | ၁၅.၄ | ၈.၇ | ၁၈.၂ |
| ၁၅-၁၇ | ၃၂.၁ | ၃၇.၂ | ၃၃.၆ | ၃၈.၈ | ၁၈.၇ | ၁၅.၄ | ၁၂.၀ | ၂၄.၄ |

## အလုပ်လုပ်သောကလေးသူငယ်များ

ကလေးသူငယ်များ၏ ၁၀.၅ ရာခိုင်နှုန်း သို့မဟုတ် ၁,၂၇၈,၉၀၉ ဦးသည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ပြီး ယောကျ်ားလေးဦးရေ ၆၇၆,၂၀၈ နှင့် မိန်းကလေးဦးရေ ၆၀၂,၇၀၁ ဦးရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များ၏ ၇၅ ရာခိုင်နှုန်း သို့မဟုတ် ၉၆၆,၇၅၈ ဦးသည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ပြီး၊ ယောကျ်ားလေး ၅၃ ရာခိုင်နှုန်း နှင့် မိန်းကလေး ၄၇ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပြီး ၎င်းတို့၏ ၅၃ ရာခိုင်နှုန်းသည် ယောကျ်ားလေးများ ဖြစ်ကြသည်ကိုတွေ့ရှိရပါသည်။ အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၅၇ ရာခိုင်နှုန်းသည် လုပ်ခလစာရ အလုပ်သမားများ ဖြစ်ကြပြီး၊ ကျန်လူဦးရေသည် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ခမရသော မိသားစုဝင်လုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်းများနှင့် အဓိကအလုပ်အကိုင်များ

အလုပ်လုပ်နေသော ကလေးသူငယ်များ အဓိကလုပ်ကိုင်ရသော လုပ်ငန်းများမှာ ရာခိုင်နှုန်းအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ငါးလုပ်ငန်းများတွင် ၆၀.၅ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်ငန်းများတွင် ၁၂ ရာခိုင်နှုန်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ၁၁.၁ ရာခိုင်နှုန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ၆.၁ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား ၄၀။ ကျား၊ မ နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| လုပ်ငန်းအမျိုးအစား | ပျံ့နှံ့မှုရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | မြို့ပြ ယောကျ်ားလေး | မြို့ပြ မိန်းကလေး | ကျေးလက် ယောကျ်ားလေး | ကျေးလက် မိန်းကလေး | အားလုံး |
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၉.၄ | ၁၀.၈ | ၇၃.၂ | ၇၂.၂ | ၆၀.၅ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၉ | ၁.၀ | ၁.၀ | ၀.၆ | ၀.၈ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂၃.၈ | ၂၅.၀ | ၈.၄ | ၉.၈ | ၁၂.၀ |
| လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၀.၄ | ၀.၅ | ၀.၀ | ၀.၂ | ၀.၂ |
| ဆောက်လုပ်ရေး | ၁၄.၃ | ၃.၄ | ၄.၇ | ၀.၇ | ၄.၀ |
| လက်လီ၊ လက်ကားရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၃၃.၈ | ၃၆.၆ | ၃.၂ | ၇.၅ | ၁၁.၁ |
| တည်းခိုရေးနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း | ၂.၇ | ၂.၆ | ၀.၇ | ၁.၀ | ၁.၂ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်း သိုလှောင်ရေးလုပ်ငန်း | ၂.၆ | ၀.၅ | ၂.၂ | ၀.၃ | ၁.၄ |
| စီမံအုပ်ချုပ်ရေးနှင့် အထောက်အကူပြု မှုဆိုင်ရာ လုပ်ငန်းများ | ၂.၄ | ၂.၆ | ၁.၈ | ၁.၃ | ၁.၈ |
| အိမ်ဖော်နှင့်ဆိုင်သော ဝန်ဆောင်မှု လုပ်ငန်းများ | ၀.၅ | ၇.၇ | ၀.၁ | ၀.၃ | ၀.၉ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၉.၂ | ၉.၃ | ၄.၇ | ၆.၁ | ၆.၁ |
| **အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ** | ၁၃၉,၄၉၈ | ၁၁၂,၁၇၃ | ၅၃၆,၇၁၁ | ၄၉၀,၅၂၇ | ၁,၂၇၈,၉၀၉ |

မြို့ပြနေ ကလေးသူငယ်များသည် လက်မှုပညာနှင့်ဆက်စပ်သော လုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်ငန်းများကို အများအားဖြင့်လုပ်ကိုင်လေ့ရှိကြပြီး၊ ကျေးလက်ဒေသများတွင်မူ လယ်ယာလုပ်ငန်းနှင့် အခြေခံလွယ်ကူသော လုပ်ငန်းများကို လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသ စိုက်ပျိုးရေးလုပ်ငန်းများသည် ကလေးများအတွက် ပိုမိုလွတ်လပ်မှုရှိပြီး ယောကျ်ားလေးနှင့် မိန်းကလေးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိစေနိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား ၄၁။ မြို့ပြနှင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| အဓိကအလုပ်အကိုင်အုပ်စု | မြို့ပြ ယောကျ်ားလေး | မြို့ပြ မိန်းကလေး | ကျေးလက် ယောကျ်ားလေး | ကျေးလက် မိန်းကလေး |
|---|---|---|---|---|
| **အလုပ်လုပ်ကိုင်နေသောကလေး** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၂၅.၄ | ၄၂.၈ | ၃.၇ | ၈.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၇.၈ | ၇.၇ | ၅၇.၆ | ၅၀.၃ |
| စက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၃၅.၁ | ၁၆.၄ | ၉.၇ | ၉.၅ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၄.၃ | ၃.၃ | ၂.၈ | ၂.၀ |
| အခြေခံအလုပ်အကိုင်များ | ၂၅.၃ | ၂၆.၈ | ၂၅.၇ | ၂၉.၅ |
| အခြား | ၂.၁ | ၃.၀ | ၀.၅ | ၀.၇ |
| **အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ** | ၁၃၉,၄၉၈ | ၁၁၂,၁၇၃ | ၅၃၆,၇၁၁ | ၄၉၀,၅၂၇ |

## အလုပ်ချိန်

ကလေးသူငယ်များသည် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၅၂ နာရီခန့် အလုပ်လုပ်ကြရပြီး မိန်းကလေးများက ယောကျ်ားလေးများထက် အလုပ်ချိန် အနည်းငယ် ပိုသည်ကိုတွေ့ရသည်။ အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၂၄.၄ ရာခိုင်နှုန်း မှ ၃၃.၆ ရာခိုင်နှုန်းအထိသည် တစ်ပတ်လျှင် အလုပ်ချိန် ၆၀ နာရီနှင့် ၅၀ နာရီမှ ၅၉ နာရီအထိ ပိုမိုလုပ်ကိုင်ရသော ခက်ခဲပင်ပန်းသည့်လုပ်ငန်းများကို လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ တစ်နည်းဆိုရလျှင် ယင်းကလေးသူငယ်များသည် ရက်သတ္တတစ်ပတ်လျှင် အလုပ်လုပ်ရက် ၆ ရက်နှင့်တွက်ပါက တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီမှ ၁၀ နာရီထိ လုပ်ကိုင်ကြရကြောင်းတွေ့ရှိရပါသည်။ နာရီ ၆၀ လုပ်ကိုင်နေသည့်အုပ်စုတွင် မိန်းကလေးများ၏ ရာခိုင်နှုန်းမြင့်မားသည်ကလွဲ၍ ဤအုပ်စုများတွင် ယောကျ်ားလေးများသည် ရာခိုင်နှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား ၄၂။ တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | ခန့်မှန်း အလုပ်လုပ်သော ကလေး ဦးရေ |
|---|---|---|---|---|---|---|
| | ၄၀ နာရီ အောက် | ၄၀-၄၉ နာရီ | ၅၀-၅၉ နာရီ | နာရီ ၆၀ နှင့် အထက် | စုစုပေါင်း | |
| ပြည်ထောင်စု | ၁၇.၆ | ၂၅.၄ | ၃၃.၆ | ၂၄.၄ | ၁၀၀.၀ | ၁,၂၇၈,၉၀၉ |
| **ကျား၊ မ** | | | | | | |
| ယောကျ်ားလေး | ၁၆.၄ | ၂၆.၀ | ၃၄.၆ | ၂၂.၉ | ၁၀၀.၀ | ၆၇၆,၂၀၈ |
| မိန်းကလေး | ၁၆.၇ | ၂၄.၇ | ၃၂.၄ | ၂၆.၁ | ၁၀၀.၀ | ၆၀၂,၇၀၁ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| မြို့ပြ | ၁၄.၇ | ၂၆.၆ | ၂၅.၄ | ၃၃.၃ | ၁၀၀.၀ | ၂၅၁,၆၇၁ |
| ကျေးလက် | ၁၇.၁ | ၂၅.၁ | ၃၅.၆ | ၂၂.၃ | ၁၀၀.၀ | ၁,၀၂၇,၂၃၈ |
| **အသက်အုပ်စု (နှစ်)** | | | | | | |
| ၅-၁၁ | ၃၄.၉ | ၂၈.၈ | ၂၄.၂ | ၁၂.၁ | ၁၀၀.၀ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၁၉.၆ | ၁၉.၄ | ၃၅.၃ | ၃၅.၈ | ၁၀၀.၀ | ၂၉၀,၂၁၆ |
| ၁၅-၁၇ | ၁၅.၂ | ၂၇.၁ | ၃၃.၃ | ၂၄.၃ | ၁၀၀.၀ | ၉၆၆,၇၅၈ |

၎င်းတို့ လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်းများတွင် ကလေးသူငယ်များ၏ အလုပ်ချိန်သည် ပျမ်းမျှတစ်ပတ်လျှင် ၅၂ နာရီ ရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြနေ ကလေးသူငယ်များ၏ အလုပ်ချိန်သည် ကျေးလက်နေကလေး သူငယ်များ၏ အလုပ်ချိန်ထက် အနည်းငယ်ပိုသည်ကို တွေ့ရသည်။

**လုပ်ခ လစာရရှိမှုနှင့် ပေးချေမှုကာလအပိုင်းအခြား**

လုပ်ခလစာရအလုပ် လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ၆၁ ရာခိုင်နှုန်းခန့်သည် ၎င်းတို့၏ နောက်ဆုံးလုပ်ခကို တစ်ရက်အတွက်ရရှိပြီး ရာခိုင်နှုန်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြနေ ကလေးသူငယ်အများစုသည် လုပ်ခကို တစ်လတစ်ကြိမ်ရရှိပြီး ကျေးလက်နေကလေးသူငယ်အများစုမှာမူ လုပ်ခကိုနေ့အလိုက်ရရှိသည်ကိုတွေ့ရသည်။ လစာကို လအလိုက်ရရှိသော မြို့ပြနေ ကလေးသူငယ်များ တွင် မိန်းကလေး ၆၅ ရာခိုင်နှုန်း နှင့် ယောကျ်ားလေး ၄၇ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရှိရ ပါသည်။

အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များတွင် လအလိုက်နှင့် နေ့အလိုက် လုပ်ခရရှိမှု ရာခိုင်နှုန်းကို လေ့လာကြည့်လျှင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရ ပါသည်။

မြို့ပြနေ ယောကျ်ားလေးများသည် ကျေးလက်နေ ယောကျ်ားလေးများထက် လုပ်ခလစာ ပိုမိုများပြားပြီး၊ အခြားတစ်ဘက်တွင်မူ ကျေးလက်ရှိ နေ့စားမိန်းကလေးများ၏ လစာသည် မြို့ပြရှိ နေ့စားမိန်းကလေးများလစာထက် ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက်

များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လေ့လာရာတွင် တစ်ရက်အတွက် သို့မဟုတ် တစ်လအတွက် လုပ်ခရရှိမှု၌ ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

အသက်အရွယ်အလိုက် လေ့လာရာ၌ အသက်အုပ်စုအားလုံးတွင် လုပ်ခကိုနေ့အလိုက်ရရှိမှုသည် ပိုမိုမြင့်မားသည်ကိုတွေ့ရှိရပါသည်။ ပျမ်းမျှအားဖြင့် ကလေးအလုပ်သမားတစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ကျပ်ရရှိပြီး သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်မားဆုံးအနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ ကျပ်ရရှိကြောင်း တွေ့ရှိ ရပါသည်။

**ဇယား ၄၃။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်ခရ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ လုပ်ခ/လစာရရှိသည့် ကာလအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | နောက်ဆုံး လစာရရှိသည့် ကာလ | | | | | | လစာရရှိသည့် ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | တစ်ရက် | တစ်ပတ် | နှစ်ပတ် | တစ်လ | အခြား | စုစုပေါင်း | |
| **ပြည်ထောင်စု** | **၆၁.၁** | **၆.၁** | **၀.၆** | **၂၉.၉** | **၂.၃** | **၁၀၀.၀** | **၇၁၆,၈၇၇** |
| ယောကျ်ားလေး | ၆၃.၅ | ၅.၂ | ၁.၀ | ၂၇.၃ | ၃.၀ | ၁၀၀.၀ | ၃၆၉,၅၁၄ |
| မိန်းကလေး | ၅၈.၇ | ၆.၉ | ၀.၃ | ၃၂.၇ | ၁.၅ | ၁၀၀.၀ | ၃၄၇,၃၆၄ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | |
| **မြို့ပြ** | **၃၅.၃** | **၇.၆** | **၁.၁** | **၅၅.၀** | **၁.၀** | **၁၀၀.၀** | **၁၉၁,၉၅၅** |
| ယောကျ်ားလေး | ၄၁.၄ | ၈.၂ | ၂.၁ | ၄၆.၈ | ၁.၄ | ၁၀၀.၀ | ၁၀၅,၁၃၀ |
| မိန်းကလေး | ၂၇.၇ | ၆.၈ | ၀.၀ | ၆၅.၀ | ၀.၄ | ၁၀၀.၀ | ၈၆,၈၂၅ |
| **ကျေးလက်** | **၇၀.၆** | **၅.၅** | **၀.၅** | **၂၀.၇** | **၂.၇** | **၁၀၀.၀** | **၅၂၄,၉၂၃** |
| ယောကျ်ားလေး | ၇၂.၂ | ၄.၁ | ၀.၅ | ၁၉.၅ | ၃.၇ | ၁၀၀.၀ | ၂၆၄,၃၈၄ |
| မိန်းကလေး | ၆၉.၀ | ၇.၀ | ၀.၄ | ၂၁.၉ | ၁.၈ | ၁၀၀.၀ | ၂၆၀,၅၃၉ |
| **အသက်အုပ်စု** | | | | | | | |
| **၅-၁၁** | **၇၁.၀** | **၀.၀** | **၀.၀** | **၂၉.၀** | **၀.၀** | **၁၀၀.၀** | **၁၀,၃၃၂** |
| ယောကျ်ားလေး | ၆၇.၉ | ၀.၀ | ၀.၀ | ၃၂.၁ | ၀.၀ | ၁၀၀.၀ | ၁,၀၄၉* |
| မိန်းကလေး | ၇၁.၄ | ၀.၀ | ၀.၀ | ၂၈.၆ | ၀.၀ | ၁၀၀.၀ | ၉,၂၈၂* |
| **၁၂-၁၄** | **၅၉.၂** | **၆.၀** | **၁.၄** | **၃၀.၁** | **၃.၄** | **၁၀၀.၀** | **၁၇၁,၉၂၂** |
| ယောကျ်ားလေး | ၆၂.၃ | ၄.၂ | ၁.၉ | ၂၆.၉ | ၄.၆ | ၁၀၀.၀ | ၈၈,၉၃၇ |
| မိန်းကလေး | ၅၅.၇ | ၇.၉ | ၀.၉ | ၃၃.၄ | ၂.၀ | ၁၀၀.၀ | ၈၂,၉၈၅ |
| **၁၅-၁၇** | **၆၁.၆** | **၆.၂** | **၀.၄** | **၂၉.၈** | **၁.၉** | **၁၀၀.၀** | **၅၃၄,၆၂၄** |
| ယောကျ်ားလေး | ၆၃.၈ | ၅.၆ | ၀.၇ | ၂၇.၄ | ၂.၅ | ၁၀၀.၀ | ၂၇၉,၅၂၇ |
| မိန်းကလေး | ၅၉.၂ | ၆.၉ | ၀.၁ | ၃၂.၅ | ၁.၃ | ၁၀၀.၀ | ၂၅၅,၀၉၆ |

* ဤခန့်မှန်းချက်များကို အလွန်နည်းပါးသော နမူနာပေါ်တွင် အခြေခံထားပါသည်။ နမူနာကောက်ယူရာတွင် အဆိုပါ အသက်အုပ်စုများရှိ လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်လျက်ရှိသော ယောကျ်ားလေး ၃ ဦးနှင့် မိန်းကလေး ၁၂ ဦးသာရှိပါသည်။

## လုပ်ငန်းနေရာနှင့် လုပ်ငန်းပိုင်ဆိုင်မှု

အလုပ်လုပ်နေသော ကလေးသူငယ်အများစု (၅၅.၇ ရာခိုင်နှုန်း)သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနေရာများ၊ ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ကျေးလက်တွင် အလုပ်လုပ်သော ကလေးသူငယ်များ၏ ၆၆ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းခွင်များ၌ လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စု၏ ၅၇ ရာခိုင်နှုန်း နှင့် အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်း အသက်အုပ်စု၏ ၅၃ ရာခိုင်နှုန်းတို့သည် လယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်ကြရသည်ကိုတွေ့ရှိရသည်။

ဇယား ၄၄။ အလုပ်လုပ်ကိုင်နေသည့် အလုပ်နေရာအလိုက် ကလေးများပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသော ကလေးရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အိမ်ထဲ (သို့) အိမ်ဘေး | အလုပ်ရှင်၏ အိမ်/ အလုပ် နေရာ | နေရာ အတည်တကျနှင့် အဆောက်အဦ | နေရာ အတည်တကျ ရှိသော် လည်း အဆောက်အဦမရှိ | နေရာအတည်တကျမရှိ (လမ်းတွင် လှည့်လည်ရောင်းသူ စသည်) | မွေးမြူရေးခြံ၊ စိုက်ခင်း၊ ပင်လယ်၊ မြစ်၊ ဆောက်လုပ်ရေး လုပ်ငန်းခွင် | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | ၈.၉ | ၂၁.၀ | ၇.၂ | ၃.၀ | ၃.၆ | ၅၅.၇ | ၀.၄ | ၁၀၀.၀ |
| **ကျား၊ မ** | | | | | | | | |
| ယောက်ျားလေး | ၇.၆ | ၂၀.၇ | ၆.၃ | ၃.၅ | ၃.၈ | ၅၇.၆ | ၀.၅ | ၁၀၀.၀ |
| မိန်းကလေး | ၁၀.၅ | ၂၁.၄ | ၈.၃ | ၂.၅ | ၃.၄ | ၅၃.၅ | ၀.၄ | ၁၀၀.၀ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | | |
| မြို့ပြ | ၁၄.၂ | ၄၄.၆ | ၂၀.၉ | ၃.၄ | ၃.၆ | ၁၃.၁ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၇.၇ | ၁၅.၂ | ၃.၉ | ၂.၉ | ၃.၆ | ၆၆.၂ | ၀.၆ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | | | | | |
| ၅-၁၁ | ၂၂.၇ | ၂၄.၈ | ၁၁.၉ | ၁.၄ | ၁.၄ | ၃၇.၈ | ၀.၀ | ၁၀၀.၀ |
| ၁၂-၁၄ | ၈.၅ | ၂၁.၈ | ၈.၄ | ၃.၃ | ၄.၅ | ၅၂.၉ | ၀.၆ | ၁၀၀.၀ |
| ၁၅-၁၇ | ၈.၈ | ၂၀.၇ | ၆.၈ | ၂.၉ | ၃.၄ | ၅၆.၉ | ၀.၄ | ၁၀၀.၀ |

အလုပ်လုပ်ကိုင်နေသောကျေးလက်ကလေးများ၏ ၉၆ ရာခိုင်နှုန်းနှင့် အလုပ်လုပ်ကိုင်နေသော မြို့ပြကလေးများ၏ ၈၇ ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး ယောက်ျားလေးနှင့် မိန်းကလေးအများစု (၉၃-၉၅ ရာခိုင်နှုန်း)သည် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါ သည်။

ဇယား ၄၅။ အလုပ်နေရာ ပိုင်ဆိုင်မှုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အစိုးရ/ အများပိုင် | ပုဂ္ဂလိကပိုင် | အခြား | စုစုပေါင်း | အလုပ်လုပ်ကိုင်နေသော ခန့်မှန်းကလေးဦးရေ (အလုပ်နေရာ ပိုင်ဆိုင်မှုကို ဖြေဆိုသော) |
|---|---|---|---|---|---|
| ပြည်ထောင်စု | ၁.၈ | ၉၃.၉ | ၄.၃ | ၁၀၀.၀ | ၁,၂၆၄,၇၁၂ |
| ကျား၊ မ | | | | | |
| ယောကျ်ားလေး | ၁.၉ | ၉၅.၀ | ၃.၁ | ၁၀၀.၀ | ၆၆၇,၇၃၀ |
| မိန်းကလေး | ၁.၆ | ၉၂.၇ | ၅.၇ | ၁၀၀.၀ | ၅၉၆,၉၈၂ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၃.၅ | ၈၆.၆ | ၉.၉ | ၁၀၀.၀ | ၂၅၀,၅၂၂ |
| ကျေးလက် | ၁.၃ | ၉၅.၇ | ၃.၀ | ၁၀၀.၀ | ၁,၀၁၄,၁၉၀ |
| အသက်အုပ်စု (နှစ်) | | | | | |
| ၅-၁၁ | ၀.၀ | ၉၅.၇ | ၄.၃ | ၁၀၀.၀ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၀.၈ | ၉၆.၉ | ၂.၃ | ၁၀၀.၀ | ၂၈၆,၅၁၅ |
| ၁၅-၁၇ | ၂.၁ | ၉၃.၀ | ၄.၉ | ၁၀၀.၀ | ၉၅၆,၂၆၂ |

*မှတ်ချက်။ ပုဂ္ဂလိကလုပ်ငန်းဆိုသည်မှာ အိမ်ထောင်စုများပိုင်ဆိုင်သည့် လုပ်ငန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကပိုင်လုပ်ငန်းအားလုံးကို ကိုယ်စားပြုပါသည်။*

## ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ကလေးလုပ်သားဆိုသည်မှာ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းကလေးများသည် ရည်ညွှန်းကာလအတွင်း အောက်ဖော်ပြပါ လှုပ်ရှားမှုများကို တစ်ခု (သို့မဟုတ်) ထို့ထက်ပို၍ ပါဝင်သူများကို သတ်မှတ်ပါသည်-

- အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သားခိုင်းစေခြင်း၊
- လုပ်ငန်းခွင်သို့ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်၍ အလုပ်လုပ်ကိုင်ခြင်း၊
- အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ၊

အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားတွင် အောက်ပါအချက်များပါဝင်ပါသည် -

- ကျွန်အဖြစ် ပုံစံဖွဲ့စည်းခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ လက်တွေ့ခိုင်းစေခြင်း၊ ဥပမာအားဖြင့် ကလေးများကို ကုန်ပစ္စည်းအဖြစ်ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ်ခိုင်းစေခြင်း၊ အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင်ကလေးများကို အသုံးပြုပြီးခိုင်းစေခြင်း၊
- ပြည့်တန်ဆာလုပ်ငန်းတွင်စေခိုင်းခြင်း(သို့မဟုတ်)ဖျော်ဖြေဖို့ရန်အတွက် ပြည့်တန်ဆာ အဖြစ် ကလေးများကို ဝယ်ယူဈေးပေးခြင်းဖြင့် အသုံးပြုခြင်း၊
- တရားမဝင်လုပ်ငန်းဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ဝယ်ယူရောင်းချရန်အတွက် ကလေးများကို အသုံးပြုခြင်း၊

- အလုပ်၏ သဘောသဘာဝနှင့် အခြေအနေအရသော်လည်းကောင်း၊ ကလေးများ၏ ကျန်းမာရေးဘေးကင်းလုံခြုံမှု (သို့) ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေသောအလုပ်၊

ကလေးများအတွက် အန္တရာယ်ရှိသောအလုပ်ကို ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်-

- ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသော (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုဖြစ်စေသည့် အလုပ်အကိုင်၊
- မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့မဟုတ်) ပိတ်လှောင်ထားသောနေရာများ၊
- အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ (သို့မဟုတ်) လူအားဖြင့် လေးလံသည့်ဝန်စည်များ တင်ချသယ်ယူ ပို့ဆောင်ရသောလုပ်ငန်း၊
- ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ- ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေသော တုန်ခါမှုများ၊ မြင့်မားသောအပူချိန်နှင့် ဆူညံသံများ (သို့မဟုတ်) ဘေးဥပါဒ်အန္တရာယ် သင့်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့မဟုတ်) လုပ်ငန်းအဆင့်ဆင့်၊
- အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့မဟုတ်) ညဉ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့မဟုတ်) ကြောင်းကျိုးမလျော်ညီဘဲ ကလေးသူငယ်များသည် အလုပ်ရှင်၏အဆောက်အဦ ဥပစာအတွင်း ချုပ်နှောင်လုပ်ကိုင်ရခြင်းတို့ကဲ့သို့သော အထူးတလည်ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်တို့ ဖြစ်ပါသည်။

**ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ ဝိသေသလက္ခဏာများ**

ကလေးသူငယ်များ၏ ၉ ရာခိုင်နှုန်း (၁.၁ သန်း) ခန့်သည် ကလေးလုပ်သားများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့တွင် ယောကျ်ားလေး ၀.၆ သန်းနှင့် မိန်းကလေး ၀.၅ သန်းတို့ အသီးသီးရှိကြကြောင်းတွေ့ရှိရပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၇ ခုတွင် ကလေးလုပ်သားရာခိုင်နှုန်းသည် ၉ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်းကြားတွင်ရှိကြောင်းတွေ့ရှိရပါသည်။

ဇယား ၄၆။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးလုပ်သား၊ ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ရာခိုင်နှုန်း | | | | အရေအတွက် | | | |
|---|---|---|---|---|---|---|---|---|
| | ကလေးလုပ်သားစုစုပေါင်း | ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင် နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း | ကလေးလုပ်သား စုစုပေါင်း | ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင် နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း |
| **ပြည်ထောင်စု** | | | | | | | | |
| **ကလေးအားလုံး** | **၉.၃** | **၁.၃** | **၈၉.၅** | **၁၀၀.၀** | **၁,၁၂၅,၆၆၀** | **၁၅၃,၃၇၆** | **၁၀,၈၆၇,၄၂၆** | **၁၂,၁၄၆,၄၆၃** |
| ယောကျ်ားလေး | ၁၀.၀ | ၁.၂ | ၈၈.၇ | ၁၀၀.၀ | ၆၀၁,၄၇၁ | ၇၄,၇၃၇ | ၅,၃၃၄,၂၅၁ | ၆,၀၁၀,၄၅၉ |
| မိန်းကလေး | ၈.၅ | ၁.၃ | ၉၀.၂ | ၁၀၀.၀ | ၅၂၄,၁၉၀ | ၇၈,၆၃၈ | ၅,၅၃၃,၁၇၅ | ၆,၁၃၆,၀၀၄ |
| **မြို့ပြ** | | | | | | | | |
| **ကလေးအားလုံး** | **၇.၁** | **၁.၀** | **၉၁.၉** | **၁၀၀.၀** | **၂၂၁,၉၇၈** | **၂၉,၆၉၃** | **၂,၈၇၀,၅၄၇** | **၃,၁၂၂,၂၁၈** |
| ယောကျ်ားလေး | ၈.၀ | ၁.၀ | ၉၁.၁ | ၁၀၀.၀ | ၁၂၄,၀၄၆ | ၁၅,၄၅၂ | ၁,၄၁၉,၆၆၄ | ၁,၅၅၉,၁၆၂ |
| မိန်းကလေး | ၆.၃ | ၀.၉ | ၉၂.၈ | ၁၀၀.၀ | ၉၇,၉၃၁ | ၁၄,၂၄၂ | ၁,၄၅၀,၈၈၄ | ၁,၅၆၃,၀၅၇ |
| **ကျေးလက်** | | | | | | | | |
| **ကလေးအားလုံး** | **၁၀.၀** | **၁.၄** | **၈၈.၆** | **၁၀၀.၀** | **၉၀၃,၆၈၃** | **၁၂၃,၆၈၃** | **၇,၉၉၆,၈၇၉** | **၉,၀၂၄,၂၄၄** |
| ယောကျ်ားလေး | ၁၀.၇ | ၁.၃ | ၈၇.၉ | ၁၀၀.၀ | ၄၇၇,၄၂၄ | ၅၉,၂၈၇ | ၃,၉၁၄,၅၈၇ | ၄,၄၅၁,၂၉၈ |
| မိန်းကလေး | ၉.၃ | ၁.၄ | ၈၉.၃ | ၁၀၀.၀ | ၄၂၆,၂၅၉ | ၆၄,၃၉၆ | ၄,၀၈၂,၂၉၂ | ၄,၅၇၂,၉၄၇ |
| **၅-၁၁** | | | | | | | | |
| **ကလေးအားလုံး** | **၀.၃** | **၀.၀** | **၉၉.၇** | **၁၀၀.၀** | **၂၀,၉၃၅** | **၀** | **၆,၅၉၁,၇၆၁** | **၆,၆၁၃,၆၉၆** |
| ယောကျ်ားလေး | ၀.၃ | ၀.၀ | ၉၉.၇ | ၁၀၀.၀ | ၈,၄၃၇ | ၀ | ၃,၃၀၂,၉၇၀ | ၃,၃၁၁,၄၀၇ |
| မိန်းကလေး | ၀.၄ | ၀.၀ | ၉၉.၆ | ၁၀၀.၀ | ၁၃,၄၉၉ | ၀ | ၃,၂၈၈,၇၉၁ | ၃,၃၀၂,၂၈၉ |
| **၁၂-၁၄** | | | | | | | | |
| **ကလေးအားလုံး** | **၉.၅** | **၀.၂** | **၉၀.၂** | **၁၀၀.၀** | **၂၈၃,၀၆၀** | **၇,၁၅၆** | **၂,၆၇၈,၆၂၀** | **၂,၉၆၈,၈၃၅** |
| ယောကျ်ားလေး | ၉.၉ | ၀.၃ | ၈၉.၈ | ၁၀၀.၀ | ၁၄၃,၈၂၃ | ၄,၈၉၀ | ၁,၃၀၈,၄၅၃ | ၁,၄၅၇,၁၆၆ |
| မိန်းကလေး | ၉.၂ | ၀.၁ | ၉၀.၆ | ၁၀၀.၀ | ၁၃၉,၂၃၇ | ၂,၂၆၆ | ၁,၃၇၀,၁၆၇ | ၁,၅၁၁,၆၇၀ |
| **၁၅-၁၇** | | | | | | | | |
| **ကလေးအားလုံး** | **၃၂.၀** | **၅.၇** | **၆၂.၃** | **၁၀၀.၀** | **၈၂၀,၆၆၆** | **၁၄၆,၂၂၀** | **၁,၅၉၇,၀၄၆** | **၂,၅၆၃,၉၃၁** |
| ယောကျ်ားလေး | ၃၆.၂ | ၅.၆ | ၅၈.၂ | ၁၀၀.၀ | ၄၄၉,၂၁၁ | ၆၉,၈၄၈ | ၇၂၂,၈၂၈ | ၁,၂၄၁,၈၈၇ |
| မိန်းကလေး | ၂၈.၁ | ၅.၈ | ၆၆.၁ | ၁၀၀.၀ | ၃၇၁,၄၅၅ | ၇၆,၃၇၂ | ၈၇၄,၂၁၈ | ၁,၃၂၂,၀၄၄ |

မြို့ပြနေ ကလေးသူငယ်များ၏ ၇.၁ ရာခိုင်နှုန်း (၂၂၁,၉၇၈) ခန့်သည် ကလေးလုပ်သားများဖြစ်ကြပြီး၊ ၎င်းတို့တွင် ၁၂၄,၀၄၆ သည် ယောကျ်ားလေးများဖြစ်၍ ၉၇,၉၃၁ သည် မိန်းကလေးများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကလေးလုပ်သားစုစုပေါင်း၏ ၇၃ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် ရှိနေကြပြီး၊ ၂၅ ရာခိုင်နှုန်းသည် အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုအတွင်းရှိကြောင်း တွေ့ရှိရပါသည်။ ကလေးလုပ်သားစုစုပေါင်း၏ ၂ ရာခိုင်နှုန်းသာ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ပါဝင်ကြောင်းတွေ့ရှိရပါသည်။

အန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ ၇၅ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများဖြစ်ကြပြီး၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်း အသက်အုပ်စုတွင်အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သားများ သုံးပုံတစ်ပုံပါဝင်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၄၇။ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားနှင့် ကလေးလုပ်သားများ၏အရေအတွက်

| အသက်အုပ်စု | စုစုပေါင်း | | ယောကျ်ားလေး | | မိန်းကလေး | |
|---|---|---|---|---|---|---|
| | အရေအတွက် | % | အရေအတွက် | % | အရေအတွက် | % |
| ကလေးလုပ်သား | | | | | | |
| စုစုပေါင်း | ၁,၁၂၅,၆၆၁ | ၁၀၀.၀ | ၆၀၁,၄၇၁ | ၁၀၀.၀ | ၅၂၄,၁၉၀ | ၁၀၀.၀ |
| ၅-၁၁ | ၂၁,၉၃၅ | ၁.၉ | ၈,၄၃၇ | ၁.၄ | ၈,၄၃၇ | ၁.၆ |
| ၁၂-၁၄ | ၂၈၃,၀၆၀ | ၂၅.၁ | ၁၄၃,၈၂၃ | ၂၃.၉ | ၁၃၉,၂၃၇ | ၂၆.၆ |
| ၁၅-၁၇ | ၈၂၀,၆၆၆ | ၇၂.၉ | ၄၄၉,၂၁၁ | ၇၄.၇ | ၃၇၁,၄၅၅ | ၇၀.၉ |
| အန္တရာယ်ရှိသော ကလေးလုပ်သား | | | | | | |
| စုစုပေါင်း | ၆၁၆,၈၁၅ | ၁၀၀.၀ | ၃၃၇,၃၁၈ | ၁၀၀.၀ | ၂၇၉,၄၉၈ | ၁၀၀.၀ |
| ၅-၁၁ | ၇,၉၄၈ | ၁.၃ | ၃,၂၅၅ | ၁.၀ | ၄,၆၉၃ | ၁.၇ |
| ၁၂-၁၄ | ၁၄၈,၄၄၈ | ၂၄.၁ | ၈၁,၁၃၄ | ၂၄.၁ | ၆၇,၃၁၄ | ၂၄.၁ |
| ၁၅-၁၇ | ၄၆၀,၄၁၉ | ၇၄.၆ | ၂၅၂,၉၂၈ | ၇၅.၀ | ၂၀၇,၄၉၁ | ၇၄.၂ |

## ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သားများ

အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၇.၆ ရာခိုင်နှုန်းခန့်သည် တစ်ပတ် လျှင် ၄၃ နာရီထက်ပိုမို၍ အလုပ်ချိန်များစွာ လုပ်ကိုင်ကြရပြီး ၅ ရာခိုင်နှုန်း ထက်ပိုမိုသော ကလေးသူငယ်များသည် အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့တွင် ယောကျ်ားလေးများ၏ပမာဏသည် မိန်းကလေးများထက် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။

မြို့ပြနေကလေးသူငယ်များထက် ကျေးလက်နေ ကလေးသူငယ်များတွင် ယောကျ်ားလေးများရော မိန်းကလေးများပါ အန္တရာယ်များ၍ ထိခိုက်လွယ်သောလုပ်ငန်းများတွင် လုပ်ကိုင်ကြရပြီး အလုပ်ချိန်လည်း ပိုမိုကြာမြင့်စွာ လုပ်ကိုင်ကြရကြောင်းတွေ့ရှိရပါသည်။

အန္တရာယ်များသော အလုပ်များတွင် အများဆုံးလုပ်ကိုင်နေရသော အသက်အုပ်စုမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း အသက်အုပ်စုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအသက်အုပ်စုအတွင်းရှိ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၁၈% သည် အန္တရာယ်ရှိသော အလုပ်များတွင် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ၂၇ ရာခိုင်နှုန်းသည် အလုပ်ချိန်များပြားစွာ လုပ်ကိုင်ရပြီး၊ ၃၂ ရာခိုင်နှုန်းသည် အခြားကလေးလုပ်သား ပုံစံမျိုးဖြင့် လုပ်ကိုင်နေကြရသည်ကိုတွေ့ရှိရပါသည်။

ဇယား ၄၈။ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားအမျိုးမျိုးတွင် ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | | ခန့်မှန်းကလေး ဦးရေ |
|---|---|---|---|---|---|---|---|
| | | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသူများ | သက်ငယ်အုပ်စုများ အလုပ်လုပ်ခြင်း | ညပိုင်းတွင် အလုပ်လုပ်ခြင်း | အလုပ်ချိန်များစွာ လုပ်ကိုင်ရခြင်း | မည်သည့်ကလေး လုပ်သားမဆို | |
| ပြည်ထောင်စု | ကလေးအားလုံး | ၅.၁ | ၀.၅ | ၀.၃ | ၇.၆ | ၉.၃ | ၁၂,၁၄၆,၄၆၃ |
| | ယောကျ်ားလေး | ၅.၆ | ၀.၆ | ၀.၃ | ၈.၁ | ၁၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၄.၆ | ၀.၅ | ၀.၃ | ၇.၁ | ၈.၅ | ၆,၁၃၆,၀၀၄ |
| ၅-၁၁ | ကလေးအားလုံး | ၀.၁ | ၀.၃ | ၀.၀ | ၀.၀ | ၀.၃ | ၆,၆၁၃,၆၉၆ |
| | ယောကျ်ားလေး | ၀.၁ | ၀.၃ | ၀.၀ | ၀.၀ | ၀.၃ | ၃,၃၁၁,၄၀၇ |
| | မိန်းကလေး | ၀.၁ | ၀.၄ | ၀.၀ | ၀.၀ | ၀.၄ | ၃,၃၀၂,၂၈၉ |
| ၁၂-၁၄ | ကလေးအားလုံး | ၅.၀ | ၁.၅ | ၁.၄ | ၇.၆ | ၉.၅ | ၂,၉၆၈,၈၃၅ |
| | ယောကျ်ားလေး | ၅.၆ | ၁.၇ | ၁.၄ | ၇.၄ | ၉.၉ | ၁,၄၅၇,၁၆၆ |
| | မိန်းကလေး | ၄.၅ | ၁.၃ | ၁.၄ | ၇.၈ | ၉.၂ | ၁,၅၁၁,၆၇၀ |
| ၁၅-၁၇ | ကလေးအားလုံး | ၁၈.၀ | ၀.၀ | ၀.၀ | ၂၇.၀ | ၃၂.၀ | ၂,၅၆၃,၉၃၁ |
| | ယောကျ်ားလေး | ၂၀.၄ | ၀.၀ | ၀.၀ | ၃၀.၄ | ၃၆.၂ | ၁,၂၄၁,၈၈၇ |
| | မိန်းကလေး | ၁၅.၇ | ၀.၀ | ၀.၀ | ၂၃.၉ | ၂၈.၁ | ၁,၃၂၂,၀၄၄ |

ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်၏ ၁၀ရာခိုင်နှုန်းခန့်သည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ကြပါသည်။၎င်းတို့ ၈.၅ ရာခိုင်နှုန်းသည် ကလေးလုပ်သားများဖြစ်ကြပြီး၊ ကလေးလုပ်သားတစ်ဝက်ခန့်သည် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသောကလေးလုပ်သားများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျောင်းလုံးဝတက်ရောက်နိုင်ခြင်းမရှိဘဲ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောအလုပ် လုပ်ကိုင်နေသောကလေးလုပ်သားများအဖြစ် လုပ်ကိုင်ကြရသော ကျေးလက်ဒေသရှိကလေးသူငယ်များ၏ အရေအတွက်သည် မြို့ပြရှိ ကလေးသူငယ်များထက် နှစ်ဆခန့်ရှိကြောင်း တွေ့ရှိရပါသည်။

## ကလေးလုပ်သားနှင့် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ် (MPCE) အဆင့်များ

အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ် အဆင့်မြင့်မားသည့် အိမ်ထောင်စုများတွင် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ပါဝင်မှုသည် ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်သော ကလေးလုပ်သားတွေ့ရှိရမှုသည် အိမ်ထောင်စုလစဉ်အသုံးစရိတ်အဆင့် မြင့်မားလာသည်နှင့်အမျှ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၆၀-၈၀ အကြားရှိသော အိမ်ထောင်စုများတွင် ယောကျ်ားလေးများ၏ အန္တရာယ်ရှိသော လုပ်ငန်းများတွင်လုပ်ကိုင်နေသော ကလေး

လုပ်သားများအဖြစ်နှင့် အခြားကလေးလုပ်သားများအဖြစ်ပါဝင်မှုသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပြီး အခြားအမျိုးအစားများတွင် လေ့လာတွေ့ရှိရသော ယေဘုယျ အခြေအနေနှင့် မတူညီကြပေ။

အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသောကလေးလုပ်သားများပါဝင်မှုသည် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၄၀-၆၀ ကြားတွင် ၆၁.၇ ရာခိုင်နှုန်းနှင့် အိမ်ထောင်စု တစ်လ ပျမ်းမျှ အသုံးစရိတ်အဆင့် ၈၀-၁၀၀ အကြားအဆင့်တွင် ၅၉.၉ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိ ရပါသည်။

ယေဘုယျအားဖြင့် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် နည်းပါးလေလေ ယောကျာ်းလေးများသည် မိန်းကလေးများထက် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားများအဖြစ် ပိုမိုလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၀-၂၀ မှလွဲ၍ ကျန်အဆင့် အားလုံးတွင် ယောကျာ်းလေးများ၏ အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သား ပါဝင်မှုသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား ၄၉။ ငါးကိန်းစုအဆင့်အလိုက် ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း)

| ငါးကိန်းစု တစ်ဦးချင်း လစဉ်ပျမ်းမျှ အသုံးစရိတ်အဆင့် | ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း) | | |
|---|---|---|---|
| | ကလေးများ | ယောကျာ်းလေး | မိန်းကလေး |
| စုစုပေါင်း | ၅၄.၈ | ၅၆.၁ | ၅၃.၃ |
| ၀-၂၀ | ၅၃.၁ | ၅၁.၈ | ၅၅.၀ |
| ၂၀-၄၀ | ၄၈.၀ | ၅၀.၆ | ၄၅.၄ |
| ၄၀-၆၀ | ၆၁.၇ | ၆၃.၄ | ၅၇.၇ |
| ၆၀-၈၀ | ၅၆.၄ | ၅၉.၀ | ၅၂.၉ |
| ၈၀-၁၀၀ | ၅၉.၉ | ၅၉.၈ | ၆၀.၀ |

## ကလေးလုပ်သားများ၏ အခြေအနေ၊ အလုပ်အကိုင်နှင့် လုပ်ကိုင်နေသည့် အဓိကလုပ်ငန်း ကဏ္ဍနှင့် အလုပ်ချိန်နာရီ

လခစား အလုပ်သမား ကလေးသူငယ်များ၏ ၉၀ ရာခိုင်နှုန်း တွင် ၄၈.၂ ရာခိုင်နှုန်းသည် အန္တရာယ်များသော အလုပ်အကိုင် အခြေအနေများတွင် လုပ်ကိုင်ကြရပြီး၊ ၄၂.၁ ရာခိုင်နှုန်းသည် အခြားသော ကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခကြေးငွေမရသောမိသားစုလုပ်သားအဖြစ် လုပ်ကိုင်နေသည့် ကလေးအများစုသည်လည်း အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေတွင် လုပ်ကိုင်နေကြရသူများ ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။

**ဇယား ၅၀။ အလုပ်အကိုင်အခြေအနေများတွင် လုပ်ငန်းခွင်အခြေအနေအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| အလုပ်အကိုင်အခြေအနေ | အလုပ်လုပ်ကိုင်နေသော ကလေးများ ရာခိုင်နှုန်း | | | | ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|
| | အန္တရာယ် ရှိသော အလုပ်တွင် လုပ်ကိုင် နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ် ကိုင်နေသော ကလေး အားလုံး | |
| **စုစုပေါင်း** | ၅.၁ | ၄.၂ | ၉၀.၇ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| အလုပ်သမား | ၄၈.၂ | ၄၂.၁ | ၉.၆ | ၁၀၀.၀ | ၇၂၄,၅၂၁ |
| ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ | ၅၀.၂ | ၃၅.၈ | ၁၄.၀ | ၁၀၀.၀ | ၂၄၇,၃၇၂ |
| အခကြေးငွေမရသော မိသားစုဝင်လုပ်သား | ၄၆.၅ | ၃၇.၅ | ၁၆.၀ | ၁၀၀.၀ | ၃၀၇,၁၄၃ |

ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသည့် ကလေး ၆၃ ရာခိုင်နှုန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် သစ်တောလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသူ ကလေး ၅၄.၆ ရာခိုင်နှုန်းတို့သည်လည်း အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေရသည့်ကလေးလုပ်သားများအဖြစ် ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။

**ဇယား ၅၁။ အဓိကလုပ်ငန်းကဏ္ဍများတွင် အလုပ်လုပ်သောကလေးများ၏ အခြေအနေအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်လုပ်သောကလေးများ၏ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ် လုပ်သော ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|
| | အန္တရာရှိသော လုပ်ငန်းခွင်ရှိ ကလေး လုပ်သား | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော | အလုပ် လုပ်သော ကလေး အားလုံး | |
| **ပြည်ထောင်စု** | ၄၇.၈ | ၄၀.၂ | ၁၂.၀ | ၁၀၀.၀ | ၁,၂၅၁,၅၄၄ |
| လယ်ယာ၊ သစ်တော၊ အမဲလိုက်နှင့် ငါးဖမ်းလုပ်ငန်း | ၅၄.၆ | ၃၃.၇ | ၁၁.၇ | ၁၀၀.၀ | ၇၅၇,၇၆၃ |
| သတ္တုနှင့် တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း | ၄၃.၁ | ၄၉.၂ | ၇.၆ | ၁၀၀.၀ | ၁၀,၅၀၉ |
| ကုန်ထုတ်လုပ်ငန်း | ၄၁.၉ | ၄၇.၇ | ၁၀.၄ | ၁၀၀.၀ | ၁၅၀,၇၀၀ |
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေဖြန့် ဖြူးခြင်းဆိုင်ရာလုပ်ငန်း | ၅၆.၀ | ၀.၀ | ၄၄.၀ | ၁၀၀.၀ | ၄၅၅ |

| နယ်ပယ် | အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|
| | အန္တရာရှိသော လုပ်ငန်းခွင်ရှိ ကလေး လုပ်သား | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော | အလုပ် လုပ်သော ကလေး အားလုံး | |
| ဆောက်လုပ်ရေးလုပ်ငန်း | ၆၃.၄ | ၃၁.၉ | ၄.၆ | ၁၀၀.၀ | ၅၀,၅၆၆ |
| လက်လီ၊ လက္ကားရောင်းဝယ် ရေး၊ စားသောက်ဆိုင်နှင့်ဟိုတယ်လုပ်ငန်း | ၂၇.၄ | ၅၉.၃ | ၁၃.၃ | ၁၀၀.၀ | ၁၃၈,၄၈၅ |
| အိမ်အကူလုပ်ငန်း | ၃၀.၀ | ၅၁.၉ | ၁၈.၁ | ၁၀၀.၀ | ၁၁,၃၇၁ |
| အခြားလုပ်ငန်းများ | ၃၃.၄ | ၄၉.၉ | ၁၆.၆ | ၁၀၀.၀ | ၁၃၁,၆၆၆ |

အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေရသည့် ကလေးလုပ်သားများသည် အရေအတွက်အားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အများဆုံးပါဝင်နေပြီး၊ လျှပ်စစ်နှင့်ဓါတ်ငွေ့ဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံးပါဝင်ကြောင်း တွေ့ရှိရပါသည်။

ကလေးလုပ်သား ၉၂ ရာခိုင်နှုန်းကို အဓိကအလုပ်အကိုင် ၃ မျိုးဖြစ်သည့် ကျွမ်းကျင်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်သား ( ၄၈ ရာခိုင်နှုန်း) ၊ အခြေခံအလုပ်အကိုင်များ (၃၀ ရာခိုင်နှုန်း) နှင့် လက်မှုပညာနှင့်ဆက်စပ်လုပ်ကိုင်သူ (၁၃ ရာခိုင်နှုန်း) တွင်တွေ့ရှိရပါသည်။

**ဇယား ၅၂။ အဓိကအလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ပျံ့နှံ့မှုရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ် သော ကလေး အားလုံး |
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၅.၈ | ၁၇.၄ | ၁၂.၄ | ၁၁.၂ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၄၈.၁ | ၃၉.၄ | ၅၀.၆ | ၄၅.၀ |
| လက်မှုနှင့် ဆက်စပ်ကုန်သွယ်ရေးလုပ်သားများ | ၁၃.၃ | ၁၂.၀ | ၁၅.၂ | ၁၃.၀ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၁.၉ | ၃.၈ | ၂.၄ | ၂.၇ |
| အခြေခံအလုပ်အကိုင်များ | ၃၀.၄ | ၂၆.၀ | ၁၈.၃ | ၂၇.၂ |
| အခြား | ၀.၄ | ၁.၅ | ၀.၇ | ၀.၉ |

ကလေးလုပ်သားများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၅၄.၂၂ နာရီဖြစ်ပြီး တစ်ရက်လျှင် ၉ နာရီအထက် လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်ထိ အသက်အုပ်စုတွင် ၅၅.၂၂ နာရီ၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ အသက်အုပ်စုတွင် ၅၂.၃၃ နာရီ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား ၅၃။ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ

| အသက်အုပ်စု | ယောကျာ်းလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ပြည်ထောင်စု | | | | |
| စုစုပေါင်း | ၅၃.၄၂ | ၅၅.၁၃ | ၅၄.၂၂ | ၁,၁၂၅,၆၆၁ |
| ၅-၁၁ | ၃၀.၇၁ | ၄၇.၃၅ | ၄၀.၉၅ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၅၁.၂၅ | ၅၃.၄၄ | ၅၂.၃၃ | ၂၈၃,၀၆၀ |
| ၁၅-၁၇ | ၅၄.၅၄ | ၅၆.၀၄ | ၅၅.၂၂ | ၈၂၀,၆၆၆ |
| မြို့ပြ | | | | |
| စုစုပေါင်း | ၅၃.၂၁ | ၆၀.၉၉ | ၅၆.၆၄ | ၂၂၁,၉၇၈ |
| ၅-၁၁ | ၁၉.၆၆ | ၃၅.၀၆ | ၂၉.၉၃ | ၈,၂၇၀ |
| ၁၂-၁၄ | ၅၃.၇၈ | ၆၁.၀၆ | ၅၇.၂၀ | ၅၃,၃၈၁ |
| ၁၅-၁၇ | ၅၄.၀၄ | ၆၃.၀၈ | ၅၇.၈၄ | ၁၆၀,၃၂၆ |
| ကျေးလက် | | | | |
| စုစုပေါင်း | ၅၃.၄၇ | ၅၃.၇၈ | ၅၃.၆၂ | ၉၀၃,၆၈၃ |
| ၅-၁၁ | ၃၆.၀၈ | ၅၅.၈၃ | ၄၇.၆၂ | ၁၃,၆၆၅ |
| ၁၂-၁၄ | ၅၀.၆၃ | ၅၁.၇၆ | ၅၁.၁၉ | ၂၂၉,၆၇၈ |
| ၁၅-၁၇ | ၅၄.၆၇ | ၅၄.၄၈ | ၅၄.၅၉ | ၆၆၀,၃၄၀ |

အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးစုစုပေါင်းသည် ၆၁၆,၈၁၅ ဦးဖြစ်ပြီး ၎င်းတို့သည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန် နာရီ ၅၁.၉ နာရီလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ၁၅ နှစ်မှ ၁၇ နှစ်ထိအသက်အုပ်စုနှင့် အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အတွင်းရှိ အလုပ်လုပ်သော ကလေးများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၅၂ နာရီဖြစ်ကြောင်းတွေ့ရှိရပါသည်။ မြို့ပြရှိ အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေကြရသည့် ကလေးသူငယ်များ၏ ၁၇ရာခိုင်နှုန်းသည် ပျမ်းမျှတစ်ပတ်လျှင် ၅၄.၄ နာရီ အထိ လုပ်ကိုင်နေကြရကြောင်းတွေ့ရှိရပါသည်။

ဇယား ၅၄။ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသော ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ

| အသက်အုပ်စု | ယောကျာ်းလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် | နမူနာ အရေအတွက် |
|---|---|---|---|---|---|
| ပြည်ထောင်စု | | | | | |
| စုစုပေါင်း | ၅၁.၃ | ၅၂.၇ | ၅၁.၉ | ၆၁၆,၈၁၅ | ၁,၀၆၉ |
| ၅-၁၁ | ၂၇.၂ | ၄၉.၂ | ၄၀.၂ | ၇,၉၄၈ | ၁၆ |
| ၁၂-၁၄ | ၅၁.၀ | ၅၂.၉ | ၅၁.၉ | ၁၄၈,၄၄၈ | ၂၇၁ |
| ၁၅-၁၇ | ၅၁.၇ | ၅၂.၇ | ၅၂.၂ | ၄၆၀,၄၁၉ | ၇၈၂ |
| မြို့ပြ | | | | | |
| စုစုပေါင်း | ၅၁.၁ | ၅၉.၄ | ၅၄.၄ | ၁၀၅,၄၃၈ | ၂၁၇ |
| ၅-၁၁ | ၂၄.၅ | ၅၆.၀ | ၃၂.၁ | ၁,၄၀၄ | ၄ |

| အသက်အုပ်စု | ယောကျ်ားလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် | နမူနာ အရေအတွက် |
|---|---|---|---|---|---|
| ၁၂-၁၄ | ၅၂.၄ | ၅၉.၇ | ၅၅.၈ | ၂၅,၂၇၂ | ၆၄ |
| ၁၅-၁၇ | ၅၁.၃ | ၅၉.၃ | ၅၄.၃ | ၇၈,၇၆၂ | ၁၄၉ |
| **ကျေးလက် စုစုပေါင်း** | **၅၁.၃** | **၅၁.၆** | **၅၁.၄** | **၅၁၁,၃၇၇** | **၈၅၂** |
| ၅-၁၁ | ၂၈.၅ | ၄၈.၇ | ၄၁.၉ | ၆,၅၄၄ | ၁၂ |
| ၁၂-၁၄ | ၅၀.၇ | ၅၁.၅ | ၅၁.၁ | ၁၂၃,၁၇၆ | ၂၀၇ |
| ၁၅-၁၇ | ၅၁.၈ | ၅၁.၆ | ၅၁.၇ | ၃၈၁,၆၅၈ | ၆၃၃ |

## အခြားသက်ဆိုင်သော ဝိသေသလက္ခဏာများ

မြန်မာနိုင်ငံတွင် အိမ်ထောင်စုအရေအတွက် ၁၁ သန်းနီးပါးရှိသည့် အနက် ၄င်းတို့၏ ၂၈ ရာခိုင်နှုန်းသည် မြို့ပြဒေသတွင် နေထိုင်ကြပြီး၊ ၇၂ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။ ၄င်းအိမ်ထောင်စုများ၏ ၆၀ ရာခိုင်နှုန်းတွင် အနည်းဆုံး ကလေးတစ်ယောက်ရှိပြီး၊ အဆိုပါကလေးရှိသည့် အိမ်ထောင်စုများ၏ ခြောက်တစ်ပုံတစ်ပုံတွင် အနည်းဆုံးအလုပ်လုပ်နေသည့် ကလေးတစ်ဦးရှိကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုများ၏ ၁၂ ရာခိုင်နှုန်းသည် အကြွေးတင်နေကြကြောင်း တွေ့ရှိရပါသည်။

**ဇယား ၅၅။ အလုပ်လုပ်နေသော ကလေးများနှင့် ကလေးတစ်ဦးရှိသော အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

| အိမ်ထောင်စုအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **စုစုပေါင်းအိမ်ထောင်စု အရေအတွက်** | ၁၀,၈၇၇,၈၄၂ | ၃,၀၄၉,၄၃၂ | ၇,၈၂၈,၄၁၀ |
| *အသက် ၁ နှစ်မှ ၁၇ နှစ်အတွင်း ကလေးတစ်ဦးရှိ* | | | |
| - အိမ်ထောင်စုအရေအတွက် | ၆,၄၆၀,၈၈၂ | ၁,၇၂၈,၃၇၃ | ၄,၇၃၂,၅၀၉ |
| - စုစုပေါင်းအိမ်ထောင်စုတွင် ပါဝင်မှုရာခိုင်နှုန်း | ၅၉.၄ | ၅၆.၇ | ၆၀.၅ |
| *အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ* | | | |
| - အိမ်ထောင်စု အရေအတွက် | ၁,၀၇၁,၆၆၀ | ၂၀၂,၄၈၈ | ၈၆၉,၁၇၂ |
| - စုစုပေါင်းအိမ်ထောင်စုတွင် ပါဝင်မှုရာခိုင်နှုန်း | ၉.၉ | ၆.၆ | ၁၁.၁ |
| - ကလေးတစ်ဦးရှိအိမ်ထောင်စုများတွင် ပါဝင်မှုရာခိုင်နှုန်း | ၁၆.၆ | ၁၁.၇ | ၁၈.၄ |

**ဇယား ၅၆။ အကြွေးရှိမှုအခြေအနေအလိုက် အနည်းဆုံးအလုပ်လုပ်သောကလေးတစ်ဦးရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း**

| အိမ်ထောင်စု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | **၉.၉** | **၆.၆** | **၁၁.၁** |
| အကြွေးရှိသော အိမ်ထောင်စု | ၁၂.၀ | ၈.၉ | ၁၂.၆ |
| အကြွေးမရှိသော အိမ်ထောင်စု | ၈.၇ | ၆.၁ | ၁၀.၁ |

ကလေးသူငယ်များ လုပ်ကိုင်နေကြရသည့် အန္တရာယ်ရှိသော အလုပ်အကိုင်များကို လေ့လာကြည့်လျှင် ဖုန်များနှင့်အခိုးအငွေ့များကြောင့် ၄၀ ရာခိုင်နှုန်း၊ အန္တရာယ်ရှိသောစက်

ကိရိယာများကြောင့် ၁၆.၅ ရာခိုင်နှုန်း၊ အပူအအေးပြင်းထန်မှု ၁၁ ရာခိုင်နှုန်းနှင့် ဓာတုဗေဒ ပစ္စည်းများကြောင့် ၉.၅ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၅၇။ လက်ရှိ အဓိကအလုပ်၏ အဓိကလုပ်ငန်းကဏ္ဍများတွင် တွေ့ကြုံရသော အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း**

| လုပ်ငန်းကဏ္ဍ | အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | | |
|---|---|---|---|---|---|---|---|
| | ဖုန်၊ အခိုး၊ ငွေ့ | မီး၊ ဓာတ်ငွေ့၊ မီးတောက်၊ မီးလျှံ | ကျယ်လောင်သော ဆူညံသံ သို့မဟုတ် တုန်ခါမှု | ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန် | အန္တရာယ် ရှိသော စက်ပစ္စည်း ကိရိယာ | မြေအောက် တွင် လုပ်ကိုင်ရခြင်း | အမြင့်တွင် လုပ်ကိုင်ရခြင်း |
| **ပြည်ထောင်စု** | ၄၀.၁ | ၅.၀ | ၄.၇ | ၁၁.၃ | ၁၆.၅ | ၀.၇ | ၂.၇ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၄၉.၀ | ၃.၈ | ၂.၁ | ၁၄.၇ | ၂၀.၆ | ၀.၂ | ၁.၁ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၄၂.၀ | ၂.၈ | ၁၅.၇ | ၂.၀ | ၂၀.၁ | ၃.၃ | ၁.၂ |
| ကုန်ထုတ်လုပ်မှု | ၂၇.၅ | ၇.၇ | ၁၀.၇ | ၆.၇ | ၁၁.၅ | ၁.၁ | ၁.၄ |
| ဆောက်လုပ်ရေး | ၅၀.၂ | ၁.၃ | ၁၃.၆ | ၁၃.၄ | ၁၆.၇ | ၀.၈ | ၃၀.၃ |
| လယ်လီ၊ လက်ကားရောင်းဝယ်ရေး | ၂၃.၄ | ၈.၈ | ၃.၃ | ၁.၀ | ၇.၅ | ၀.၀ | ၀.၀ |
| အခြားလုပ်ငန်းများ | ၁၉.၂ | ၅.၉ | ၉.၃ | ၇.၇ | ၈.၈ | ၃.၄ | ၅.၆ |
| **ခန့်မှန်းဦးရေ** | ၄၉၈,၉၄၀ | ၆၁,၅၈၂ | ၅၇,၈၆၉ | ၁၄၀,၂၂၀ | ၂၀၅,၅၈၀ | ၈,၇၅၉ | ၃၃,၀၇၀ |
| **နမူနာဦးရေ** | ၈၅၃ | ၉၉ | ၁၁၁ | ၂၃၆ | ၃၂၂ | ၁၄ | ၅၉ |

ဇယား ၅၇ (အဆက်)

| လုပ်ငန်းကဏ္ဍ | အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | ရေထဲ/ကန်/ ပင်လယ်/ မြစ်ထဲတွင် လုပ်ကိုင်ခြင်း | အလုပ်နေရာ အလွန် မှောင်ခြင်း သို့မဟုတ် အချုပ် အချယ် နှင့်ထားခြင်း | မလုံလောက်သော လေဝင် လေထွက် | ဓာတုပစ္စည်းများ | ပေါက်ကွဲလွယ်သော | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| **ပြည်ထောင်စု** | ၂.၉ | ၀.၃ | ၀.၄ | ၉.၅ | ၀.၈ | ၈.၇ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၄.၂ | ၀.၄ | ၀.၆ | ၁၄.၃ | ၀.၇ | ၉.၅ |

| လုပ်ငန်းကဏ္ဍ | အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | ရေထဲ/ကန်/ ပင်လယ်/ မြစ်ထဲတွင်လုပ်ကိုင်ခြင်း | အလုပ်နေရာ အလွန်မှောင်ခြင်း သို့မဟုတ် အချုပ်အချယ် နှင့်ထားခြင်း | မလုံလောက်သော လေဝင်လေထွက် | ဓာတုပစ္စည်းများ | ပေါက်ကွဲလွယ်သော | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၀ | ၃.၃ | ၃.၃ | ၀.၀ | ၃.၃ | ၁၇.၃ |
| ကုန်ထုတ်လုပ်မှု | ၀.၃ | ၀.၀ | ၀.၀ | ၄.၁ | ၀.၈ | ၆.၇ |
| ဆောက်လုပ်ရေး | ၀.၂ | ၀.၄ | ၀.၀ | ၁.၅ | ၀.၂ | ၁၉.၆ |
| လယ်လီ၊ လက်ကား ရောင်းဝယ်ရေး | ၀.၂ | ၀.၀ | ၀.၀ | ၀.၅ | ၀.၀ | ၃.၅ |
| အခြားလုပ်ငန်းများ | ၂.၂ | ၀.၃ | ၀.၅ | ၁.၈ | ၁.၇ | ၇.၀ |
| **ခန့်မှန်းဦးရေ** | **၃၅,၇၅၈** | **၃,၆၄၆** | **၅,၂၇၄** | **၁၁၇,၈၅၈** | **၉,၅၂၅** | **၁၀၇,၈၉၀** |
| **နမူနာဦးရေ** | **၆၄** | **၈** | **၁၀** | **၁၇၃** | **၁၈** | **၁၈၇** |

စိုက်ပျိုးရေး၊ သတ္တုတူးဖော်ခြင်း၊ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများသည် ကလေးအများစုကို ဖုန်၊ အခိုးငွေ့၊ အန္တရာယ်ရှိသောစက်ပစ္စည်းများ၊ အပူ၊ အအေးနှင့် ဓာတုဗေဒပစ္စည်းများကိုထိတွေ့စေသည့် အန္တရာယ်ရှိသောအလုပ် လုပ်ကိုင်နေသောကလေးလုပ်သားများ ဖြစ်စေသည့် အဓိကလုပ်ငန်းကဏ္ဍများဖြစ်ကြောင်း တွေ့ရှိရပါသည်။


ယောကျ်ားကလေးများသည် မိန်းကလေးများထက် အန္တရာယ်ရှိသောအလုပ်များကို လုပ်ကိုင်နေကြရကြောင်းတွေ့ရှိရပါသည်။ ကျေးလက်ဒေသရှိ ကလေးသူငယ်များသည် အန္တရာယ်ရှိသော အလုပ်အကိုင်များကို ပိုမိုလုပ်ကိုင်ကြရကြောင်းတွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ အသက်အုပ်စုနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စုများအတွင်းရှိ ကလေးအများစုသည် အန္တရာယ်ရှိသော အလုပ်များကို ပိုမိုလုပ်ကိုင်နေကြရကြောင်းတွေ့ရှိရပါသည်။

အလုပ်လုပ်နေသောကလေးများ၏ ၃.၅ ရာခိုင်နှုန်း သည် လုပ်ငန်းခွင်အတွင်း အတော မသတ် အော်ပြောခြင်း၊ ဆဲဆိုခြင်းများကိုခံနေရကြောင်းတွေ့ရှိရပါသည်။ လွန်ခဲ့သောတစ်နှစ် အတွင်း အလုပ်လုပ်သောကလေးများ၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုရာခိုင်နှုန်းသည် အလွန် နည်းပါးသည်ကို တွေ့ရှိရပါသည်။


ဇယား ၅၈။ လုပ်ငန်းခွင်အတွင်း ချိုးဖောက်ခံရမှုအမျိုးအစားအလိုက် အလုပ်လုပ်သောကလေးများ၏ ရာခိုင်နှုန်း

| နယ်ပယ် | ချိုးဖောက်မှုအမျိုးအစားအလိုက် အလုပ်လုပ်သော ကလေးရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အတောမသတ် အော်ပြောခြင်း | ထပ်ခါ တလဲလဲ ဆဲခြင်း | ရိုက်သည်/ ကိုယ်ခန္ဓာ အနာတရ ဖြစ်စေသည် | ဆန္ဒမရှိသည် များကို ပြုလုပ်သည်/ ထိတွေ့သည် | အခြား |
| ပြည်ထောင်စု | ၂.၇ | ၀.၈ | ၀.၂ | ၀.၂ | ၀.၂ |
| ကျား၊ မ | | | | | |
| ယောကျ်ားလေး | ၂.၉ | ၀.၉ | ၀.၂ | ၀.၂ | ၀.၂ |
| မိန်းကလေး | ၂.၆ | ၀.၆ | ၀.၂ | ၀.၂ | ၀.၂ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၂.၉ | ၀.၆ | ၀.၂ | ၀.၀ | ၀.၀ |
| ကျေးလက် | ၂.၇ | ၀.၈ | ၀.၂ | ၀.၂ | ၀.၃ |

ပုံ-၇။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု



**ပုံ-၈။ အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**



## ၅။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း၏ အဓိကတွေ့ရှိချက်များ

ဤအပိုင်းတွင် စစ်တမ်းမှရရှိသော လူငယ်များ၏ လုပ်ငန်းခွင်ကူးပြောင်းမှု အခြေအနေများကို ဖော်ပြထားပါသည်။

**ဇယား ၅၉။ အဓိကတွေ့ရှိချက်များ**

| နယ်ပယ် | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လူငယ်ဦးရေ (၁၅-၂၉ နှစ်) | ၁၂,၀၁၇,၈၇၀ | ၅,၆၂၄,၃၀၃ | ၆,၃၉၃,၅၆၇ |
| လုပ်သားအင်အား | ၇,၈၅၁,၂၂၅ | ၄,၂၅၉,၄၈၃ | ၃,၅၉၁,၇၄၁ |
| အလုပ်လက်ရှိဦးရေ | ၇,၇၃၈,၇၇၉ | ၄,၂၀၄,၇၆၉ | ၃,၅၃၄,၀၁၁ |
| အလုပ်လက်မဲ့ဦးရေ | ၁၁၂,၄၄၆ | ၅၄,၇၁၅ | ၅၇,၇၃၁ |
| လုပ်သားအင်အားပါဝင်မှုနှုန်း (%) | ၆၅.၃ | ၇၅.၇ | ၅၆.၂ |
| အလုပ်လက်မဲ့နှုန်း (%) | ၁.၄ | ၁.၃ | ၁.၆ |
| စုစုပေါင်းလုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း (%) | ၉.၀ | ၇.၉ | ၁၀.၃ |
| တည်ငြိမ်၍ စိတ်ကျေနပ်မှုရှိသော အလုပ်အကိုင်သို့ ကူးပြောင်းပြီး လူငယ်ဦးရေ | ၅,၉၈၁,၀၃၁ | ၃,၂၀၁,၆၃၅ | ၂,၇၇၉,၃၉၇ |
| ကူးပြောင်းဆဲ လူငယ်ဦးရေ | ၂,၄၁၇,၅၆၃ | ၆၂၇,၀၁၂ | ၁,၇၉၀,၅၅၁ |
| ကူးပြောင်းမှုမစတင်ရသေးသော လူငယ်ဦးရေ | ၃,၆၁၉,၂၇၅ | ၁,၇၉၅,၆၅၆ | ၁,၈၂၃,၆၁၉ |
| တည်ငြိမ်၍ စိတ်ကျေနပ်မှုရှိသော အလုပ်အကိုင်သို့ ကူးပြောင်းပြီး လူငယ်ရာခိုင်နှုန်း (%) | ၄၉.၈ | ၅၆.၉ | ၄၃.၅ |
| ကူးပြောင်းဆဲလူငယ်ရာခိုင်နှုန်း (%) | ၂၀.၁ | ၁၁.၁ | ၂၈.၀ |
| ကူးပြောင်းမှုမစတင်ရသေးသော လူငယ်ရာခိုင်နှုန်း (%) | ၃၀.၁ | ၃၁.၉ | ၂၈.၅ |

### လူငယ်လူဦးရေနှင့် လူပ်ရှားမှုအခြေအနေ

မြန်မာနိုင်ငံရှိစုစုပေါင်းလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် လူငယ်လူဦးရေဖြစ်ပြီး၂၀၁၅ ခုနှစ် အတွင်း လူငယ်လူဦးရေ ၁၂.၁ သန်းရှိမည်ဟု ခန့်မှန်းရပါသည်။ အမျိုးသမီးလူငယ်ဦးရေသည် အမျိုးသားလူငယ်ဦးရေထက် ၀.၇၇ သန်း မြင့်မားကြောင်း တွေ့ရှိရပါသည်။ လူငယ်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်လျက်ရှိပြီး လူငယ်လူဦးရေ၏ ၃၅.၄ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၁၉ နှစ်ကြား လူငယ်များဖြစ်ကြောင်းတွေ့ရှိရပါသည်။ လူငယ်လူဦးရေ၏ ၁၆.၂ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

ဇယား ၆၀။ သက်ဆိုင်ရာနယ်ပယ်များအလိုက် ခန့်မှန်းလူငယ်ဦးရေ

| နယ်ပယ် | ခန့်မှန်းလူငယ်ဦးရေ | | | |
|---|---|---|---|---|
| | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၄,၂၆၀,၀၆၇** | **၃,၉၂၂,၈၀၀** | **၃,၈၃၅,၀၀၃** | **၁၂,၀၁၇,၈၇၀** |
| **မြို့ပြ၊ ကျေးလက်** | | | | |
| မြို့ပြ | ၁,၂၇၆,၅၉၀ | ၁,၂၅၅,၁၂၉ | ၁,၁၇၅,၆၇၁ | ၃,၇၀၇,၃၉၀ |
| ကျေးလက် | ၂,၉၈၃,၄၇၇ | ၂,၆၆၇,၆၇၁ | ၂,၆၅၉,၃၃၂ | ၈,၃၁၀,၄၈၀ |
| **ကျား၊ မ** | | | | |
| ကျား | ၂,၀၄၀,၈၈၃ | ၁,၈၀၉,၁၃၀ | ၁,၇၇၄,၂၉၀ | ၅,၆၂၄,၃၀၃ |
| မ | ၂,၂၁၉,၁၈၃ | ၂,၁၁၃,၆၇၁ | ၂,၀၆၀,၇၁၃ | ၆,၃၉၃,၅၆၇ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | |
| ကချင် | ၁၃၈,၅၃၀ | ၁၁၃,၁၅၁ | ၁၀၁,၉၈၁ | ၃၅၃,၆၆၂ |
| ကယား | ၂၄,၈၀၀ | ၂၅,၁၂၆ | ၂၁,၇၉၁ | ၇၁,၇၁၇ |
| ကရင် | ၁၃၃,၂၀၈ | ၉၂,၈၁၇ | ၉၁,၁၅၃ | ၃၁၇,၁၇၈ |
| ချင်း | ၄၆,၄၃၀ | ၃၂,၄၆၉ | ၂၈,၄၈၂ | ၁၀၇,၃၈၁ |
| စစ်ကိုင်း | ၄၅၉,၂၅၉ | ၃၈၇,၃၁၂ | ၄၄၆,၄၂၃ | ၁,၂၉၂,၉၉၄ |
| တနင်္သာရီ | ၁၂၈,၀၆၃ | ၁၀၃,၂၉၄ | ၁၀၂,၁၀၈ | ၃၃၃,၄၆၅ |
| ပဲခူး | ၄၁၉,၃၁၂ | ၃၅၅,၁၃၉ | ၃၇၉,၄၇၇ | ၁,၁၅၃,၉၂၈ |
| မကွေး | ၃၁၃,၁၄၆ | ၂၇၀,၈၄၃ | ၂၈၈,၀၆၅ | ၈၇၂,၀၅၄ |
| မန္တလေး | ၅၀၉,၇၅၀ | ၅၁၅,၅၄၁ | ၄၈၁,၅၄၇ | ၁,၅၀၆,၈၃၈ |
| မွန် | ၁၆၂,၆၉၉ | ၁၄၁,၆၇၃ | ၁၄၀,၄၆၄ | ၄၄၄,၈၃၆ |
| ရခိုင် | ၁၇၉,၄၀၄ | ၁၅၇,၄၇၂ | ၁၅၄,၀၇၈ | ၄၉၀,၉၅၄ |
| ရန်ကုန် | ၆၄၆,၁၅၃ | ၆၇၆,၆၅၄ | ၆၂၂,၅၀၉ | ၁,၉၄၅,၃၁၆ |
| ရှမ်း | ၅၀၉,၂၄၄ | ၄၈၆,၇၅၇ | ၃၈၀,၁၀၇ | ၁,၃၇၆,၁၀၈ |
| ဧရာဝတီ | ၅၀၀,၆၅၂ | ၄၆၉,၅၈၄ | ၄၉၅,၈၃၃ | ၁၄၆,၆၀၆ |
| နေပြည်တော် | ၈၉,၄၁၆ | ၉၄,၉၇၀ | ၁၀၀,၉၈၄ | ၂၈၅,၃၇၀ |

## လူငယ်များ၏ အိမ်ထောင်ရေးအခြေအနေ

အမျိုးသားလူငယ်လူဦးရေ၏ ၂၆.၉ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၃၃.၄ ရာခိုင်နှုန်းသည် လက်ရှိတွင် အိမ်ထောင်ရှိကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြားရှိ အမျိုးသမီးလူငယ်လူဦးရေ၏ ၆၀.၆ ရာခိုင်နှုန်းသည် လက်ရှိတွင် အိမ်ထောင်ရှိကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၆၁။ လက်ရှိ အိမ်ထောင်ရှိသည့် လူငယ်များ၏ ရာခိုင်နှုန်း

| နယ်ပယ် | လက်ရှိအိမ်ထောင်ရှိသည့် လူငယ်ရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၂၆.၉** | **၃၃.၄** | **၃၀.၄** |
| မြို့ပြ | ၂၂.၆ | ၂၈.၁ | ၂၅.၅ |
| ကျေးလက် | ၂၈.၈ | ၃၅.၈ | ၃၂.၅ |

| နယ်ပယ် | လက်ရှိအိမ်ထောင်ရှိသည့် လူငယ်ရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| အလုပ်သမား | ၃၂.၄ | ၂၅.၀ | ၂၉.၁ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၃၅.၂ | ၃၇.၃ | ၃၆.၂ |
| အလုပ်လက်မဲ့ | ၁၂.၉ | ၂၄.၅ | ၁၉.၁ |
| လုပ်သားအင်အားပြင်ပ | ၆.၂ | ၃၆.၄ | ၂၆.၄ |
| ၁၅-၁၉ | ၂.၀ | ၆.၂ | ၄.၂ |
| ၂၀-၂၄ | ၂၄.၈ | ၃၅.၅ | ၃၀.၆ |
| ၂၅-၂၉ | ၅၇.၆ | ၆၀.၆ | ၅၉.၂ |

## လူငယ်များ၏ ကျောင်းပညာရေးအဆင့်

လူငယ်လူဦးရေ၏ ၅.၅ ရာခိုင်နှုန်းသည် အတန်းပညာမတတ်ကြောင်း တွေ့ရှိရပြီးလူငယ်လူဦးရေ၏ ၁၇.၂ ရာခိုင်နှုန်းသည် အထက်တန်းပညာနှင့်အထက် ပညာရေးအဆင့်တွင်ရှိကြောင်း တွေ့ရှိရပါသည်။ လူငယ်လူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် အလယ်တန်းပညာရေးအဆင့်ပြီးဆုံးခြင်းမရှိဘဲ ကျောင်းမှနှုတ်ထွက်ခဲ့ကြရကြောင်းတွေ့ရှိရပြီး လူငယ်များ၏ ကျောင်းထွက်ရသည့်ပျမ်းမျှအသက်မှာ ၁၃.၃ နှစ်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ပညာရေးအဆင့်နှင့် ကျောင်းထွက်ရသည့်အခြေအနေတွင် ကျား၊ မ အကြားကွာခြားမှု ကြီးကြီးမားမားမရှိသော်လည်း မြို့ပြနှင့် ကျေးလက်ကြားတွင် ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား ၆၂။ လူငယ်များ၏ ပညာရေးအခြေအနေ**

| နယ်ပယ် | ပညာရေးအဆင့်အလိုက် လူငယ်များ၏ ရာခိုင်နှုန်း | | | | | | | | အထက်တန်းအဆင့်ပညာနှင့် အထက် | အထက်တန်းအဆင့်ပညာ အောက် |
|---|---|---|---|---|---|---|---|---|---|---|
| | မတက်ဖူး | အခြေခံပညာ မူလတန်းအောက် | အခြေခံပညာ မူလတန်း | အလယ်တန်းအဆင့်ပညာ | သက်မွေးပညာ လက်မှတ် | အထက်တန်းအဆင့်ပညာ | ဘွဲ့ကြိုဒီပလိုမာ | ဘွဲ့နှင့်အထက် | | |
| ပြည်ထောင်စု | ၅.၅ | ၁၃.၉ | ၃၂.၈ | ၃၀.၃ | ၀.၄ | ၉.၀ | ၂.၄ | ၅.၈ | ၁၇.၂ | ၇၇.၄ |
| ကျား | ၅.၂ | ၁၃.၉ | ၃၂.၅ | ၃၂.၀ | ၀.၄ | ၉.၆ | ၂.၃ | ၄.၁ | ၁၆.၀ | ၇၈.၈ |
| မ | ၅.၈ | ၁၃.၉ | ၃၃.၀ | ၂၈.၈ | ၀.၃ | ၈.၅ | ၂.၄ | ၇.၃ | ၁၈.၂ | ၇၆.၀ |
| မြို့ပြ | ၂.၄ | ၇.၈ | ၂၃.၀ | ၃၆.၀ | ၀.၇ | ၁၃.၅ | ၄.၈ | ၁၁.၈ | ၃၀.၁ | ၆၇.၅ |
| ကျေးလက် | ၆.၉ | ၁၆.၆ | ၃၇.၁ | ၂၇.၇ | ၀.၂ | ၇.၀ | ၁.၃ | ၃.၁ | ၁၁.၄ | ၈၁.၆ |

## ရွှေ့ပြောင်းသွားလာခြင်း

မြို့ပြလူငယ်လူဦးရေ၏ ၂၉ ရာခိုင်နှုန်းနှင့် ကျေးလက်လူငယ်လူဦးရေ၏ ၅.၁ ရာခိုင်နှုန်းသည် ၎င်းတို့လက်ရှိ နေထိုင်ရာဒေသများသို့ ရွှေ့ပြောင်းလာကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြလူငယ်လူဦးရေ၏ ထက်ဝက်ခန့်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် နေပြည်တော်တို့သို့ ရွှေ့ပြောင်းလာကြကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး

အတွင်းရှိ လူငယ်လူဦးရေ၏ ၁၇.၅ ရာခိုင်နှုန်းသည် ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း ရွှေ့ပြောင်းလာကြသူများဖြစ်ပြီး လူငယ်များ ရွှေ့ပြောင်းသွားလာရခြင်းအကြောင်းအရင်းများ အနက်၂၆ ရာခိုင်နှုန်းသည် အလုပ်အကိုင်ကြောင့် ရွှေ့ပြောင်းသွားလာခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ လူငယ်များရွှေ့ပြောင်းသွားလာရခြင်း၏ ၆၈.၅ ရာခိုင်နှုန်းသည် လက်ထပ်ခြင်းနှင့် မိသားစုပြောင်းရွှေ့နေထိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၆၃။ အကြောင်းအရင်းအလိုက် ပြည်တွင်းရွှေ့ပြောင်းသွားလာသူ လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အကြောင်းအရင်းအလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်၊ စီးပွားရေး အခွင့်အလမ်း ရှာဖွေရန် | အလုပ်သစ် စတင်ဝင်ရောက်ရန် | အလုပ် ပြောင်းရွှေ့ | ပညာသင် | လက်ထပ် | မိသားစု ပြောင်းရွှေ့ | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | **၇.၄** | **၁၄.၉** | **၄.၀** | **၃.၄** | **၁၃.၂** | **၅၅.၃** | ၁.၇ | ၁၀၀.၀ |
| ကျား | ၉.၄ | ၁၈.၀ | ၅.၄ | ၂.၄ | ၈.၉ | ၅၄.၂ | ၁.၇ | ၁၀၀.၀ |
| မ | ၅.၇ | ၁၂.၄ | ၂.၉ | ၄.၂ | ၁၆.၇ | ၅၆.၃ | ၁.၇ | ၁၀၀.၀ |
| မြို့ပြ | ၇.၁ | ၁၈.၁ | ၃.၆ | ၄.၂ | ၈.၅ | ၅၆.၇ | ၁.၉ | ၁၀၀.၀ |
| ကျေးလက် | ၈.၁ | ၈.၀ | ၄.၉ | ၁.၆ | ၂၃.၅ | ၅၂.၄ | ၁.၄ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | | | | | |
| ၁၅-၁၉ | ၃.၈ | ၁၇.၁ | ၂.၀ | ၄.၃ | ၃.၈ | ၆၇.၂ | ၁.၉ | ၁၀၀.၀ |
| ၂၀-၂၄ | ၈.၄ | ၁၆.၈ | ၃.၂ | ၄.၉ | ၁၃.၈ | ၅၁.၁ | ၁.၉ | ၁၀၀.၀ |
| ၂၅-၂၉ | ၈.၉ | ၁၁.၈ | ၆.၁ | ၁.၅ | ၁၈.၉ | ၅၁.၃ | ၁.၅ | ၁၀၀.၀ |

## အလုပ်တွင်ပါဝင်မှုအခြေအနေ

အမျိုးသားလူငယ်လူဦးရေ ၇၄.၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ ၅၅.၃ ရာခိုင်နှုန်းသည် အလုပ်လက်ရှိများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်လျက်ရှိသော လူငယ်လူဦးရေ၏ ၆၄.၄ ရာခိုင်နှုန်းတွင် ၃၁.၉ ရာခိုင်နှုန်း သည် အလုပ်သမားများဖြစ်ကြပြီး ၃၂.၅ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေ ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၆၄။ လုပ်သားအင်အားအခြေအနေအလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | လုပ်သားအင်အားအခြေအနေအလိုက် လူငယ်များ၏ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | စုစုပေါင်းအလုပ်လုပ်သူ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပ | စုစုပေါင်း |
| **ပြည်ထောင်စု** | ၃၁.၉ | ၃၂.၅ | ၆၄.၄ | ၀.၉ | ၃၄.၇ | ၁၀၀.၀ |
| ကျား | ၃၇.၃ | ၃၇.၄ | ၇၄.၈ | ၁.၀ | ၂၄.၃ | ၁၀၀.၀ |
| မ | ၂၇.၁ | ၂၈.၂ | ၅၅.၃ | ၀.၉ | ၄၃.၈ | ၁၀၀.၀ |
| မြို့ပြ | ၃၆.၁ | ၂၁.၂ | ၅၇.၄ | ၁.၇ | ၄၀.၉ | ၁၀၀.၀ |
| ကျေးလက် | ၃၀.၀ | ၃၇.၅ | ၆၇.၅ | ၀.၆ | ၃၁.၉ | ၁၀၀.၀ |
| ၁၅-၁၉ | ၂၅.၆ | ၂၁.၀ | ၄၆.၇ | ၀.၈ | ၅၂.၆ | ၁၀၀.၀ |
| ၂၀-၂၄ | ၃၅.၉ | ၃၆.၃ | ၇၂.၂ | ၁.၂ | ၂၆.၆ | ၁၀၀.၀ |
| ၂၅-၂၉ | ၃၄.၈ | ၄၁.၄ | ၇၆.၁ | ၀.၉ | ၂၃.၀ | ၁၀၀.၀ |

အလုပ်လုပ်ကိုင်နေသူ ၄၉.၉ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြပြီး ၂၀.၅ ရာခိုင်နှုန်းသာ စက်မှုကဏ္ဍတွင်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ကျေးလက်လူငယ်လူဦးရေ၏ ၆၅.၅ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

ဇယား ၆၅။ ယေဘုယျလုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | လယ်ယာ | စက်မှု | ဝန်ဆောင်မှု | စုစုပေါင်း |
| **ပြည်ထောင်စု** | ၄၉.၉ | ၂၀.၅ | ၂၉.၆ | ၁၀၀.၀ |
| မြို့ပြ | ၈.၈ | ၃၄.၉ | ၅၆.၃ | ၁၀၀.၀ |
| ကျေးလက် | ၆၅.၅ | ၁၅.၀ | ၁၉.၅ | ၁၀၀.၀ |
| ကျား | ၄၉.၄ | ၂၁.၃ | ၂၉.၃ | ၁၀၀.၀ |
| မ | ၅၀.၅ | ၁၉.၄ | ၃၀.၀ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | |
| ၁၅-၁၉ | ၅၅.၈ | ၂၁.၁ | ၂၃.၁ | ၁၀၀.၀ |
| ၂၀-၂၄ | ၄၈.၅ | ၂၁.၂ | ၃၀.၃ | ၁၀၀.၀ |
| ၂၅-၂၉ | ၄၇.၃ | ၁၉.၃ | ၃၃.၄ | ၁၀၀.၀ |

အလုပ်သမားများ၏ ၄၀ ရာခိုင်နှုန်းသည် ကျွမ်းကျင် စိုက်ပျိုးရေးလုပ်သား၊ ငါးဖမ်းလုပ်သားနှင့်သစ်တောလုပ်သားများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်သမားများ၏ ၂၁ ရာခိုင်နှုန်းသည် အထွေထွေလုပ်သားများအဖြစ် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ ဤစစ်တမ်းတွင် အလုပ်အကိုင်နှင့်လုပ်ငန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ ကျား၊ မ အကြား ခြားနားချက်မရှိကြောင်း တွေ့ရှိရပါသည်။

ဇယား ၆၆။ အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| အလုပ်အကိုင်အုပ်စု | အလုပ်လုပ်သောလူငယ်များ၏ပျံ့နှံ့မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| မန်နေဂျာ | ၀.၃ | ၀.၃ | ၀.၃ |
| ကျွမ်းကျင်ပညာရှင်များ | ၁.၄ | ၄.၃ | ၂.၇ |
| နည်းပညာရှင်နှင့် ဆက်စပ်ကျွမ်းကျင်ပညာရှင်များ | ၁.၇ | ၀.၉ | ၁.၄ |
| ရုံးလုပ်ငန်းဆိုင်ရာအထောက်အကူပြုလုပ်သားများ | ၁.၆ | ၂.၄ | ၂.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၉.၉ | ၁၇.၃ | ၁၃.၃ |
| ကျွမ်းကျင်စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်သားများ | ၄၀.၅ | ၃၉.၁ | ၃၉.၉ |
| လက်မှုပညာနှင့် ဆက်စပ်ရောင်းဝယ်ရေးလုပ်သားများ | ၁၅.၅ | ၁၄.၀ | ၁၄.၈ |
| စက်ရုံနှင့် စက်ကြီးမောင်းနှင့် တပ်ဆင်လုပ်သားများ | ၆.၇ | ၂.၀ | ၄.၆ |
| အထွေထွေလုပ်သား | ၂၂.၂ | ၁၉.၇ | ၂၁.၀ |
| လက်နက်ကိုင်တပ်ဖွဲ့ဝင်များ | ၀.၂ | ၀.၀ | ၀.၁ |
| **စုစုပေါင်း** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

တစ်ပတ်အတွင်း ပျမ်းမျှအလုပ်ချိန်မှာ ၅၂ နာရီဖြစ်ကြောင်းတွေ့ရှိရပါသည်။ အမျိုးသားများ၏ တစ်ရက်ပျမ်းမျှလုပ်ခ/လစာမှာ ၄,၈၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ တစ်ရက်ပျမ်းမျှလုပ်ခ/လစာမှာ ၃,၈၀၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင် သူများ၏ တစ်လပျမ်းမျှဝင်ငွေမှာ အမျိုးသားများသည် ၁၂၄,၂၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများသည် ၁၀၉,၁၀၀ ကျပ် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေသည် လုပ်ခ/လစာရ လုပ်သားများ၏ လစာထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

ဇယား ၆၇။ တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော လူငယ်များ၏ ပျံ့နှံ့မှု ရာခိုင်နှုန်းနှင့် တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ

| နယ်ပယ် | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | | တစ်ပတ် ပျမ်းမျှ အလုပ်ချိန် နာရီ |
|---|---|---|---|---|---|---|---|---|---|
| | ၁-၉ | ၁၀-၁၉ | ၂၀-၂၉ | ၃၀-၃၉ | ၄၀-၄၉ | ၅၀-၅၉ | ၆၀+ | စုစု ပေါင်း | |
| ပြည်ထောင်စု | ၀.၇ | ၁.၄ | ၄.၁ | ၉.၀ | ၂၇.၇ | ၃၀.၃ | ၂၅.၈ | ၁၀၀.၀ | ၅၂.၀ |
| ကျား | ၀.၇ | ၁.၂ | ၃.၃ | ၈.၂ | ၂၆.၈ | ၃၃.၅ | ၂၆.၃ | ၁၀၀.၀ | ၅၂.၇ |
| မ | ၀.၈ | ၁.၆ | ၅.၀ | ၉.၉ | ၂၈.၈ | ၂၈.၇ | ၂၅.၂ | ၁၀၀.၀ | ၅၁.၁ |
| မြို့ပြ | ၀.၈ | ၁.၄ | ၃.၄ | ၈.၀ | ၃၄.၉ | ၂၃.၇ | ၂၇.၉ | ၁၀၀.၀ | ၅၂.၄ |
| ကျေးလက် | ၀.၇ | ၁.၄ | ၄.၄ | ၉.၄ | ၂၅.၀ | ၃၄.၂ | ၂၅.၀ | ၁၀၀.၀ | ၅၁.၈ |

| နယ်ပယ် | | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောလူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | | တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁-၉ | ၁၀-၁၉ | ၂၀-၂၉ | ၃၀-၃၉ | ၄၀-၄၉ | ၅၀-၅၉ | ၆၀+ | စုစုပေါင်း | |
| ၁၅-၁၉ | | ၀.၆ | ၁.၄ | ၃.၉ | ၈.၆ | ၂၇.၈ | ၃၂.၇ | ၂၅.၁ | ၁၀၀.၀ | ၅၂.၂ |
| ၂၀-၂၄ | | ၀.၆ | ၁.၄ | ၄.၃ | ၉.၃ | ၂၈.၂ | ၃၁.၁ | ၂၅.၁ | ၁၀၀.၀ | ၅၁.၈ |
| ၂၅-၂၉ | | ၁.၀ | ၁.၃ | ၄.၀ | ၉.၀ | ၂၇.၃ | ၃၀.၆ | ၂၆.၉ | ၁၀၀.၀ | ၅၂.၁ |
| အလုပ်သမား | လယ်ယာ | ၀.၃ | ၀.၆ | ၃.၅ | ၆.၀ | ၂၃.၄ | ၄၂.၅ | ၂၃.၇ | ၁၀၀.၀ | ၅၃.၂ |
| | စက်မှု | ၀.၆ | ၀.၄ | ၂.၀ | ၃.၅ | ၄၀.၇ | ၂၆.၄ | ၂၆.၄ | ၁၀၀.၀ | ၅၂.၆ |
| | ဝန်ဆောင်မှု | ၀.၃ | ၁.၄ | ၂.၈ | ၉.၁ | ၃၆.၈ | ၂၃.၅ | ၂၆.၂ | ၁၀၀.၀ | ၅၂.၁ |
| | အားလုံး | ၀.၄ | ၀.၈ | ၂.၈ | ၆.၄ | ၃၃.၄ | ၃၀.၉ | ၂၅.၄ | ၁၀၀.၀ | ၅၂.၆ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | လယ်ယာ | ၀.၈ | ၁.၇ | ၅.၂ | ၁၂.၂ | ၂၂.၇ | ၃၅.၅ | ၂၁.၉ | ၁၀၀.၀ | ၅၀.၆ |
| | စက်မှု | ၁.၂ | ၁.၂ | ၃.၉ | ၈.၄ | ၂၆.၄ | ၃၁.၂ | ၂၇.၈ | ၁၀၀.၀ | ၅၂.၁ |
| | ဝန်ဆောင်မှု | ၁.၉ | ၃.၀ | ၆.၅ | ၁၁.၁ | ၁၈.၆ | ၂၁.၆ | ၃၇.၃ | ၁၀၀.၀ | ၅၃.၁ |
| | အားလုံး | ၁.၁ | ၁.၉ | ၅.၄ | ၁၁.၅ | ၂၂.၁ | ၃၁.၈ | ၂၆.၂ | ၁၀၀.၀ | ၅၁.၄ |
| အလုပ်လုပ်သူအားလုံး | လယ်ယာ | ၀.၆ | ၁.၃ | ၄.၆ | ၁၀.၁ | ၂၂.၉ | ၃၇.၉ | ၂၂.၅ | ၁၀၀.၀ | ၅၁.၅ |
| | စက်မှု | ၀.၇ | ၀.၆ | ၂.၅ | ၄.၈ | ၃၆.၉ | ၂၇.၇ | ၂၆.၈ | ၁၀၀.၀ | ၅၂.၅ |
| | ဝန်ဆောင်မှု | ၀.၉ | ၂.၀ | ၄.၃ | ၉.၉ | ၂၉.၅ | ၂၂.၇ | ၃၀.၇ | ၁၀၀.၀ | ၅၂.၅ |
| | အားလုံး | ၀.၇ | ၁.၄ | ၄.၁ | ၉.၀ | ၂၇.၇ | ၃၁.၃ | ၂၅.၈ | ၁၀၀.၀ | ၅၂.၀ |

**ဇယား ၆၈။ အလုပ်သမားနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပျမ်းမျှဝင်ငွေ**

| နယ်ပယ် | လုပ်ခ/လစာရ လူငယ်များ၏ ပျမ်းမျှ တစ်ရက်လုပ်ခ (,၀၀၀) | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် လူငယ်များ၏ တစ်လပျမ်းမျှဝင်ငွေ (,၀၀၀) |
|---|---|---|
| ပြည်ထောင်စု | ၄.၄ | ၁၁၈.၈ |
| မြို့ပြ | ၅.၄ | ၁၃၁.၅ |
| ကျေးလက် | ၃.၈ | ၁၁၃.၄ |
| ကျား | ၄.၈ | ၁၂၄.၂ |
| မ | ၃.၈ | ၁၀၉.၁ |

## အလုပ်မလုပ်၊ ကျောင်းမတက်၊ သင်တန်းတက်ရောက်ခြင်းမရှိသူနှင့် အလုပ်လက်မဲ့

လူငယ်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်နေခြင်းမရှိ၊ အလုပ်လုပ်ကိုင်နေခြင်းမရှိသူများဖြစ်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများမှာ ၂၅.၄ ရာခိုင်နှုန်း၊ အမျိုးသားများမှာ ၇.၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၆၉။ အလုပ်မလုပ်၊ ကျောင်းမတက်၊ သင်တန်းမတက်သည့် (NEET) လူငယ်အရေအတွက်

| နယ်ပယ် | NEET လူငယ် ပါဝင်မှုရာခိုင်နှုန်း | အသက်အုပ်စုအလိုက် NEET လူငယ်ပါဝင်မှုရာခိုင်နှုန်း | | |
|---|---|---|---|---|
| | | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ |
| ပြည်ထောင်စု | ၁၇.၁ | ၁၃.၆ | ၁၈.၂ | ၁၉.၈ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁၉.၃ | ၁၃.၉ | ၂၁.၀ | ၂၃.၁ |
| ကျေးလက် | ၁၆.၁ | ၁၃.၄ | ၁၆.၉ | ၁၈.၃ |
| ကျား၊ မ | | | | |
| ကျား | ၇.၅ | ၉.၉ | ၇.၅ | ၄.၉ |
| မ | ၂၅.၄ | ၁၆.၉ | ၂၇.၄ | ၃၂.၇ |

အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၁.၄ ရာခိုင်နှုန်းသာဖြစ်သော်လည်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု ရာခိုင်နှုန်းမှာ ၉.၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့နှစ်မျိုးပေါင်းသည် ၇.၇ ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၇၀။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုအညွှန်းကိန်းများ

| နယ်ပယ် | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2: အလုပ်လက်မဲ့နှင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား (LU3: အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှုန်း) | အလုပ်လက်မဲ့ (သို့) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (သို့) ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား (LU4: စုစုပေါင်း လုပ်သားအင်အား အပြည့်အဝအသုံး မချနိုင်မှုနှုန်း) |
|---|---|---|---|---|
| ပြည်ထောင်စု | ၁.၄ | ၇.၇ | ၂.၈ | ၉.၀ |
| ကျား | ၁.၃ | ၇.၁ | ၂.၁ | ၇.၉ |
| မ | ၁.၆ | ၈.၃ | ၃.၇ | ၁၀.၃ |
| မြို့ပြ | ၂.၉ | ၇.၆ | ၄.၆ | ၉.၃ |
| ကျေးလက် | ၀.၉ | ၇.၇ | ၂.၂ | ၈.၉ |
| အသက်အုပ်စု (နှစ်) | | | | |
| ၁၅-၁၉ | ၁.၆ | ၈.၆ | ၃.၂ | ၁၀.၁ |
| ၂၀-၂၄ | ၁.၆ | ၇.၇ | ၃.၃ | ၉.၃ |
| ၂၅-၂၉ | ၁.၂ | ၇.၁ | ၂.၂ | ၈.၀ |

အမျိုးသမီးများ၏ အစိုးရအလုပ်ရှာဖွေနေမှုနှုန်းသည် အမျိုးသားများထက်မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့လူဦးရေ၏ ၂၉.၄ ရာခိုင်နှုန်းသည် အစိုးရအလုပ်များကို ရှာဖွေနေကြောင်း တွေ့ရှိရပါသည်။

## အလုပ်အကူးအပြောင်းအခြေအနေ

အမျိုးသားလူငယ်လူဦးရေ၏ ၅၇ ရာခိုင်နှုန်းနီးပါးနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၄၃.၅ ရာခိုင်နှုန်းနီးပါးသည် လက်ခံနိုင်လောက်သည့် အလုပ်များကိုရရှိပြီး အလုပ်ခွင်သို့ ကူးပြောင်းပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးလက်အလုပ်သမားအများစုသည် မြို့ပြ အလုပ်သမားများထက်အလုပ်ခွင်သို့ ကူးပြောင်းပြီးဖြစ်သည်ကိုတွေ့ရှိရပါသည်။စုစုပေါင်းလူငယ် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် အကူးအပြောင်းကာလတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။

**ဇယား ၇၁။ ပညာရေးအဆင့်များတွင် ကူးပြောင်းမှုအဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| ပညာရေးအဆင့် | ကူးပြောင်းမှုအဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကူးပြောင်းပြီး | ကူးပြောင်းဆဲ | ကူးပြောင်းမှု မစတင်ရသေးသော |
| ပြည်ထောင်စု | ၄၉.၈ | ၂၀.၁ | ၃၀.၁ |
| စာမတတ် | ၄၇.၀ | ၁.၉ | ၅၁.၂ |
| အခြေခံအဆင့်အောက် | ၅၈.၆ | ၂၂.၅ | ၁၈.၉ |
| အခြေခံအဆင့် | ၅၂.၅ | ၂၂.၂ | ၂၅.၃ |
| အလယ်တန်းအဆင့် | ၄၅.၆ | ၁၉.၄ | ၃၅.၀ |
| အထက်တန်းအဆင့် | ၄၅.၃ | ၂၃.၅ | ၃၁.၁ |
| ဘွဲ့ကြိုဒီပလိုမာ | ၁၆.၄ | ၈.၂ | ၇၅.၄ |
| ဘွဲ့ရနှင့်အထက် | ၅၈.၂ | ၂၃.၈ | ၁၈.၀ |

ကူးပြောင်းပြီးလူငယ်များအကြားတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပြီး မြောက်ပြီးသူများထက် ပညာရေးနိမ့်ပါးသူများနှင့် ဘွဲ့ရပြီးသူများ အများစုပါဝင်ကြသည်ကိုတွေ့ ရှိရပါသည်။ အကူးအပြောင်းကာလကို စတင်ခြင်းမရှိသေးသော အမျိုးသားလူငယ် လူဦးရေ၏ ၆၅ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူငယ်လူဦးရေ၏ ၃၆.၆ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်နေ သည်ကို တွေ့ရှိရပါသည်။

"ကူးပြောင်းပြီးနှင့် အကူးအပြောင်းကာလ"ရှိ လူငယ်လူဦးရေ၏ ၁၄.၄ ရာခိုင်နှုန်းသည် သာ အတည်တကျရှိသည့် လစာရအလုပ်အကိုင်တွင် လုပ်ကိုင်နေကြပြီး ၅၆.၈ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေကြသူများအဖြစ်သို့ ကူးပြောင်းသွားသည်ကို တွေ့ရှိရပါသည်။ "ကူးပြောင်းပြီးနှင့် အကူးအပြောင်းကာလ"ရှိလူငယ်လူဦးရေ၏ ၈၇.၄ ရာခိုင်နှုန်းသည်အခ ကြေးငွေမရရှိသော မိသားစုလုပ်သား (ကျေနပ်မှုရှိသူ၊ ကျေနပ်မှုမရှိသူ နှစ်မျိုးစလုံးပါဝင် သည်) သို့မဟုတ် အလုပ်မရှာဖွေသူနှင့် ကျောင်းမတက်၊ အလုပ်လုပ်ရန် ဆန္ဒမရှိသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၇၂။ ကူးပြောင်းဆဲ အဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ကူးပြောင်းဆဲ အဆင့်အလိုက် လူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အလုပ်လက်မဲ့ | စိတ်ကျေနပ်မှု မရှိသည့် ယာယီ အလုပ် လုပ်နေသူ | စိတ်ကျေနပ်မှု မရှိသော ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူ | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | **၄.၄** | **၂.၈** | **၅.၄** | **၈၇.၄** | **၁၀၀.၀** |
| ကျား | ၇.၉ | ၆.၆ | ၁၃.၄ | ၇၂.၁ | ၁၀၀.၀ |
| မ | ၃.၂ | ၁.၅ | ၂.၆ | ၉၂.၈ | ၁၀၀.၀ |
| မြို့ပြ | ၆.၈ | ၂.၆ | ၂.၄ | ၈၈.၂ | ၁၀၀.၀ |
| ကျေးလက် | ၃.၁ | ၂.၉ | ၇.၀ | ၈၇.၀ | ၁၀၀.၀ |

မြန်မာနိုင်ငံအတွင်းရှိ ကူးပြောင်းပြီးလူငယ်များသည် အဓိကအားဖြင့် စိတ်ကျေနပ်မှုရှိပြီး တည်မြဲမှုမရှိသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ပြီး စိတ်ကျေနပ်မှုရှိသော အလုပ်လုပ်ကိုင်နေသည့် လူငယ်အများစု၏ အလုပ်အကိုင်အခြေအနေသည် အထွေထွေအလုပ်သမားများဖြစ်သည်ကို တွေ့ရှိရပါသည်။

## ၆။ အစီရင်ခံစာတွင် အသုံးပြုထားသော အဓိပ္ပာယ်သတ်မှတ်ချက်များ

**အိမ်ထောင်စု**- အိမ်ထောင်စုတစ်စုကို လူတစ်ဦး (သို့မဟုတ်) လူတစ်စုသည် အိမ်တစ်အိမ်တည်း (သို့မဟုတ်) ခြံဝင်းတစ်ခုတည်းတွင် အတူတကွနေထိုင်ကြပြီး၊ အိမ်မှုကိစ္စများကို အတူတကွ စီမံခန့်ခွဲ၍ တစ်အိုးတည်းစားသောက်သူများကို ဆိုလိုသည်။ အိမ်ထောင်စုဝင်များသည် တစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်ခြင်း (သို့) လက်ထပ်ခြင်းစသည့် ဆက်သွယ်ချက်ရှိရန် မလိုအပ်ပါ။ အပြန်အလှန်အားဖြင့် အိမ်တစ်အိမ်တည်း (သို့) ခြံဝင်းတစ်ခုတည်းတွင် အတူတကွ နေထိုင်ကြသော သွေးသားတော်စပ်မှု (သို့) လက်ထပ်ခြင်းကြောင့် ဆက်နွယ်မှုရှိသော မိသားစုဝင်များအနေဖြင့် တူညီသောအိမ်ထောင်စုတစ်စုတွင် ပါဝင်ရန်မလိုအပ်ပါ။ အိမ်ထောင်စုဝင်တစ်ယောက်ဟု သတ်မှတ်နိုင်ရန်အတွက် လူတစ်ဦးသည် အခြားအိမ်ထောင်စုဝင်များနှင့်အတူ ၆ လထက်ပို၍ အဆောက်အအုံအတွင်း အတူနေထိုင်ရန် လိုအပ်သည့်အပြင် အခြားအိမ်ထောင်စုတစ်စု၏ အိမ်ထောင်စုဝင်မဖြစ်ရန် လိုအပ်ပါသည်။

**အိမ်ထောင်ဦးစီး**- အိမ်ထောင်စု၏ စားဝတ်နေရေးအတွက် တာဝန်ယူရသော အိမ်ထောင်စုဝင်တစ်ဦးသည် အိမ်ထောင်ဦးစီးဖြစ်ပါသည်။ စစ်တမ်း၏ အဓိပ္ပါယ်သတ်မှတ်ချက်အရ အိမ်ထောင်စုမှ ၆ လထက်ပိုပြီး အဝေးတွင် နေထိုင်သောသူကို အိမ်ထောင်စုဝင်အဖြစ် မသတ်မှတ်သည့်အတွက် ထိုသူအား အိမ်ထောင်ဦးစီးအဖြစ် မသတ်မှတ်ရပါ။ အကယ်၍ အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ထားသူသည် အိမ်၏အဝေးတွင် ရောက်ရှိနေပါက အများအားဖြင့် အိမ်၏တာဝန်များကို တာဝန်ယူသည့် လူပုဂ္ဂိုလ်ကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်မည်ဖြစ်သည်။

**အလုပ်လက်ရှိ**-အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အတွင်းရှိသူများသည် လွန်ခဲ့သော ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ (သို့) အမြတ်အစွန်းတစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် (သို့) ဝန်ဆောင်မှုပေးရန် လုပ်ကိုင်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို လုပ်ကိုင်နေသူများကို ဆိုလိုပါသည်။

- လွန်ခဲ့သော ၇ ရက်အတွင်း အနည်းဆုံးတစ်နာရီခန့် အလုပ်လုပ်ကိုင်ခဲ့သူ
- အလုပ်လုပ်ကိုင်ခြင်း မရှိသော်လည်း အလုပ်မှ ယာယီပျက်ကွက်ခြင်း (သို့) အဆိုင်းဖြင့် လုပ်ကိုင်နေရမှုများ
- အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲ ကူညီလုပ်ကိုင်သူများ

**အလုပ်လက်မဲ့**-လူတစ်ယောက်သည်အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အတွင်းရှိပြီး လက်ရှိ အလုပ်လက်ရှိမဟုတ်သူ၊ သတ်မှတ်ထားသည့် အချိန်ကာလအပိုင်းအခြားအတွင်း အလုပ်

ရရှိရန် ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက လောလောဆယ်တွင် စတင်လုပ်ကိုင်နိုင်မည့် သူများဖြစ်သည်။

**လုပ်သားအင်အား-** အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များသည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။ အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကိုပေါင်းခြင်းသည် လုပ်သားအင်အား ဖြစ်ပါသည်။

**လုပ်သားအင်အားပြင်ပတွင်ရှိသူ-** အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သား အင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

**လုပ်သားအင်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်း-** လုပ်သားအင်အားကို အပြည့်အဝ အသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှုနှင့် လုပ်သားလိုအပ်ချက်များအကြား ညီမျှမှုမရှိခြင်းနှင့် လူဦးရေအတွက်အလုပ်အကိုင်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းကို ဆိုလိုပါသည်။ Labour Underutilization ကို တိုင်းတာသည့်အချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်-

(က) **တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့-** အချိန်ကာလအရ လူတစ်ယောက်သည် သူလုပ်ကိုင် နေသောအလုပ်တွင် အချိန်ပြည့်လုပ်ကိုင်လိုသော်လည်း အလုပ်ချိန် အပြည့်အဝမလုပ်ရခြင်း၊ အလုပ်အခြေအနေကို ပြောင်းလဲလုပ်ကိုင်ရန် ဆန္ဒရှိသူ များကို ရည်ညွှန်းပါသည်။


(ခ) **အလုပ်လက်မဲ့-** အလုပ်အကိုင်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်အကိုင်ကို ရှာဖွေလျက်ရှိပြီး အဆိုပါ အလုပ်လုပ်ကိုင်ရန်အတွက် အဆင်သင့် ရှိနေသူကို ရည်ညွှန်းပါသည်။

(ဂ) **ဖြစ်နိုင်ချေရှိသောလုပ်သားအင်အား-** အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ် ရန် ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန် အခြေအနေကန့်သတ်ချက် ရှိနေခြင်း/ သို့မဟုတ် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

## လုပ်သားအင်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်း တွက်နည်း

| | | | |
|---|---|---|---|
| LU1: | အလုပ်လက်မဲ့နှုန်း | = | အလုပ်လက်မဲ့ဦးရေ / လုပ်သားအင်အား x ၁၀၀ |
| LU2: | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ကို ပေါင်းစပ်ခြင်း | = | (တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ဦးရေ+ အလုပ်လက်မဲ့ဦးရေ) / လုပ်သားအင်အား x ၁၀၀ |
| LU3: | အလုပ်လက်မဲ့နှင့် လုပ်သားအင်အား တွင် ပါဝင်လာနိုင်သည့် လုပ်သားအင်အားကို ပေါင်းစပ်ခြင်း | = | (အလုပ်လက်မဲ့ဦးရေ+ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား) / (ချဲ့ထွင်လုပ်သားအင်အား) x ၁၀၀ |
| LU4: | လုပ်အားကိုအပြည့်အဝ အသုံးမချ နိုင်ခြင်း စုစုပေါင်းအတိုင်းအတာ | = | (တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ဦးရေ+ အလုပ်လက်မဲ့ဦးရေ+ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား) / ချဲ့ထွင်လုပ်သားအင်အား x ၁၀၀ |

**ပုံ-၉။ လုပ်သားအင်အားအခြေအနေပြပုံ**



**အဓိကအလုပ်**- လူတစ်ဦးသည် လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်မှပျက်ကွက်ခဲ့သော်လည်း အလုပ်ချိန်နာရီအများဆုံး အလုပ်လုပ်သော လက်ရှိအလုပ်(သို့) လုပ်ငန်းကို ဆိုလိုသည်။

**ဒုတိယအလုပ်**- ဒုတိယအလုပ်ဆိုသည်မှာ လွန်ခဲ့သော ၇ ရက်အတွင်း လူတစ်ယောက်သည် ယေဘုယျအားဖြင့် သူ/သူမ၏ ဒုတိယအများဆုံးအလုပ်လုပ်ချိန်ဖြင့် ဆောင်ရွက်ခဲ့သော အလုပ်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

**ပုံမှန်အလုပ်အကိုင်/အလုပ်**- အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူများ၏ လွန်ခဲ့သောနှစ်အတွင်း လုပ်ခဲ့သော အဓိကအလုပ် (သို့) လုပ်ငန်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ ပုံမှန်အလုပ်အကိုင်/ အလုပ်သည် အချိန်ကာလကြာရှည်စွာ လုပ်ကိုင်နေသောသူများ၏ ထူးခြားသော အလုပ်အကိုင်ဆောင်ရွက်မှု အခြေအနေဖြစ်ပါသည်။

**အလုပ်သမား**- လူတစ်ယောက်သည် ငွေ (သို့) ပစ္စည်းကို ပုံမှန်လုပ်ခအဖြစ်ရယူပြီး အခြားသူတစ်ဦးတစ်ယောက်အတွက် အလုပ်လုပ်ခြင်း ဖြစ်ပါသည်။ ဤအုပ်စုတွင် ပါဝင်သူများမှာ လစာ/လုပ်ခ ရရှိသူများ၊ လစာရအလုပ်သင်များ၊ ကျပန်းလုပ်သားများနှင့် ပုတ်ပြတ်နှုန်းဖြင့် လုပ်ကိုင်သူများ ဖြစ်ပါသည်။

**အလုပ်ရှင် (သူ/သူမ၏ ကိုယ်ပိုင်လုပ်ငန်းတွင် ပုံမှန်အလုပ်သမားနှင့်လုပ်ကိုင်သူ)**- လူများသည် လုပ်ငန်းကို တစ်ဦးတစ်ယောက်ထဲဖြစ်စေ (သို့) တစ်ဦး (သို့) တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် ပုံမှန်လုပ်ခ/လစာဖြင့် အလုပ်သမားများ ငှားရမ်းဆောင်ရွက်နေသူများကို အလုပ်ရှင်အဖြစ် သတ်မှတ်ပါသည်။

**ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (သူ/သူမ၏ ကိုယ်ပိုင်အလုပ်/ ပုံမှန်အလုပ်သမားမရှိ)**- ကိုယ်ပိုင်လုပ်ငန်းကို ပုံမှန်အလုပ်သမားငှားရမ်းခြင်းမရှိဘဲ လုပ်ကိုင်သူကိုဆိုလိုခြင်း ဖြစ်ပါသည်။

**အိမ်ထောင်စု/ မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲ ကူညီလုပ်ကိုင်သူများ**- ဆွေမျိုးတော်သော သူတစ်ဦးတစ်ယောက်မှ (ပုံမှန်အားဖြင့်တူညီသောအိမ်ထောင်စုတွင်နေထိုင်သည့်လူတစ်ဦး) ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်သည့် လုပ်ငန်း/စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် လုပ်ခ (သို့) လစာရရှိခြင်းမရှိဘဲ အလုပ်လုပ်သည့်သူများကို ဆိုလိုပါသည်။ အဆိုပါသူများအား လုပ်ငန်းပူးတွဲလုပ်ဆောင်သူအဖြစ် မသတ်မှတ်နိုင်ပါ။

**သမဝါယမအမှုဆောင်**- လူတစ်ယောက်သည် သမဝါယမအသင်းတွင် အမှုဆောင်အဖြစ်လုပ်ကိုင်လျက်ရှိပြီး သူ/သူမသည် လုပ်ခ/လစာအနေဖြင့် ရရှိခြင်းမရှိပါ။ သို့သော် သူ/သူမသည် အမြတ်ဝေစုတစ်ခုကိုရရှိပါက သူ/သူမကို သမဝါယမအသင်း၏ အမှုဆောင်အဖြစ် သတ်မှတ်နိုင်မည် ဖြစ်ပါသည်။ သို့သော် သူ/သူမသည် သမဝါယမအမှုဆောင် တစ်ယောက်ဖြစ်ပြီး အမြတ်ဝေစုအပြင် လုပ်ခ/ လစာပါ ရရှိပါက သူ/သူမကို အလုပ်သမားအဖြစ် သတ်မှတ်ရမည် ဖြစ်သည်။

**ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သူ**- လုပ်ခ/လစာဖြင့် လုပ်ကိုင်မှုမှလွဲ၍ အလုပ်ရှင်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ၊ အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲကူညီ လုပ်ကိုင်သူနှင့် သမဝါယမအဖွဲ့ဝင်များ စသည်တို့ကို ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ပါသည်။

**ကလေး (Child )** ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပြဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက် လူတစ်ဦးကို သတ်မှတ်ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သားတိုင်းတာရန်အတွက် ရည်မှန်းချက်ဦးရေမှာ အသက်အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများအားလုံးပါဝင်ပြီး အသက်ကိုတိုင်းတာရာတွင် ကလေး၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား (Child Labour)** ဆိုသည်မှာ တားမြစ်ထားသောအလုပ် ယေဘုယျအားဖြင့် ပြည်တွင်းဥပဒေများအရသော်လည်းကောင်း၊ ILO ၏ အသက်အငယ်ဆုံးပြဌာန်းချက် ၁၉၇၃ ခုနှစ် (အမှတ် ၁၃၈) အရလည်းကောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ ပြဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) အရလည်းကောင်း၊ သက်ဆိုင်ရာ တိုက်တွန်းချက်များဖြစ်သည့် တိုက်တွန်းချက်အမှတ် ၁၄၆ နှင့် ၁၉၀ အရ လူမှုရေးနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ မလိုလားအပ်သည့် အလုပ်များတွင် လုပ်ကိုင်နေသောကလေးများကို ဆိုလိုပါသည်။

ကလေးလုပ်သားအဖြစ်ပါဝင်မည့် ကလေးများသည် အသက် ၅ နှစ်မှ ၁၇ နှစ် အတွင်း ရည်ညွှန်းကာလအတွင်း အောက်ဖော်ပြပါ လှုပ်ရှားမှုများကို တစ်ခု (သို့မဟုတ်) ထို့ထက်ပို၍ ပါဝင်သူများကို သတ်မှတ်ပါသည်-

- အဆိုးဝါးဆုံးပုံစံဖြင့်ကလေးလုပ်သားခိုင်းစေခြင်း၊
- လုပ်ငန်းခွင်သို့ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်၍ အလုပ်လုပ်ကိုင်ခြင်း၊
- အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ၊

**အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သား**တွင် အောက်ပါတို့ ဖွဲ့စည်းပါဝင်ပါသည် -

- ကျွန်အဖြစ် ပုံစံဖွဲ့စည်းခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ လက်တွေ့ခိုင်းစေခြင်း၊ ဥပမာအားဖြင့် ကလေးများကို ကုန်ပစ္စည်းအဖြစ်ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ်ခိုင်းစေခြင်း၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင်ကလေးများကို အသုံးပြုပြီးခိုင်းစေခြင်းပါဝင်ပါသည်။
- ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း (သို့မဟုတ်) ဖျော်ဖြေဖို့ရန်အတွက် ပြည့်တန်ဆာအဖြစ် ကလေးများကို ဝယ်ယူဈေးပေးခြင်းဖြင့် အသုံးပြုခြင်း၊

- တရားမဝင်လုပ်ငန်းဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ဝယ်ယူရောင်းချရန်အတွက် ကလေးများကို အသုံးပြုခြင်း၊
- အလုပ်၏ သဘောသဘာဝနှင့် အခြေအနေအရသော်လည်းကောင်း၊ ကလေးများ၏ ကျန်းမာရေးဘေးကင်းလုံခြုံမှု (သို့) ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေသောအလုပ်၊

ကလေးများအတွက် အန္တရာယ်ရှိသောအလုပ်ကို ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်-

- ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသော (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုဖြစ်စေသည့် အလုပ်အကိုင်၊
- မြေပြင်အောက်၊ ရေပြင်အောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့မဟုတ်) ပိတ်လှောင်ထားသောနေရာများ၊
- အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ (သို့မဟုတ်) လူအားဖြင့် တင်ချသယ်ပို့ ပို့ဆောင်ရသော လေးလံသည့်ဝန်စည်များ ပါဝင်သည့်လုပ်ငန်း၊
- ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ- ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် ထိခိုက်စေသော တုန်ခါမှုများ၊ မြင့်မားသောအပူချိန်နှင့် ဆူညံသံများ (သို့မဟုတ်) ဘေးဥပါဒ်အန္တရာယ် သင့်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့မဟုတ်) လုပ်ငန်းအဆင့်ဆင့်၊
- အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့မဟုတ်) ညဥ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့မဟုတ်) ကြောင်းကျိုးမလျော်ညီဘဲ ကလေးသူငယ်များသည် အလုပ်ရှင်၏ အဆောက်အဦ ဥပစာအတွင်း ချုပ်နှောင်လုပ်ကိုင်ရခြင်းတို့ကဲ့သို့သော အထူးတလည် ခက်ခဲသည့်အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်တို့ ဖြစ်ပါသည်။

**လူငယ်** ဆိုသည်မှာ အသက် ၁၅ နှစ်မှ အသက် ၂၉ နှစ်အတွင်းရှိသူများကို ဆိုလိုပါသည်။

**ကူးပြောင်းပြီးလူငယ်** ဆိုသည်မှာ စိတ်ကျေနပ်မှု ရှိသည်ဖြစ်စေ စိတ်ကျေနပ်မှုမရှိသည်ဖြစ်စေ တည်ငြိမ်သည့်အလုပ်အကိုင်တစ်ခုကို လုပ်ကိုင်နေသူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်လုပ်နေသူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေရသူတို့ကို ဆိုလိုပါသည်။

**ကူးပြောင်းဆဲလူငယ်** ဆိုသည်မှာ စိတ်ကျေနပ်မှုမရှိသည့် ယာယီအလုပ်ကို လုပ်ကိုင်နေသူ သို့မဟုတ်စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ လုပ်ခ/လစာရ အလုပ်တွင်လုပ်ကိုင်သူ သို့မဟုတ် စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ၊ စိတ်ကျေနပ်မှုမရှိသည်ဖြစ်စေ လုပ်ခလစာမရဘဲ မိသားစုလုပ်ငန်းများတွင် လုပ်ကိုင်နေသူ သို့မဟုတ် ကျောင်းတက်ရောက်နေခြင်းမရှိသည့် နောင်တွင် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားသော လုပ်သားအင်အားပြင်ပရှိ အလုပ်လက်မဲ့များ ပါဝင်သည်။

**အကူးအပြောင်းမစတင်ရသေးသည့်လူငယ်** ဆိုသည်မှာ လက်ရှိတွင် ကျောင်းတက်ရောက်နေသူ သို့မဟုတ် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေပြီး ကျောင်း သို့မဟုတ် သင်တန်းတက်ရောက်ခြင်းမရှိသကဲ့သို့ အလုပ်ရှာဖွေနေခြင်း မရှိသူများကို ဆိုလိုပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကူးအပြောင်း ၃ မျိုး၏ အခြေအနေများကို အောက်ပါဇယားကွက်တွင် ဖော်ပြထားပါသည်-

| ကူးပြောင်းပြီးလူငယ် | ကူးပြောင်းဆဲလူငယ် | အကူးအပြောင်းမစတင်ရသေးသည့်လူငယ် |
|---|---|---|
| အလုပ်တစ်ခုခုကို လုပ်ကိုင်နေသောလူငယ်<br>• စိတ်ကျေနပ်မှုရှိသည့် အတည်တကျအလုပ်<br>• စိတ်ကျေနပ်မှုမရှိသည့် အတည်တကျအလုပ်<br>• စိတ်ကျေနပ်မှုရှိသည့် ယာယီအလုပ်<br>• စိတ်ကျေနပ်မှုရှိသည့် ကိုယ်ပိုင်အလုပ် | အခြေအနေ တစ်ခုခုနှင့် ကိုက်ညီသောလူငယ်<br>• စိတ်ကျေနပ်မှုမရှိသည့် ယာယီအလုပ်လုပ်နေသူ<br>• အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်မရှိဘဲ အလုပ်လုပ်နေသူ<br>• စိတ်ကျေနပ်မှုမရှိသည့် ကိုယ်ပိုင်အလုပ်လုပ်နေသူ<br>• စိတ်ကျေနပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခကြေးငွေမရသည့် မိသားစုဝင်လုပ်သား<br>• အလုပ်လက်မဲ့<br>• လှုပ်ရှားမှုမရှိ ကျောင်းတက်မနေသော်လည်း အလုပ်လုပ်ရန် ဆန္ဒရှိသူ | အခြေအနေတစ်ခုခုနှင့် ကိုက်ညီသောလူငယ်<br>• ကျောင်းတက်နေသူ<br>• လှုပ်ရှားမှုမရှိ ကျောင်းသင်တန်းတက်ရောက်မှုမရှိ၊ အလုပ်လုပ်ရန်ဆန္ဒမရှိသူ |

# မြန်မာနိုင်ငံ

## လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ၂၀၁၅ ခုနှစ်

## အနှစ်ချုပ်အစီရင်ခံစာ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ





